www.burmeseclassic.com

မြန်မာပြည်သူတိုင်းသိထားသင့်သော

လေးစားဂုဏ်ယူဖွယ်

# ရဲဘော်သုံးကျိပ်ဝင်

တို့၏

# အတ္ထုပ္ပတ္တိများ

ပန်းဝေဝေ


















BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်ထုတ်ဝေမှုမှတ်တမ်း
အုပ်ရေ
၅၀၀
2000
ပထမအကြိမ်
၂၀၀၄ခုနှစ်၊
ကွန်ပျူတာစာစီနှင့်မျက်နှာဖုံးဒီဇိုင်း
ဆောင်လှုင် (ဆောင်ရကွန်ပျူတာစာစီနှင့်ဒီဇိုင်း)
အတွင်းဖလင်

ထုတ်ဝေသူ
ဒေါ်ခင်မာရီ(ဝန်၀၀၀၀၀၀၀)
၃၆၁၊ ဗိုလ်အောင်ကျော်လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးအောင်မြင့်သိန်း (မြဲ-၀၆၀၃၆၄)
အဓိဋ္ဌာန်မြင့်ပုံနှိပ်တိုက်
အမှတ် - ၁၅၁၊ ၄၃ လမ်း (ထက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
တအုပ်ချုပ်
ဝန်၀၀၀၀

၈၉၅.၈၃
ဝန်၀၀၀၀

ရဲဘော်သုံးကျိပ်ဝင်တို့၏အတ္ထုပ္ပတ္တိများ/
[illegible] ပန်း၀၀၀၀ရန်ကုန်၊ ဝန်၀၀၀၀တ၀၀ ၂၀၀၄
၁၅-တ၊ ၁၈.၅ × ၁၂ စင်တီမီတာ။
(၁) ရဲဘော်သုံးကျိပ်ဝင်တို့၏အတ္ထုပ္ပတ္တိများ

# ရဲဘော်သုံးကျိပ်ဝင်

## တို့၏

# အတ္ထုပ္ပတ္တိများ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | အမှာစကား | ၇ |
| | ရဲဘော်သုံးကျိပ်ဝင်များ | ၁၀ |
| ၁။ | ဗိုလ်ချုပ်အောင်ဆန်း (သခင်အောင်ဆန်း) | ၁၃ |
| ၂။ | ဗိုလ်ချုပ်ကြီးနေဝင်း (သခင်ရှုမောင်) | ၂၇ |
| ၃။ | ဗိုလ်မှူးအောင် (သခင်စံလှိုင်) | ၃၇ |
| ၄။ | သခင်ထွန်းအုပ် | ၄၃ |
| ၅။ | ဗိုလ်မှူးလရောင်(သခင်ဗဂျမ်း) | ၄၉ |
| ၆။ | ဗိုလ်မှူးဗလ (သခင်ထွန်းလွင်) | ၅၅ |
| ၇။ | ဗိုလ်ချုပ်လက်ျာ(သခင်လှဖေ) | ၆၁ |
| ၈။ | ဗိုလ်မှူးရဲထွဋ်(သခင်အောင်သိန်း) | ၆၉ |
| ၉။ | ဗိုလ်မှူးမင်းရောင် (သခင်လှ) | ၇၅ |
| ၁၀။ | ဗိုလ်မှူးဇင်ယော် (သခင်သန်းညွန့်) | ၈၁ |
| ၁၁။ | ဗိုလ်မှူးတာရာ (သခင် ခင်မောင်ဦး) | ၈၇ |
| ၁၂။ | ဗိုလ်မှူးဇေယျ (သခင် လှမောင်) | ၉၃ |
| ၁၃။ | ဗိုလ်မှူးစကြာ (သခင် အောင်သန်း) | ၉၉ |
| ၁၄။ | ဗိုလ်မှူးမြဒင် (သခင်သန်းတင်) (၂) | ၁၀၅ |


www.burmeseclassic.com

www.burmeseclassic.com




| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅။ | ဗိုလ်မှူးမင်းဂေါင် (သခင်စောလွင်) | ၁၁၁ |
| ၁၆။ | ဗိုလ်မှူးဘုန်းမြင့် (သခင်တင်အေး) | ၁၁၉ |
| ၁၇။ | ဗိုလ်မှူးလင်းယုန်(သခင်ထွန်းရွှေ) | ၁၂၅ |
| ၁၈။ | ဗိုလ်မှူးတောက်ထိန် (သခင်စံမြ) | ၁၃၁ |
| ၁၉။ | ဗိုလ်သန်းတင် (သခင်သန်းတင်) | ၁၃၇ |
| ၂၀။ | ဗိုလ်မိုး (သခင်အေးမောင်) | ၁၄၃ |
| ၂၁။ | ဗိုလ်မှူးထိန်ဝင်း (ကိုဆောင်း) | ၁၄၇ |
| ၂၂။ | ဗိုလ်မှူးရန်အောင်(သခင်လှမြိုင်) | ၁၅၅ |
| ၂၃။ | ဗိုလ်မှူးစောနောင်(သခင်သစ်) | ၁၆၁ |
| ၂၄။ | ဗိုလ်မှူးမြင့်ဆွေ(သခင်ထွန်းခင်) | ၁၆၇ |
| ၂၅။ | ဗိုလ်မှူးရန်နိုင်(သခင်ထွန်းရှိန်) | ၁၇၃ |
| ၂၆။ | ဗိုလ်မှူးမြင့်အောင်(သခင်စိုး) | ၁၇၉ |
| ၂၇။ | ဗိုလ်မှူးမိုးညို(သခင်ကျော်စိန်) | ၁၈၃ |
| ၂၈။ | ဗိုလ်မှူးဉာဏ(သခင်မောင်မောင်) | ၁၈၉ |
| ၂၉။ | ဗိုလ်မှူးစောအောင်(သခင်ငွေ) | ၁၉၃ |
| ၃၀။ | ဗိုလ်ကျော်ဇော(ကိုရွှေ) | ၁၉၉ |




## အမှာစကားအနည်းငယ်

( မြန်မာ့လွတ်လပ်ရေးရပြီး ၆၆-နှစ်ကြာသောအခါမှ ရဲဘော်သုံးကျိပ်မှတ်တမ်း )

ကျွန်တော်တို့မြန်မာနိုင်ငံကြီး၏အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲကြီးတွင်အရေးပါသောအခန်းမှ ပါဝင်ခဲ့၍လွတ်လပ်ရေးရပြီး နှစ်ပေါင်း၆၆နှစ်ကြာမှ၍မှတ်တမ်းငယ်ကိုပြုစုရခြင်းသည် နှောင်းခဲ့ပြီဟုပင် ဆိုသင့်ပါသည်။

ရဲဘော်သုံးကျိပ်သည် ကျွန်တော်တို့ တိုင်းပြည်တပ်မတော်ကြီး၏ဖခင်ကြီးဟုဆိုသော် လွန်အံ့မထင်။

ကျွန်တော်တို့မြန်မာနိုင်ငံကြီးသည်တစ်ချိန်သောအခါက ကိုယ့်မင်း ၊ကိုယ့်ချင်း၊ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် နှစ်ပေါင်းများစွာ ရပ်တည်နိုင်ခဲ့သည်မှာအားလုံးအသိပင် မဟုတ်ပါလော။

ကျွန်တော်တို့ တိုင်းပြည်၏ ထီးဆောင်းဘုရင်အချင်းချင်းသင့်မြတ်မှုမရှိခြင်း၊မစည်းလုံးမညီညွတ်ခြင်းကို အကြောင်းပြု၍ နယ်ချဲ့အင်္ဂလိပ်တို့၏ လိမ်လည်လှည့်ဖြားလက်တိုက်ခိုက်ခြင်းကိုခံခဲ့ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်တော်တို့မိဘဘိုးဘွားများသည်ကမ္ဘာ့အလယ်တွင် ထည်ဝါစွာနေထိုင်ရပ်တည်ခွင့်မရရှိကြတော့ဘဲ သူ့ကျွန်ဘဝတွင် ဆုတ်ယုတ်ပျက်စီးခဲ့ကြရသည်။

နယ်ချဲ့အင်္ဂလိပ်တို့သည်မြန်မာလူမျိုးတို့၏ မြေပေါ် မြေအောက်သယံဇာတများနှင့် ရွှေ ၊ ငွေ၊ ကျောက်သံပတ္တမြား၊ ကျွန်းသစ်၊ ဆန်စပါး အထွေထွေတို့ကိုနည်းမျိုးစုံသုံးလျက်ဘုံးပေါလအောသယ်ယူသွားနိုင်ခဲ့ကြသည်။

နယ်ချဲ့အင်္ဂလိပ် တို့ကိုတော်လှန်ခဲ့သောမျိုးချစ်ပုဂ္ဂိုလ်ခေါင်းဆောင်အသီးသီး နှင့် တပ်သားများကို ရက်စက်မှုမျိုးစုံကျင့်သုံးလျက် အနိုင်ကျင့်ရက်စက်ခဲ့သည်မှာ ကမ္ဘာသိဖြစ်ခဲ့သည်။ သို့သော် ရှက်ရမှန်းမသိ။

ဥပမာဆိုရသော် ကျွန်တော်တို့ မြန်မာပြည် မန္တလေးမြို့ကို သိမ်းပိုက်ခဲ့သည်မှာ အင်္ဂလိပ်တပ်သား ၁၀၀၀၀ကျော်နှင့် စစ်သင်္ဘော ၄၇စီးသာ ရှိခဲ့ပြီး နှစ်ပေါင်းများစွာ မျိုးချစ်စိတ်ဖြင့် တွန်းလှန်နေသော ခေါင်းဆောင်နှင့်တပ်သားများကို ၁၀နှစ်ကျော်နှိမ်နင်းခဲ့ရာတွင် ပုလိပ်အင်အားမပါ အင်္ဂလိပ်စစ်သည်ပေါင်း၄၀၀၀၀ကျော်ထားရှိခဲ့ရသည်ဟူ၏။

ထိုမှတစ်ဆင့်ပြီးတစ်ဆင့်ကျွန်တော်တို့မြန်မာမျိုးချစ်



လူကြီးများနှင့်ပညာတတ်လူငယ်များ ခေါင်းဆောင်ခဲ့ကာ စဉ်ဆက်မပြတ် တိုက်ပွဲဝင်ခဲ့ကြသည် ဝိုင်အမ်ဘီအေခေတ်၊ ဂျီစီဘီအေခေတ်၊ ဆရာစံအရေးတော်ပုံ၊ တို့ဗမာအစည်းအရုံး ၁၃၀၀ပြည့်အရေးတော်ပုံ၊ ဗမာ့ထွက်ရပ်ဂိုဏ်းစသည့်စသည့် အဆင့်ဆင့် တော်လှန်မှုများမှ မိနာမိ အဖွဲ့အစည်းနှင့်အတူ ရဲဘော်သုံးကျိပ်ခေတ်ကာလများအထိ မှတ်တမ်းငယ်လေးသာဖြစ်သောကြောင့် အကျယ်တဝင့် ရေးသားတင်ပြနိုင်ခြင်း မရှိပါ ထပ်မံ၍လည်း အကျယ်တဝင့် ရေးသားတင်ပြနိုင်ရန်ကြိုးစားသွားပါမည်ဟု ဝန်ခံကတိပေးရင်း . . .

ဦးကောင်းစံ

www.burmeseclassic.com

www.burmeseclassic.com



## ရဲဘော်သုံးကျိပ်ဝင်များ

မြန်မာပြည်သို့ စစ်ချီထိုးစစ်ကြီးမစတင်မီ ရဲဘော်သုံးကျိပ်တို့၏ မူလနာမည်များကို စစ်သွေးစစ်မာန်တက်စေမည့် အောက်ပါအမည်များသို့ ပြောင်းခဲ့တိုက်ခဲ့ကြသည်။

| | | |
|---|---|---|
| ၁။ သခင်အောင်ဆန်း | - | ဗိုလ်တေဇ |
| ၂။ သခင်ရှမောင် | - | ဗိုလ်နေဝင်း |
| ၃။ သခင်လှဖေ | - | ဗိုလ်လက်ျာ |
| ၄။ သခင်လှမောင် | - | ဗိုလ်ဇေယျ |
| ၅။ သခင်အောင်သန်း | - | ဗိုလ်စကြာ |
| ၆။ သခင်စံလှိုင် | - | ဗိုလ်အောင် |
| ၇။ သခင်ထွန်းအုပ် | - | (ဗိုလ်ဘွဲ့မခံ) |
| ၈။ ကိုထွန်းရှိန် | - | ဗိုလ်ရန်နိုင် |
| ၉။ သခင်လှမြိုင် | - | ဗိုလ်ရန်အောင် |
| ၁၀။ ကိုရွှေ | - | ဗိုလ်ကျော်ဇော |
| ၁၁။ သခင်အောင်သိန်း | - | ဗိုလ်ရဲထွဋ် |
| ၁၂။ သခင်ဗဂျမ်း | - | ဗိုလ်လရောင် |
| ၁၃။ သခင်တင်အေး | - | ဗိုလ်ဖုန်းမြင့် |
| ၁၄။ သခင်ထွန်းခင် | - | ဗိုလ်မြင့်ဆွေ |



| | | |
|---|---|---|
| ၁၅။ သခင်စံမြ | - | ဗိုလ်တောက်ထိန် |
| ၁၆။ ကိုလှ | - | ဗိုလ်မင်းရောင် |
| ၁၇။ သခင်စောလွင် | - | ဗိုလ်မင်းခေါင် |
| ၁၈။ သခင်ကျော်စိန် | - | ဗိုလ်မိုးညို |
| ၁၉။ သခင်သစ် | - | ဗိုလ်စောနောင် |
| ၂၀။ သခင်ခင်မောင်ဦး | - | ဗိုလ်တာရာ |
| ၂၁။ သခင်ထွန်းလွင် | - | ဗိုလ်ဗလ |
| ၂၂။ သခင်သန်းညွန့် | - | ဗိုလ်ဇင်ယော် |
| ၂၃။ သခင်ထွန်းရွှေ | - | ဗိုလ်လင်းယုန် |
| ၂၄။ သခင်သန်းတင် | - | ဗိုလ်မြဒင် |
| ၂၅။ သခင်ငွေ | - | ဗိုလ်စောအောင် |
| ၂၆။ သခင်မောင်မောင် | - | ဗိုလ်ဉာဏ |
| ၂၇။ သခင်အေးမောင် | - | ဗိုလ်မိုး |
| ၂၈။ သခင်စိုး | - | ဗိုလ်မြင့်အောင် |
| ၂၉။ ကိုဆောင်း | - | ဗိုလ်ထိန်ဝင်း |
| ၃၀။ သခင်သန်းတင်(မော်လမြိုင်) | - | ဗိုလ်သန်းတင် |

(ဗိုလ်ဘွဲ့မခံမီဖော်မိုဆာကျွန်းတွင် ကွယ်လွန်ယခုသော်ကား သူတို့အားလုံးကွယ်လွန်ခဲ့လေပြီတကား။

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်ချုပ်အောင်ဆန်း (သခင်အောင်ဆန်း)

## ဗိုလ်ချုပ်အောင်ဆန်း (သခင်အောင်ဆန်း)
## (၁၉၁၅-၁၉၄၇)

မြန်မာပြည်ကြီး၏ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို မကွေးခရိုင်၊ နတ်မောက်မြို့၊ တောင်ရွာကြီး၌ ၁၉၁၅-ခုနှစ်၊ ဖေဖော်ဝါရီလ(၁၃)ရက်၊ စနေနေ့တွင် ဖခင်ဦးဖါ၊ မိခင်ဒေါ်စုတို့မှမွေးဖွားခဲ့သည်။မွေးချင်း၉ယောက်ရှိခဲ့ပြီး အငယ်ဆုံးသားဖြစ်သည် ဇာတာအမည်မှာမောင်ထိန်လင်းဖြစ်သော်လည်း အစ်ကိုဖြစ်သူ အောင်သန်းအမည်ကို လိုက်၍ အောင်ဆန်းဟုအလွယ်ခေါ်ဆိုရာမှ ထိုအမည်တွင်ခဲ့ခြင်းဖြစ်သည်။

မောင်ထိန်လင်း၏မိခင်ဘက်မှအဘိုးဖြစ်သူမှ သီပေါ်

www.burmeseclassic.com

www.burmeseclassic.com



မင်း ပါတော်မူခဲ့စဉ် တစ်နိုင်ငံလုံး မျိုးချစ်စိတ်ဓာတ်အပြည့်နှင့် ရရာလက်နက်စွဲကိုင်၍ တော်လှန်ခဲ့ကြစဉ်က နတ်မောက်မြို့ လုလင်နယ်မှရွှေလရောင်အမည်ခံယူခဲ့ကာနယ်ချဲ့အင်္ဂလိပ်ကို ခုခံတိုက်ခိုက်ခဲ့သူ မျိုးချစ်ခေါင်းဆောင်ကြီးတစ်ဦးဖြစ်သူ မြို့ လုလင်သူကြီး ဦးမင်းရောင်ဖြစ်သည်။ မြန်မာစကားပုံအတိုင်း မောင်အောင်ဆန်းသည် ဘမျိုး ဘိုးတူဟုဆွေမျိုးများမှ အစဉ်အဆက်ပြောဆိုခဲ့ကြသည်။

မောင်ထိန်လင်းငယ်ဘဝကား အနည်းငယ် ထူးခြား၏။ စိတ်နှလုံး အထူးဖြောင့်စင်းကြသည်။ စကားတည်သည်၊ အပိုမပြောတတ်ပေ။ အမူအရာသည်ကြမ်းသည်ဟူ၏။

မောင်ထိန်လင်းအသက်၈နှစ်အရွယ်တွင်နတ်မောက်မြို့ ဒီပင်ရာကျောင်းဘကြီးဘုန်းကြီးဦးသောဘိတ၏ မြန်မာစာသင်ကျောင်း၌ စတင်ပညာသင်ကြားခဲ့သည်၊စာတော်သည် စကားနည်းသည်။ ကစားခုန်စားတွင်လည်း ကြမ်းတမ်းသော ကစားနည်းမျိုးကို နှစ်သက်သည်။ မှန်သည်ထင်လျှင် စိတ်ထဲရှိသည့်အတိုင်း ဘုန်းကြီးမကြောက် ၊ လူကြီးမကြောက် ပြန်ပြောဆိုတတ်၏။ မောင်အောင်ဆန်းဟုလည်း နာမည်တွင်လာခဲ့သည်။



အသက်၁၃နှစ်အရွယ်တွင်အစ်ကိုဖြစ်သူဦးဘဝင်းနှင့် အတူလိုက်ပါခဲ့ပြီးရေနံချောင်းမြို့ အမျိုးသားကျောင်းသို့ပြောင်းရွှေ့ပညာသင်ကြားခဲ့သည်။ စာတော်သူဖြစ်ရကား၁၉၃၀ပြည့်နှစ် အစိုးရစစ် သတ္တမတန်းစာမေးပွဲတွင် တစ်နိုင်ငံလုံး နဝမ၊ ဗုဒ္ဓဘာသာစာသင်ကျောင်းများနှင့် အမျိုးသားကျောင်းများ ၌ ပထမဆုများရရှိသည်။ ဦးရွှေခိုဆုနှင့်အတူအစိုးရစကောလားရှစ် ပညာသင်ဆု တစ်လ ၁၀/ကျပ် သုံးနှစ်ဆက်တိုက် ရခဲ့သည်။ ၁၉၃၂ခုနှစ် ဆယ်တန်း စာမေးပွဲတွင်လည်း ဂုဏ်ထူးပါဠိဘာသာဖြင့် အောင်မြင်ခဲ့သည်။

၁၉၃၂ ခုနှစ် မှ ၁၉၃၈ခုနှစ်များတွင် ကိုအောင်ဆန်းဘဝနှင့် ရန်ကုန်တက္ကသိုလ်၌ ပညာ ဆက်လက်သင်ယူခဲ့သည်။ နိုင်ငံရေးများကို စိတ်ပါဝင်စားမှု များပြားလာသောကြောင့်(ဘီအေ) အတန်းအောင်ရုံသာရှိခဲ့သည်။ ၁၉၃၇ ခုနှစ်တွင်ဝိဇ္ဇာဘွဲ့ ရရှိသည်။ ၁၉၃၇၊၃၈ ခုနှစ်များတွင် ဥပဒေပညာ ဆက်လက် ဆည်းပူးသည်။ တက္ကသိုလ်ပညာ သင်ယူနေစဉ်ကာလအတွင်း 'တကသအမှုဆောင် ပြန်ကြားရေးတာဝန်၊ အိုးဝေမဂ္ဂဇင်းအယ်ဒီတာ၊ တကသဒုတိယဥက္ကဋ္ဌ၊ ပဲခူးဆောင်သဟာယနှင့်စာဖတ်အသင်းဥက္ကဋ္ဌ၊ ဗကသဥက္ကဋ္ဌတာဝန်များ

www.burmeseclassic.com

www.burmeseclassic.com



ထမ်းဆောင်ခဲ့သည်။

ထိုကာလများတွင် စာပေရေးသားမှုလည်း စတင်ခဲ့ပြီး ၁၉၃၃ ခုနှစ်ဂန္ထလောကမဂ္ဂဇင်းဘာသာပြန်ပြိုင်ပွဲ အမှတ် (၄၁)တွင် ပဲခူးကဝေ အမည်ဖြင့် ဘာသာပြန်ဆု ရရှိခဲ့သည်။ သူရိယမဂ္ဂဇင်းတွင်လည်း အညာသားလေးအမည်ဖြင့်**မင်းကြီး ဦးမင်းရောင်** ဆောင်းပါးကို ရေးသားခဲ့သည်။ စာပေရေးသားမှု ကိုလည်းအထူးဝါသနာပါခဲ့သည်။ ၁၉၃၆ ခုနှစ်အိုးဝေမဂ္ဂဇင်း ၌ အယ်ဒီတာ အဖြစ် ဆောင်ရွက်နေစဉ်အတွင်း ထိုမဂ္ဂဇင်းပါ**ငရဲခွေးကြီးလွတ်နေပြီ** ပေးစာရေးသူအမည်ကိုကျောင်းအာဏာပိုင်များမှ ထုတ်ဖော်ပြောရန် တောင်းဆိုခဲ့သည်။ ကိုအောင်ဆန်းတို့မှ ထုတ်ဖော်မပြောခဲ့သဖြင့် ကိုအောင်ဆန်းကျောင်းထုတ်ခံခဲ့ရသည်။

၁၉၃၆ခုနှစ်ကျောင်းသားသပိတ်ကြီး ပေါ်ပေါက်လာခဲ့သည်။ ထိုသပိတ်ကြီးတွင်ကိုအောင်ဆန်းသည်ကျောင်းသားများကောင်စီ ပြန်ကြားရေးတာဝန်ခံ အဖြစ်တာဝန်ယူခဲ့သည်။ ထိုသပိတ်နိုင်ခဲ့သည်။ ၁၉၃၆ ခုနှစ် မေလ(၈)ရက်နေ့ရန်ကုန်မြို့ဂျူဗလီဟော၌ ဗကသအဖွဲ့ကြီးတည်ထောင်ခဲ့ရာ၊ တည်ထောင်သူတစ်ဦးအဖြစ်ပါဝင်ခဲ့သည်။



ထိုမှ ကိုအောင်ဆန်းသည် လူသိနည်းသောကျောင်းသားကျောင်းသားဘဝ မှမြန်မာတစ်နိုင်ငံလုံးသိကျောင်းသားဘဝသို့ ရောက်ရှိခဲ့သည်။ ထိုနှစ်မေလ(၂၀)ရက်နေ့ တွင် ရွှေတိဂုံစေတီတော်ခြေရင်းရှိ ဦးအေးမောင်ဇရပ်၌ အမျိုးသားတက္ကသိုလ်တည်ထောင်ရေးအတွက်ဆပ်ကော်မတီဖွဲ့စည်းရန် အစည်းအဝေး ကျင်းပသောအခါကိုအောင်ဆန်းသည်အကျိုးဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၃၇ ခုနှစ် မေလ(၉)ရက်နေ့နှင့်(၁၀)ရက်နေ့ တွင် မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ၏ ဒုတိယအကြိမ်ကွန်ဖရင့်ကို မန္တလေးမြို့အမျိုးသားအထက်တန်းကျောင်း၌ကျင်းပရာ ထိုပွဲသို့ကိုအောင်ဆန်းတက်ရောက်ခဲ့သည် ထိုပွဲသို့အိန္ဒိယခေါင်းဆောင်ကြီးဂျဝါဟာလာနေရူးတက်ရောက်ခဲ့၍အခမ်းအနားဖွင့်ပေးခဲ့သည်။

ထိုကွန်ဖရင့်တွင် ကော်မတီဝင်ဝန်ကြီးများပါဝင်ခဲ့ပြီး ဆော်အောသူအဖြစ်ကိုအောင်ဆန်းဆောင်ရွက်ခဲ့ပြီး(၈)ရက်တိုင်ဆွေးနွေးခဲ့၏။မြူဘူးကော်မတီအစီရင်ခံစာကိုဝေဖန်ကာ၊ တက္ကသိုလ်ပြင်ဆင်ရေးကော်မတီမှတ်တမ်းကို တင်သွင်းခဲ့သည်။

၁၉၃၆-၃၇ ခုနှစ်တွင်ကျောင်းသို့ပြန်လာ၍သင်အောစီ

www.burmeseclassic.com

www.burmeseclassic.com



နီယာတန်းကိုပဲခူးဆောင်၊အခန်းအမှတ်(၁၁၃)တွင် ဆက်လက်နေထိုင်ကာတက်ရောက်သင်ကြားခဲ့သည်၊ထိုနှစ်တွင်ပဲခူးဆောင်သဟာယအသင်း၌ကိုအောင်ဆန်းအမှူးပြုသောကျောင်းသားများ၊ အမှုဆောင်များအဖြစ် ပြိုင်ဘက်မရှိအရွေးခံခဲ့ရသည်။ ပဲခူးဆောင်သဟာယနှင့်စာဖတ်အသင်းတွင် ကိုအောင်ဆန်းဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်၊ထိုနှစ်မှာပင်တက္ကသိုလ်သမဂ္ဂတွင် ဒုတိယဥက္ကဋ္ဌအဖြစ် အရွေးခံခဲ့ရသည်။

၁၉၃၇-၃၈ခုနှစ်များတွင်ဘီအယ်လ်အတန်းကို တက်ရောက်သင်ယူခဲ့သည်။ ထိုနှစ်မှာပင်ကိုအောင်ဆန်းသည်မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုနှစ်မှစ၍ ကိုအောင်ဆန်းသည် နိုင်ငံရေးကိုစူးစိုက်စွာ စိတ်ဝင်စားလာခဲ့သည်။ ကျောင်းသားများကိုလည်း နိုင်ငံရေး စိတ်ဓာတ် ဖွံ့ဖြိုးတိုးတက်လာအောင်လည်းစည်းရုံးနှိုးဆော်ခဲ့သည်။

ထိုခေတ်ပညာတတ်လူကြီး၊လူငယ်များမှပင်ကိုအောင်ဆန်းသည်စာများကိုအင်္ဂလိပ်ဘာသာ၊မြန်မာဘာသာများကျွမ်းကျင်စွာရေးသားနိုင်သည်ဟုယုံကြည်ကြသည်မိတ်ဆွေချင်းအမှတ်တရစာများကိုအင်္ဂလိပ်လိုရေးသားလေ့ရှိပြီး အင်္ဂလိပ်စကား



ပြောကိုလည်းအထူးတလည်ကောင်းမွန်အောင်လေ့ကျင့်ခဲ့သည်ဟု အသိအမှတ်ပြုခဲ့ကြသည်။

တက္ကသိုလ်ကျောင်းသား ဘဝကပင် စာပေရေးသားမှုကိုအင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာနှစ်မျိုးစလုံးဖြင့် တက္ကသိုလ်ကျောင်းသားမဂ္ဂဇင်း၊ အိုးဝေမဂ္ဂဇင်း၊ ဂန္ထလောကမဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်း၊ မျိုးညွန့်မဂ္ဂဇင်း၊ ရန်ကုန်ဂေဇက်သတင်းစာ၊ နယူးဘားမားသတင်းစာ၊ မန္တလေးသူရိယသတင်းစာတို့၌ ဝင်ရောက်ရေးသားခဲ့ပြီးအချိန်ပိုင်းအယ်ဒီတာလုပ်ခဲ့ဘူးသည်။

တက္ကသိုလ် ကျောင်းသားများ မျိုးချစ်စိတ်ရှိကြရန်၊ ကျွန်ပညာရေးကို တိုက်ဖျက်ရန်၊ မကြောက်သင့်သည့်နေရာကြောက်၊ မရဲသင့်သည့်နေရာ ရဲနေခြင်းများ ဖျောက်ကြရန်၊ နိုင်ငံခြားသားများကိုအထင်မကြီးမကိုးကွယ်မိစေရန်ရည်ရွယ်လျက်ဆောင်းပါးများရေးလေ့ရှိခဲ့သည်။

တက္ကသိုလ်ကျောင်းသားဘဝမှ နိုင်ငံရေးဘက်သို့ကူးခဲ့၏။ တိုင်းပြည်လွတ်လပ်ရေးအတွက်၁၉၃၉ ခုနှစ်မတိုင်မီကပင် တို့ဗမာအစည်းအရုံးဝင် အဖြစ်ခံယူလျက် သခင်အောင်ဆန်းအဖြစ်နာမည်စာရင်းသွင်းခဲ့၏၊သခင်အောင်ဆန်းတို့ဗမာအစည်းအရုံးသို့ဝင်သည့်၁၉၃၈ခုနှစ်တွင်တကသဥက္ကဋ္ဌဟောင်း

www.burmeseclassic.com

www.burmeseclassic.com



ကိုနု (ဝန်ကြီးချုပ်ဟောင်းဦးနု) နှင့် သခင်သန်းထွန်း(တောခိုကွန်မြူနစ်ခေါင်းဆောင်) တို့သည်လည်း တို့ဗမာအစည်းအရုံးသို့ ဝင်ခဲ့ကြပြီး မိမိတို့၏နာမည်ရှေ့မှ သခင်နာမည်တပ်ခဲ့ကြ၏၊ ထိုနှစ်တွင်ပင်သခင်အောင်ဆန်းကိုတို့ဗမာအစည်းအရုံး၏ အထွေထွေအတွင်းရေးမှူးအဖြစ်တင်မြှောက်ခြင်းခံခဲ့ရသည်။

တို့ဗမာ အစည်းအရုံးအတွင်းရေးမှူးအဖြစ်ဆောင်ရွက်နေစဉ် သခင်အောင်ဆန်း၏ကိုယ်ပိုင်လမ်းစဉ်မှာအလုပ်သမား၊ လယ်သမားလူတန်းစားတို့၏ဘဝအဆင့်အတန်းမြှင့်မားရေးကို အခြေခံ၍နယ်ချဲ့ဆန့်ကျင်ရေး၊အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲဝင်ရန်အတွက် တို့ဗမာအစည်းအရုံး၏တိကျပြတ်သားသော လမ်းစဉ်တစ်ရပ်ကို သခင်အောင်ဆန်းက ဒိုင်ခံရေးဆွဲခဲ့၏။

၁၉၄၀ခုနှစ်တွင် တို့ဗမာအစည်းအရုံး မှ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် အိန္ဒိယပြည်၌ ကျင်းပသောတောင်သူလယ်သမား ကွန်ဖရင့်သို့ သခင်အောင်ဆန်းခေါင်းဆောင်ပြီး အဖွဲ့ဝင်များအဖြစ်သခင်သန်းထွန်း၊ သခင်ဗဟိန်း၊ သခင်ခင်အောင်၊ သခင်သန်းထွန်း၊ (ဗိုလ်မှူးရန်နိုင်) တို့ပါဝင် တက်ရောက်ခဲ့၏၊ယင်းတောင်သူလယ်သမားညီလာခံတွင် တင်သွင်းရန်အတွက် တို့ဗမာအစည်းအရုံး မူဝါဒလမ်းစဉ်စာတမ်းတစ်



ရပ်ကိုသခင်အောင်ဆန်းရေးဆွဲခဲ့၏။

၁၉၃၉ခုနှစ်ဧပြီလတွင်မော်လမြိုင်မြို့တို့ဗမာအစည်းအရုံး ညီလာခံကြီး ကျင်းပခဲ့၏။ ယင်းအချိန်သည် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လုနီးပါးအချိန်ဖြစ်၍ ဖြစ်ပွားတော့မည့် စစ်ပွဲကြီးတွင် အင်္ဂလိပ်အစိုးရနှင့်စစ်တပ်များအားမြန်မာနိုင်ငံမှ မကူညီရန် သခင်အောင်ဆန်းက တို့ဗမာအစည်းအရုံးညီလာခံ၌ အဆိုတင်သွင်းဆုံးဖြတ်ခဲ့သည်။

သခင်အောင်ဆန်းသည် ၁၉၄၀ခုနှစ်ဟသ်ာတခရိုင်ဇလွန်မြို့၌ကျင်းပသော နယ်ချဲ့ဆန့်ကျင်ရေး တရားပွဲတစ်ခုတွင်ပြင်းထန်စွာ ဟောပြောခဲ့သဖြင့်ဟသ်ာတခရိုင်ဝန်ကသခင်အောင်ဆန်းကိုဖမ်းမိလျှင်ဆုငွေ ၅ကျပ်ပေးမည်ဟု ဖမ်းဝရမ်းထုတ်ခဲ့၏။ သခင်အောင်ဆန်းသည် အင်္ဂလိပ်အစိုးရက မိမိအားဝရမ်းထုတ်ဖမ်းသည့်အစီအစဉ်ကိုသိသည်နှင့်တပြိုင်နက် အဖမ်းမခံဘဲ ပုန်းရှောင်၍နေခဲ့၏။ အင်္ဂလိပ်အစိုးရဖမ်းဝရမ်းဖြင့် သခင်အောင်ဆန်းကို လိုက်နေစဉ် သခင်အောင်ဆန်းသည် မိမိပါဝင်နေရသော ရန်ကုန်တက္ကသိုလ်များ ကောင်စီမှနှုတ်ထွက်လိုက်၏။

သခင်အောင်ဆန်းသည်ဗမာ့ထွက်ရပ်ဂိုဏ်းခေါင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



များဖြစ်ကြသော ဒေါက်တာဘမော်နှင့်ဒေါက်တာသိမ်းမောင်တို့၏ အကူအညီဖြင့် နိုင်ငံခြားထွက်နိုင်ရန် ကြိုးစားခဲ့၏။ ၁၉၄၀ခုနှစ်ဩဂုတ်လ၈ရက်နေ့တွင် သခင်အောင်ဆန်းသည် တရုတ်ပြည်အမွိုင်မြို့သို့ရောက်ရှိခဲ့၏။ သခင်အောင်ဆန်း၏ နာမည်ကိုတန်လွမ်ရှောင်ဟူ၍ အမည်ဝှက်ဖြင့်ခေါ်ဝေါ်ခဲ့၏။ ဩဂုတ်လ(၂၄)ရက်နေ့တွင်အမွိုင်အနီးကူလန်စု(ကူလန်ကျွန်း) သို့ရောက်ရှိကာ ထိုကျွန်းတွင် (၃)လခန့် သောင်တင်ခဲ့၏။

၁၉၄၀ ခုနှစ် နိုဝင်ဘာလတွင် သခင်အောင်ဆန်းသည် ဂျပန်ပြည်နှင့်အဆက်အသွယ်ရပြီးဂျပန်စစ်ဘက်အရာရှိမစွတာဆူဇူကီး(ဗိုလ်မှူးကြီးဆူဇူကီး)မှ ကြိုဆိုပြီးမြန်မာနိုင်ငံမှ မျိုးချစ်လူငယ်များ၏ အကူအညီရရန် ကြိုးစားခဲ့ကြ၏။ မြန်မာနိုင်ငံမှ မျိုးချစ်လူငယ်များကို စစ်ပညာများသင်ကြားပေးရန် ဂျပန်စစ်ဘက်မှစီစဉ်၍ ၁၉၄၁ခုနှစ်မတ်လ (၃)ရက်နေ့တွင်သခင်အောင်ဆန်းသည်မြန်မာနိုင်ငံသို့ တိတ်တဆိတ်ပြန်ရောက်လာပြီးလျှင်စစ်ပညာသင်ရဲဘော်သုံးကျိပ်၊ပထမအသုတ်ကို ခေါ်ဆောင်လျက် ဂျပန်နိုင်ငံသို့ မတ်လ ၁၀ ရက်နေ့တွင် ပြန်သွားခဲ့၏။

၁၉၄၁ခုနှစ်ဒီဇင်ဘာလ(၂၅)ရက်နေ့တွင် တိုကျိုမြို့မှ



ဘန်ကောက်မြို့သို့ သခင်အောင်ဆန်းရောက်ရှိပြီး ရဲဘော်သုံးကျိပ်နှင့်အတူလက်မောင်းသွေးကိုဖောက်၍သောက်ကာအမိနိုင်ငံ လွတ်လပ်ရေးအတွက် သစ္စာဆိုခဲ့ကြ၏။ ထိုအခါသခင်အောင်ဆန်းသည် **ဗိုလ်တေဇ** အမည်ကိုခံယူခဲ့၏။ ဗိုလ်ချုပ်အောင်ဆန်းဦးစီးသောဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးသည် ဂျပန်တပ်နှင့်အတူမြန်မာနိုင်ငံအတွင်းသို့စစ်ကြောင်းအသီးသီးမှ ဝင်ရောက်ခဲ့ပြီးအင်္ဂလိပ်ကိုတိုက်ထုတ်ခဲ့၏။

အင်္ဂလိပ်တို့ကိုတိုက်ထုတ်ပြီးသော်လည်းဂျပန်များက ကြီးစိုးနေဆဲဖြစ်ခဲ့၏၊၁၉၄၂ခုနှစ်ဇူလိုင်လတွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဗမာ့ကာကွယ်ရေးတပ်မတော်အမည်ဖြင့်ပြန်လည်ဖွဲ့စည်းသောအခါ ဗိုလ်ချုပ်အောင်ဆန်းကိုစစ်သေနာပတိအဖြစ်ခန့်အပ်ခဲ့၏။ ၁၉၄၂ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင်ဗိုလ်ချုပ်အောင်ဆန်းသည်သူနာပြုဆရာမကြီးဒေါ်ခင်ကြည်နှင့် လက်ထပ်ခဲ့၏။

၁၉၄၃ ခုနှစ် မတ်လ၁၇ရက်နေ့တွင်ဗိုလ်ချုပ်အောင်ဆန်းအပါအဝင်မြန်မာအစိုးရအဖွဲ့ဝင်များသည် ဂျပန်ကပေးမည်ဖြစ်သော လွတ်လပ်ရေးဆွေးနွေးရန်ဂျပန်ပြည်သို့ဒေါက်တာဘမော်၊ ဒေါက်တာသိမ်းမောင်နှင့် သခင်မြစသော ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကြီးများနှင့်အတူသွားရောက်ခဲ့သည်၊၁၉၄၃ခုနှစ်၊ မတ်လ ၂၂ရက်နေ့တွင် မြန်မာပြည်တိုက်ပွဲ၌ ထူးချွန်စွာ ပါဝင်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းကိုဂျပန်ဘုရင်ကတတိယတန်းနေတံဆိပ်ဘွဲ့ကိုချီးမြှင့်ခဲ့သည်။

၁၉၄၃ ခုနှစ် ဩဂုတ်လ၁ရက်နေ့တွင် ဂျပန်နိုင်ငံအစိုးရကဗမာ့လွတ်လပ်ရေးကိုကြေညာခဲ့သည်လွတ်လပ်ရေးအတုအယောင်ကိုသာရခဲ့ခြင်းဖြစ်သည်။ ၁၉၄၅ ခုနှစ် မတ်လ (၂၇)နေ့တွင်ဖက်ဆစ်တော်လှန်ရေးဖြင့် ဂျပန်တို့ကိုတော်လှန်ခဲ့ရာအောင်မြင်ခဲ့သည်။

၁၉၄၇ ခုနှစ်ဇန်နဝါရီလ ၂၇ရက်နေ့မှစ၍ ဗြိတိန်ဝန်ကြီးချုပ်မစ္စတာအက်တလီ နှင့် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်များစာချုပ်ချုပ်ဆိုခဲ့ကြသည်။ ၁၉၄၇ခုနှစ်ဖေဖော်ဝါရီလ၈ရက်နေ့တွင်ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့သည် ရှမ်းပြည်ပင်လုံကိုသွားရောက်ကာတောင်တန်းသားကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့၏။ မြန်မာပြည်မ နှင့် တောင်တန်းဒေသများပူးပေါင်းရေးမူကြမ်းကိုတင်ပြရှင်းလင်းခဲ့၏၊၁၉၄၇ခုနှစ်ဖေဖော်ဝါရီလ (၁၂)ရက်နေ့ တွင်သမိုင်းဝင်ပင်လုံစာချုပ်ကိုချုပ်ဆိုခဲ့၏၊ ထိုနေ့ကိုပြည်ထောင်စုနေ့အဖြစ်



သတ်မှတ်ခဲ့ကြသည်။

တိုင်းပြုပြည်ပြုလွှတ်တော်ခေါ် ယူနိုင်ရန် အထွေထွေရွေးကောက်ပွဲကို မြန်မာနိုင်ငံ၌ ၁၉၄၇ ခုနှစ် မေလ၁၉ရက်နေ့တွင်ကျင်းပခဲ့၏။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သောဖဆပလ အဖွဲ့ဝင်များ မဲအများဆုံးရပြီး အစိုးရဖွဲ့နိုင်ခဲ့၏။

၁၉၄၇ခုနှစ်ဇွန်လ(၁၀)ရက်နေ့တွင်ဗိုလ်ချုပ်အောင်ဆန်းနှင့်ဖဆပလအဖွဲ့ကြီးသည် တိုင်းပြုပြည်ပြုလွှတ်တော်ကြီးကိုအတွင်းဝန်ရုံးတွင်ကျင်းပခဲ့၏။၁၉၄၇ခုနှစ်ဇူလိုင်လ(၁၃)ရက်နေ့တွင် ရန်ကုန်မြို့ မြို့တော်ခန်းမကြီးပေါ်မှ မိန့်ခွန်းရှည်ကြီးပြောကြားခဲ့၏။ ထိုမိန့်ခွန်းသည် ဗိုလ်ချုပ်အတွက်နောက်ဆုံးမိန့်ခွန်းကြီးဖြစ်သွားခဲ့၏။

၁၉၄၇ခုနှစ်ဇူလိုင်လ၁၉ရက်စနေနေ့နံနက် ၁၀နာရီ ၄၅မိနစ်အချိန်၊အတွင်းဝန်များရုံးဟောင်း၊ဝန်ကြီးအဖွဲ့အစည်းအဝေးကျင်းပနေစဉ်လုပ်ကြံခံခဲ့ရ၏၊ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူဝန်ကြီးသခင်မြ၊ ဝန်ကြီးမန်းဘခိုင်၊ ဝန်ကြီးဒီးဒုတ်ဦးဘချို၊ဝန်ကြီးအပ္ပဒူရာဇက်၊ဝန်ကြီးဦးဘဝင်း၊မိုင်းပွန်စော်ဘွားကြီး၊အတွင်းဝန်ဦးအုန်းမောင်၊ သက်တော်စောင့် ကိုထွေးတို့ပါ ကျဆုံးခဲ့၏။

@@@@@@@@

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်ချုပ်ကြီးနေဝင်း (သခင်ရှုမောင်)

## ဗိုလ်ချုပ်ကြီးနေဝင်း (သခင်ရှုမောင်)
## (၁၉၁၁ - ၂၀၀၄)

မြန်မာနိုင်ငံလွတ်လပ်ရေး တိုက်ပွဲအတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန်ရဲဘော်သုံးကျိပ်ဝင်များအနက်တစ်ဦးဖြစ်သူမှာသခင်ရှုမောင်(ဗိုလ်နေဝင်း)ဖြစ်၏ အမည်ရင်းမှာသခင်ရှုမောင်ဖြစ်ပြီး ဂျပန်ရောက်ပြီး ဗိုလ်နာမည်ကို ဗိုလ်နေဝင်းအဖြစ်သတ်မှတ်ခဲ့၏။

သခင်ရှုမောင်ကို ၁၉၁၁ခုနှစ်မေလ၁၄ရက်နေ့ တွင်

www.burmeseclassic.com

www.burmeseclassic.com



ပြည်ခရိုင် ပေါင်းတလည်မြို့၌ အဖ ဦးဖိုးခ၊ အမိ ဒေါ်မိလေးတို့ မှမွေးဖွားခဲ့၏။ ဖခင်ဖြစ်သူ ဦးဖိုးခမှာမူလကမြေတိုင်းဌာနအမှုထမ်းတစ်ဦးဖြစ်ခဲ့ပြီး နောင်အခါ နယ်ချဲ့အင်္ဂလိပ်အစိုးရ၏အမှုထမ်းဘဝကို မနှစ်မြို့တော့ဘဲ မြေတိုင်းဌာနမှထွက်၍ ကုန်သည်အလုပ်ဖြင့် အသက်မွေးခဲ့သည်။

မောင်ရှုမောင်သည် ငယ်စဉ်ကပင် ပညာကို အပတ်တကုတ်ကြိုးစားခဲ့၏၊အားကစားကိုအထူးဝါသနာပါခဲ့ပြီးအထူးသဖြင့် ဘောလုံးကန်ရာ၌ ထူးချွန်ခဲ့လေသည်။ မောင်ရှုမောင်အထက်တန်းကျောင်း၌ ပညာသင်ခဲ့ပြီး အထက်တန်းစာမေးပွဲအောင်မြင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်သို့ရောက်ခဲ့သည် မောင်ရှုမောင် ရန်ကုန်တက္ကသိုလ်သို့ရောက်ချိန်တွင် မြန်မာနိုင်ငံ၌အမျိုးသားစိတ်ဓာတ်၊ အမျိုးသားအားမာန်တို့တက်ကြွနေချိန်ဖြစ်သည်၊တို့ဗမာအစည်းအရုံးခေါင်းဆောင်သခင်လူငယ်များနယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများ တက်ကြွစွာ ဆောင်ရွက်နေချိန်လည်းဖြစ်သည်။

မောင်ရှုမောင်သည်ရန်ကုန်တက္ကသိုလ်တွင်ဥပစာသိပ္ပံတန်းပညာသင်ကြားခဲ့သည်ပညာသင်ကြားရင်းတို့ဗမာအစည်းအရုံးဝင် မျိုးချစ်သခင်အချို့နှင့် ဆက်သွယ်မိခဲ့သည်။ ဥပစာ



တန်းတွင်ပညာသင်ကြားနေရင်းမှ ကျောင်းထွက်လိုက်၏။စာတိုက်နှင့်ကြေးနန်းဌာနတွင် စာရေးဝင်လုပ်ခဲ့၏၊မျိုးချစ်သခင်များ၏ အမျိုးသား လွတ်မြောက်ရေးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့၏။ ထိုသို့ဖြင့်မောင်ရှုမောင်သည် သခင်ရှုမောင်ဖြစ်လာခဲ့သည်။ စာတိုက်နှင့်ကြေးနန်းဌာနတွင် တာဝန်ထမ်းဆောင်နေစဉ်ကာလတွင် သခင်အဖွဲ့အစည်း၏ လုပ်ငန်းများကို တစ်နည်းအားဖြင့်ကူညီခဲ့၏။ ဥပမာအစိုးရကြေးနန်းဌာနမှတဆင့် သခင်များအားချုပ်ချယ်ရန် ၊ ဖမ်းဆီးရန်အမိန့်များရောက်လာချိန်၊ ထိုအမိန့်ကို သခင်ရှုမောင်ကြိုတင်သိရှိကာမျိုးချစ်သခင်များထံသို့ သတင်းပို့ကာကူညီခဲ့သည်။ ထိုသို့ဖြင့်သခင်များရုပ်ဖျောက်ခြင်း၊မြေလျှိုးခြင်း၊တိမ်းရှောင်ခြင်းတို့ဖြင့်နယ်ချဲ့တို့၏ ရန်မှ လွတ်မြောက်ခဲ့သည်။

၁၉၄၀ ပြည့်နှစ်တွင်ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်ပြည်သို့ တိတ်တဆိတ်ရောက်ရှိကာ ဂျပန်စစ်အာဏာပိုင်တို့နှင့်အဆက်အသွယ်ရခဲ့သည် မြန်မာလူငယ်ရဲဘော်သုံးကျိပ်ကိုဂျပန်ပြည်တွင်စစ်ပညာများသင်ကြားပေးရန်အတွက်ဗိုလ်ချုပ်အောင်ဆန်း မြန်မာပြည်သို့ ပြန်ရောက်ခဲ့၏၊ ဂျပန်ပြည်သို့ဝယောက်တစ်သုတ်နှုန်းဖြင့်လိုက်သွားကြသော ရဲဘော်သုံးကျိပ်

www.burmeseclassic.com

www.burmeseclassic.com



တွင်သခင်ရှမောင်သည် ထိပ်ဆုံးကပါဝင်ခဲ့သည်။

သခင်ရှမောင်အပါအဝင် ရဲဘော်သုံးကျိပ်ဝင်များကို ဂျပန်ပိုင် ဟိုင်နန်ကျွန်း ဖော်မိုဆာကျွန်းသို့ပြောင်းရွှေ့လိုက်ပြီး စစ်ပညာများကို သင်ကြားစေခဲ့သည်။ သခင်ရှမောင်၏ ဂျပန်နာမည်မှာ တတစုတိခုခုမုဖြစ်၏၊ ဟိုင်နန်ကျွန်းတွင်တိုင်းပြည်နှင့်လူမျိုးလွတ်လပ်ရေးအတွက်အောက်တိုဘာလအထိအခြေခံစစ်ပညာများ၊ ပြောက်ကျားတိုက်ပွဲနည်းများမှအစ စစ်ပညာမျိုးစုံကိုသင်ကြားပြသခဲ့ရ၏။ ထိုင်ဝမ်တွင် စစ်ပညာများဆက်လက်သင်ကြားပြီးလျှင်ယိုးဒယားနိုင်ငံဘန်ကောက်မြို့သို့ရောက်ခဲ့သည်။

ယိုးဒယားနိုင်ငံတွင်ရဲဘော်သုံးကျိပ်ဝင်များ၏အမည်များကို အမည်ပြောင်းကြသောအခါတွင်ရဲဘော်သုံးကျိပ် သခင်ရှမောင်သည်ဗိုလ်နေဝင်းအမည်သို့ပြောင်းလဲခဲ့၏။ ကျန်ရဲဘော်များမှလည်း ဗိုလ်နာမည်သို့ ပြောင်းလဲခေါ်စေခဲ့၏၊ထို့နောက် ရဲဘော်သုံးကျိပ်ဝင်တို့သည်လက်မောင်းသွေးကိုဖောက်ကာအမိမြန်မာပြည် လွတ်လပ်ရေးတိုက်ပွဲအတွက်သစ္စာရေသောက်ခဲ့ကြသည်။

ဗိုလ်နေဝင်းဦးစီးသော ရဲဘော်များသည် မြန်မာနိုင်ငံ



အတွင်းရှိအတွင်းသူပုန်တပ်ဖွဲ့ဝင်များနှင့် ဆက်သွယ်ရန် လျှို့ဝှက်စွာဖြင့် ခရီးထွက်ရန် တာဝန်ကျခဲ့သည်။ ရဲဘော်သုံးကျိပ်ဝင်ဗိုလ်နေဝင်းက ဗိုလ်မှူးအဖြစ်ဖြင့်ခေါင်းဆောင်ပါဝင်ရမည်ဖြစ်သည်၊ ဗိုလ်မှူးနေဝင်း၏လက်အောက်တွင်ရဲဘော်သုံးကျိပ်ဝင်ဗိုလ်နှင့်ကျန်ရဲဘော်များပါဝင်ကြသည်။

ဗိုလ်မှူးနေဝင်းနှင့်အဖွဲ့သည် မြန်မာနိုင်ငံအတွင်းသို့ရောက်ရှိသည်နှင့် ဗိုလ်ချုပ်အောင်ဆန်း ပေးအပ်လိုက်သောတာဝန်များကို အတိအကျစီစဉ် ထမ်းဆောင်ခဲ့သည်။

နယ်ချဲ့အင်္ဂလိပ်အစိုးရ၏စစ်တပ်အတွင်း မှ မြန်မာတပ်များကိုလက်သိပ်ထိုးစည်းရုံး၍ခေါ်ယူနိုင်ခဲ့သည်။ ဝါဒဖြန့်စာရွက်များကို စနစ်တကျ ရိုက်နှိပ်ဖြန့်ဝေပေးခဲ့ရသည်။ တက်ကြွနေသော လူငယ်များကို စစ်ပညာများစနစ်တကျသင်ကြားပေးခဲ့ရ၏။ မြန်မာနိုင်ငံအနှံ့အပြားမှ လက်နက်များကို ရသည့်နည်းဖြင့် ရှာဖွေစုဆောင်းပေးခဲ့ရ၏။ ပြည်သူ့တော်လှန်ရေးပြောက်ကြားတပ်များ စနစ်တကျ လက်နက်တပ်ဆင်ပေးပြီးနောက် အင်္ဂလိပ်နယ်ချဲ့တပ်ကို ဝင်တိုက်ခဲ့သည်။

အင်္ဂလိပ်နယ်ချဲ့အစိုးရကို တိုက်ပြီးသော်လည်း ဂျပန်အစိုးရက ပြန်လည်၍ အုပ်ချုပ်ခဲ့ကြသည်။ ဗိုလ်မှူးနေဝင်း

www.burmeseclassic.com

www.burmeseclassic.com



သည် ဗိုလ်မှူးကြီးနေဝင်းဖြစ်လာသည်။ တိုင်း၊ ၂ ည်အတွက် အသက်စွန့်၍ တာဝန်ထမ်းဆောင်ရင်းဖြင့်ပင်တိုင်းပြည်မှ ရာထူးတိုးမြှင့်ပေးခဲ့သည်၊ဗိုလ်မှူးကြီးနေဝင်းဦးစီးသောဗမာ့လွတ်လပ်ရေး တပ်မတော်ကြီးသည်အထက်မြန်မာနိုင်ငံအား ဆက်လက်သိမ်းပိုက်ရေးအတွက် မန္တလေးသို့ ချီတက်တိုက်ခိုက်ခဲ့ရသည်။ မြန်မာနိုင်ငံ တိုက်ပွဲတွင် ရှေ့တန်းမှ ပါဝင်ခဲ့သောဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်းရန် ဂျပန်တပ်မတော်အာဏာပိုင်တို့ကစီစဉ်လာခဲ့ကြသည်၊ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သောဗမာ့လွတ်လပ်ရေးတပ်မတော် အရာရှိများသည်ဂျပန်တို့၏ ပရိယာယ်ကိုသိရှိခဲ့သည်၊ဗိုလ်မှူးကြီးနေဝင်းကိုတပ်ရင်းတစ်ရင်းအား ဦးစီးစေပြီး ရခိုင်စစ်မျက်နှာသို့ဂျပန်အာဏာပိုင်တို့က ပို့လိုက်ကြသည်။ ဂျပန်တို့သည် အရေးပါသည့် စစ်ခေါင်းဆောင်များကိုမြန်မာပြည်၏အစွန်အဖျားများသို့ ပို့ခြင်းဖြင့် နောက်ပါ ကြည်ညို ချစ်ခင်သူ ရဲဘော်များပါ တစ်ပါတည်း ပါသွားမည်ကို သိရှိ၍ဖြစ်သည်။

၁၉၄၃ ခုနှစ် ဩဂုတ်လ(၁)ရက်နေ့တွင် မြန်မာနိုင်ငံအားဂျပန်တို့ကလွတ်လပ်ရေးပေးခဲ့သည်၊ သို့သော်ပေးခဲ့သောလွတ်လပ်ရေးမှာ အတုသာဖြစ်တော့သည်။ မြန်မာနိုင်ငံလွတ်



လပ်ရေးရသောအခါ ဗိုလ်ချုပ်အောင်ဆန်းက စစ်ဝန်ကြီးတာဝန်ကိုယူခဲ့ပြီးဗိုလ်မှူးနေဝင်းကဗမာ့တပ်မတော်၏သေနာပတိတာဝန်ကိုယူခဲ့ရသည်။

၁၉၄၃ခုနှစ်နောက်ပိုင်းမှစ၍ ဖက်ဆစ်တော်လှန်ရေးကိုစီစဉ်ကြရာတွင် ဗမာ့တပ်မတော်၏သေနာပတိ ဗိုလ်မှူးကြီးနေဝင်း၏စစ်ဌာနချုပ်ရုံးခန်းသည် ဖက်ဆစ်တော်လှန်ရေး ဌာနချုပ်ရုံးအဖြစ်လျှို့ဝှက်စွာအသုံးပြုလာခဲ့ကြသည်၊စည်းရုံးရေး၊ လက်နက်တပ်ဆင်ရေးနှင့် အခြား အခြေအနေအရပ်ရပ် ကိုဗိုလ်မှူးကြီးနေဝင်းကစနစ်တကျကွပ်ကဲရ၏။

၁၉၄၅ ခုနှစ် မတ်လ(၂၇)ရက်နေ့တွင်ဖက်ဆစ်တော်လှန်ရေးတပ်များသည်မြန်မာတစ်နိုင်ငံလုံးတွင်တော်လှန်ခဲ့ကြသည်။ တော်လှန်ရေးတပ်မတော်ကြီးသည် ၁၉၄၅ခုနှစ်မေလ ၁ရက်နေ့တွင် ရန်ကုန်မြို့တော်ကို ဂျပန်တို့လက်မှသိမ်းယူနိုင်ခဲ့၏။ ဂျပန်များကို တိုက်ထုတ်ပြီး အင်္ဂလိပ်များက ပြန်လည်အုပ်ချုပ်ခဲ့ပြန်၏။ မြန်မာနိုင်ငံ လွတ်လပ်ရေးတိုက်ပွဲ အတွက်ဆက်လက်တိုက်ခိုက်ခဲ့ပြန်သည်။

ထိုသို့ တိုက်ရင်းဖြင့် လွတ်လပ်ရေးမရမီ ၁၉၄၇ခုနှစ် ဇူလိုင် ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်မှူးအောင် (သခင်စံလှိုင်)

## ဗိုလ်မှူးအောင် (သခင်စံလှိုင်)
## (၁၉၁၀ - ၂၀၀၃)

နယ်ချဲ့တော်လှန်ရေးဖက်ဆစ်တော်လှန်ရေး တိုက်ပွဲများတွင်ရှေ့တန်းစစ်မျက်နှာမှဝင်ရောက်ဦးစီးတိုက်ခိုက်ခဲ့ကာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွရဲဘော်သုံးကျိပ်များဂျပန်ပြည်သွားရာတွင်တစ်ဦးအပါအဝင်ဖြစ်ခဲ့သူမှာဗိုလ်မှူးအောင်ဖြစ်သည်။ ဗိုလ်မှူးအောင်သည်တို့ဗမာအစည်းအရုံးခေတ်က သခင်စံလှိုင်အဖြစ် နာမည်ကျော်ခဲ့သူဖြစ်သည်။

သခင်စံလှိုင် ကို တောင်ငူခရိုင်၊ ကျောက်တံခါးမြို့၌ မြန်မာသက္ကရာဇ် ၁၂၇၂ ခုနှစ်(ခရစ်၁၉၁၀ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့) တွင် လယ်သမားကြီး ဦးရွှေမှန်၊ ဒေါ်ဖော့ တို့မှ

www.burmeseclassic.com

www.burmeseclassic.com



ဖွားမြင်ခဲ့သည်၊မွေးချင်း(၈)ယောက်ရှိသည့်အနက်(၇)ယောက်မြောက်သားဖြစ်သည်။

သခင်စံလှိုင် အသက် (၃)နှစ် အရွယ်တွင်မိခင်ကွယ်လွန်၍၊ ၁၂ နှစ်အရွယ်တွင် ဖခင်ကွယ်လွန်ခဲ့ပြန်သည်ငယ်နာမည်မှာမောင်စံလှိုင်ဖြစ်၏၊ဘာသာရေးကိုင်းရှိုင်းသူတစ်ယောက်ဖြစ်ပြီး ရွာကျောင်းမှ မူလတန်းဆင့်ကုန်အောင်သင်ကြားခဲ့ပြီး သာမဏေပြုခဲ့၏။ရှင်ဘွဲ့မှာရှင်ဇဋိလဖြစ်၍ဖျာပုံမြို့တွင် ရဟန်းခံကာ စာပေပညာ၊ ဗုဒ္ဓ၏စာပေ ပရိယတ်များဆည်းပူးခဲ့၏။

ရဟန်းဘဝ အသက်(၂၀)အရွယ်တွင် ပထမငယ်စာမေးပွဲအောင်မြင်ခဲ့၏။ ရဟန်းငါးဝါအရတွင် လူထွက်ခဲ့၏။ မောင်စံလှိုင်သည်ရဟန်းဘဝမှထွက်ပြီးလယ်သမားကြီးအဖြစ်ဇာတိရပ်မြေတွင် အသက်မွေးခဲ့၏၊ထိုအချိန်မြန်မာနိုင်ငံ တစ်ဝှမ်းလုံး၌ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများ ရှိခဲ့ပြီး ၁၃၀၀ပြည့်အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့၏။ နယ်ချဲ့ဆန့်ကျင်ရေး အတွက် တို့ဗမာအစည်းအရုံးများ နယ်များတွင် ပေါ်ပေါက်ခဲ့၏။

ဤသို့ဖြင့် လယ်သမားကြီးမောင်စံလှိုင်သည် တို့ဗမာအစည်းအရုံးဝင်သခင်စံလှိုင်ဖြစ်လာခဲ့သည်၊ဖျာပုံမြို့နယ်တို့ဗမာ



အစည်းအရုံးအမှုဆောင်တွင် သခင်စံလှိုင် ဦးဆောင်ပါဝင်ခဲ့၏။ သခင်အောင်ဆန်းနိုင်ငံခြားသို့ထွက်ခွာသွားကာစစ်ပညာသင်မည့် ရဲဘော်များကို လာခေါ်ခဲ့ရာ ရဲဘော်သုံးကျိပ်ဟုအမည်တွင်သောနယ်ချဲ့တော်လှန်ရေးတိုက်ပွဲဝင်မည့် ရဲဘော်များ ဂျပန်ပြည်သို့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ထွက်ခွာခဲ့ကြ၏။

သခင်စံလှိုင်တို့ အဖွဲ့မှာ စတုတ္ထမြောက် ထွက်ခွာခဲ့သောအဖွဲ့ဖြစ်၏၊ တိုကျိုမှဟိုင်နန်ကျွန်းသို့ရောက်ရှိက စစ်ပညာများသင်ကြားခဲ့ပြီး ယိုးဒယားပြည်သို့ ရောက်ရှိခဲ့၏။ ယိုးဒယားနိုင်ငံတွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းခဲ့ပြီးနောက် သခင်စံလှိုင်အမည်မှ ဗိုလ်အောင်အဖြစ် အမည်ပြောင်းခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် မြန်မာနိုင်ငံသို့စစ်ကြောင်းကြီးများဖြင့်ဝင်လာခဲ့ရာတွင်ဗိုလ်မှူးရန်နိုင်အုပ်ချုပ်သောဗမာ့လွတ်လပ်ရေးတပ်မတော်တပ်ရင်း(၂)တွင်ပါဝင်ခဲ့ပြီး ဗမာ့ကာကွယ်ရေးတပ်မတော် ဖွဲ့စည်းသောအခါတပ်ရင်း(၅)၏တပ်ရင်းမှူးအဖြစ်ဆောင်ရွက်ခဲ့၏၊နောက်ပိုင်းတွင်ဗိုလ်မှူးအောင်သည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုဦးစီးခဲ့ရ၏။ တော်လှန်ရေးပြီးဆုံးသောအခါ ဗိုလ်ချုပ်အောင်ဆန်း၏တာဝန်ပေးချက်

www.burmeseclassic.com



အရ ဗိုလ်မှူးအောင်သည် ပြည်သူ့ရဲဘော်အဖွဲ့ကို တာဝန်ယူ စည်းရုံး ဖွဲ့စည်းခဲ့သည်။

၁၉၄၇ခုနှစ် ဇူလိုင်လ၁၉ရက်နေ့တွင်ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်ခေါင်းဆောင်များကျဆုံးခဲ့ပြီးနောက် ယူကြုံးမရဖြစ်ခဲ့ရသည်။ ထို့နောက်လွတ်လပ်ရေးအတွက်တိုက်ပွဲ အဆင့်ဆင့်ကျော်ဖြတ်ကာ ၁၉၄၈ခုနှစ် ဇန်နဝါရီလ(၄)ရက်နေ့တွင်မြန်မာနိုင်ငံလွတ်လပ်ရေးရခဲ့၏။လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံတွင်သွေးချောင်းစီးသည့်သောင်းကျန်းမှုအရေးတော်ပုံများ ဖြစ်ပေါ်ခဲ့ကာလက်နက်ကိုင်ကာတောခိုသွားကြသော ရဲဘော်များရှိကြသလို၊မြေပေါ်မှာနေခဲ့သည့်ရဲဘော်များလည်း ရှိခဲ့၏။

ပြည်သူ့ရဲဘော်အဖွဲ့ကြီး ပြိုကွဲသွားပြီးနောက်ဗိုလ်မှူးအောင်သည် နိုင်ငံဖခင်ဗိုလ်ချုပ်အောင်ဆန်း တည်ထောက်ခဲ့သည့် ဖဆပလအဖွဲ့ချုပ်၌ ပြန်လည်ထူထောင်ရေးဝန်ကြီး အဖြစ်အမှုထမ်းခဲ့၏။ဖဆပလအဖွဲ့ကြီးသည် သန့်ရှင်း၊တည်မြဲကွဲသွားသောအခါဗိုလ်မှူးအောင်သည် ဦးနုခေါင်းဆောင်သောသန့်ရှင်း ဖဆပလအဖွဲ့၊ပြည်ထောင်စုပါတီတို့တွင်ဝင်ရောက်အားပေးခဲ့သည်။ပြည်ထောင်စုပါတီအမတ်အဖြစ်မဲအများဆုံးရရှိပြီးအရွေးခံခဲ့ရ၏၊ပြည်ထောင်စုပါတီအစိုးရအဖွဲ့တွင်ဗိုလ်မှူးအောင်သည် ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ယူ ထမ်းဆောင်ခဲ့သည်။



ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးအောင်သည်ရန်ကုန်မြို့၌ ၂၀၀၃ ခုနှစ်က ကွယ်လွန်ခဲ့သည်။

@@@@@@@@

www.burmeseclassic.com





သခင်ထွန်းအုပ်

## သခင်ထွန်းအုပ်
## (၁၉၀၇ - ၁၉၇၁)

ရဲဘော်သုံးကျိပ်ဝင်များ ထဲတွင် အခြား ရဲဘော်များကဲ့သို့ ပိုလ်နာမည်မခံယူဘဲနေသူ ရဲဘော်တစ်ဦးရှိခဲ့သည်ရင်း ရဲဘော်မှာ သခင်ထွန်းအုပ်ဖြစ်၏။

သခင်ထွန်းအုပ်သည် ပြည်ခရိုင်ပေါင်းတည်မြို့နယ် ပုတီးကုန်းမြို့နယ် အရှေ့သုံးမိုင်အကွာရှိသိုက်တောရွာသား ဇာတိဖြစ်သည်။ မိဘများမှာ သိုက်တောရွာမြေပိုင်ရှင် ဦးရွှေ ဒေါ်ရွှေသား တို့ ဖြစ်၏။၁၂၆၂ခုနှစ်နတ်တော်လဆန်း ၃ရက်

www.burmeseclassic.com

www.burmeseclassic.com



နေ့ (၇-၁၂-၁၉၀၇) နံနက် ၁နာရီတွင်ဖွားမြင်ခဲ့၏။အမည်ရင်းမှာ မောင်ထွန်းအုပ်ဖြစ်၏။

မောင်ထွန်းအုပ်အသက်လေးနှစ်သားတွင် မိခင်ဒေါ်ရွှေသားကွယ်လွန်ခဲ့၏။ ငယ်စဉ်ကသိုက်တောရွာရှိ မြန်မာအလယ်တန်းကျောင်းတွင်စတင်ပညာသင်ကြားခဲ့ရပြီးငင်းမှတဆင့် မော်ဇာမြို့၊ ရန်ကုန်မြို့ များသို့ ပြောင်းရွှေ့ ပညာသင်ကြားခဲ့၏။ မောင်ထွန်းအုပ် ၁၄နှစ်သား အရွယ်တွင် ဖခင်ဦးရွှေကွယ်လွန်ခဲ့၏။ မိဘမရှိတော့သော်လည်းပစ္စည်းဥစ္စာကျန်ရစ်ခဲ့သည့်အတွက် ပညာဆက်သင်ရန် အခက်အခဲမရှိဖြစ်ခဲ့၏။

၁၉၂၇ ခုနှစ်တွင်မောင်ထွန်းအုပ်သည် သီဟိုဠ်ကျွန်းကိုလံဘိုမြို့ရှိစိန်ဂျိုးဇက်ကျောင်း ပညာသင်ကြားခဲ့၏။ ယင်းကောလိပ်မှ စီနီယာကင်းဘရစ်အတန်းကိုအောင်မြင်ခဲ့သည်။ လန်ဒန်မက်ထရစ် စာမေးပွဲဖြေဆိုရန် ပညာသင်ကြားနေစဉ်ကမ္ဘာ့ရေးရာများကို လေ့လာလိုက်စားရင်း နိုင်ငံရေးဆောင်ရွက်ရန် စိတ်ဆုံးဖြတ်ခဲ့၏။သီဟိုဠ်တွင်လာရောက် ပညာသင်ကြားနေကြသော မြန်မာကျောင်းသားများ အသင်းအဖွဲ့တွင် မောင်ထွန်းအုပ်သည် ဘဏ္ဍာရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ကျောင်းပညာသင်ရင်းကမ္ဘာ့ရေးရာများကိုလေ့လာရင်း



မောင်ထွန်းအုပ်သည် အိန္ဒိယနိုင်ငံ၏နယ်ချဲ့ဆန့်ကျင်ရေးခေါင်းဆောင်ကြီး မဟတ္တမဂန္ဓီ၏ မေတ္တာဝါဒကို စွဲမြဲ နှစ်သက်စွဲလမ်းခဲ့၏။ မောင်ထွန်းအုပ်သည် သီဟိုဠ်နိုင်ငံမှ မြန်မာနိုင်ငံသို့ပြန်ရောက်သောအခါ တို့ဗမာအစည်းအရုံးတွင်ဝင်ရောက်၍ သခင်လူငယ်များနှင့် အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ရန်ဆုံးဖြတ်ခဲ့၏၊ကျောင်းသားကလေးမောင်ထွန်းအုပ်မှ နယ်ချဲ့ဆန့်ကျင်ရေးသမား သခင်ထွန်းအုပ်ဖြစ်လာခဲ့၏။

သခင်ထွန်းအုပ်သည် နယ်ချဲ့ဆန့်ကျင်ရေးဟောပြောလှုပ်ရှားမှုများကြောင့် ၁၉၃၇ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၃၈ခုနှစ်တွင်တစ်ကြိမ် ထောင်သို့နှစ်ကြိမ်ရောက်ရှိခဲ့ပြီး သခင်ပေါက်စထောင်ခြောက်လဟူသည့်အတိုင်းသခင်ထွန်းအုပ်သည်ထောင်၏အရသာကိုကောင်းစွာသိရှိခဲ့၏၊သခင်ထွန်းအုပ်သည်ထောင်ထဲတွင် အေကလပ်ခေါ် ပထမတန်းအဆင့်နေရစေရန်ထောင်အာဏာပိုင်တို့ထံ တောင်းဆိုသောအခွင့်အရေးကို မရ၍ ၁၅ ရက်တိုင်အစာငတ်ခံဆန္ဒပြခဲ့၏၊သခင်ထွန်းအုပ်၏ဆန္ဒပြမှုဖြင့်ထောင်အာဏာပိုင်များက ထောင်ထဲတွင်အကြိမ်ကြိမ် တိုက်ပိတ်အပြစ်ပေးခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



၁၉၃၈ ခုနှစ်တွင် တို့ဗမာအစည်းအရုံး နှစ်ခြမ်းကွဲသောအခါ သခင်ထွန်းအုပ်၊ သခင်ဗစိန် တို့ဗမာအစည်းအရုံးကိုဦးဆောင်ခဲ့သည်။မြန်မာ့လွတ်လပ်ရေးအတွက် ဗြိတိသျှတို့ကိုလက်နက်ကိုင်တော်လှန်ရန်ဂျပန်ဆရာဝန် စူဇူကီးမှတဆင့် ဂျပန်ကောင်စစ်ဝန် မစ္စတာဖူးဝိုင်း(ခေါ်)မစ္စတာဟုန်းမာ နှင့် ဆက်သွယ်ခဲ့ပြီး ဂျပန်ကောင်စစ်ဝန်၏ အကြံပေးချက်အရ ဗမာ့လက်ရုံးတပ်ဗိုလ်ချုပ်သခင်လှဖေ(ပင်မြူ)ကိုထိုင်းနိုင်ငံသို့ စေလွှတ်ရန် ကြိုးစားရာ မအောင်မြင်ခဲ့ပေ။

၁၉၄၀ပြည့်နှစ် အောက်တိုဘာလတွင် သခင်အောင်သန်း(ဗိုလ်စကြာ)အားထိုင်းနိုင်ငံသို့ထပ်မံစေလွှတ်ခဲ့၏၊ သခင်အောင်သန်းသည် ထိုင်းနိုင်ငံသို့ချောမောစွာရောက်ရှိသွားပြီး ဂျပန်ရေတပ် စစ်သံမှူးနှင့်ဆက်သွယ်နိုင်ခဲ့ပြီးဂျပန်နိုင်ငံ၌ စစ်ပညာသင်ကြားရန် မြန်မာလူငယ်(၄၀)ခန့်စေလွှတ်ပေးရန် အကြောင်းကြားခဲ့သည်။

မြန်မာမျိုးချစ်လူငယ်ရဲဘော်သုံးကျိပ်အနက် စတုတ္ထအသုတ်နှင့်အတူ ၁၉၄၁ခုနှစ်ဇူလိုင်လ၈ရက်နေ့တွင် ရန်ကုန်မြို့မှထွက်ခွာခဲ့ပြီး ဇူလိုင်လ ၂၈ရက်နေ့ရှန်ဟိုင်းမြို့သို့ ရောက်ရှိခဲ့၏။ ထိုအဖွဲ့တွင်သခင်ထွန်းအုပ်ပါဝင်ခဲ့သည်။ ဂျပန်နိုင်ငံသို့ရဲဘော်သုံးကျိပ်ဝင်များနှင့်အတူ စစ်ပညာများသွားရောက်သင်ကြားစဉ်က သခင်ထွန်းအုပ်မှာအုပ်ချုပ်ရေး ပညာများကိုအထူးဂရုပြုလေ့လာခဲ့ပြီးမြန်မာနိုင်ငံကို နယ်ချဲ့အင်္ဂလိပ်အစိုးရလက်မှ တိုက်ခိုက်သိမ်းယူပြီးသည့်အခါ စစ်ရေးလှုပ်ရှားမှုများတွင်မပါဝင်ဘဲအုပ်ချုပ်ရေးကိုသာဦးစီးဆောင်ရွက်ခဲ့သူဖြစ်သည်။



သခင်ထွန်းအုပ်သည် ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)စစ်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်းတွင်ပါဝင်၍ မြန်မာနိုင်ငံတွင်းသို့ချီတက်ခဲ့သည်၊ ၁၉၄၂ခုနှစ် ဩဂုတ်လ(၁)ရက်နေ့တွင်ဂျပန်စစ်အုပ်ချုပ်ရေးအောက်တွင်ဖွဲ့စည်းခဲ့သည်။ ၁၉၅၉ ခုနှစ် ကလွတ်လပ်ရေးမော်ကွန်းဝင်(တတိယ)အဆင့်ရရှိခဲ့သည်။

၁၉၇၀ ပြည့်နှစ် ဇန်နဝါရီလ ၂၃ရက်နေ့တွင်ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

@@@@@@@@

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်မှူးလရောင်(သခင်ဗဂျမ်း)

## ဗိုလ်မှူးလရောင်(သခင်ဗဂျမ်း)
## လွတ်လပ်ရေးမော်ကွန်းဝင်(ပထမအဆင့်)
## (၁၉၁၁- ၁၉၆၉)

ရဲဘော်သုံးကျိပ်ဝင်ဗိုလ်မှူးလရောင်၏အမည်ရင်းမှာ သခင်ဗဂျမ်းဖြစ်၏၊သခင်ဗဂျမ်း၏မိဘများမှာမင်းဘူးမြို့ သုံ့ဈေး ကုန်းရပ်ကွက်နေကုန်သည်ကြီး ဦးသာဗွါး-ဒေါ်သင်တို့ဖြစ်ကြ ၏။ညီအစ်ကိုမောင်နှမ(၉)ဦးတွင်ပဥ္စမမြောက်သားဖြစ်သည်။ သခင်ဗဂျမ်းကို ၁၂၇၉ ခုနှစ် နယုန်လဆန်း(၁)ရက်နေ့(ခရစ် သက္ကရာဇ် ၂၈-၅-၁၉၁၁ခုနှစ်) တွင် မွေးဖွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းဘူးမြို့အစိုးရအထက်တန်းကျောင်းတွင်တန်းမြင့်ကျောင်းထွက်စာမေးပွဲအောင်မြင်ခဲ့၏၊မောင်ဗဂျမ်းသည်အသက်(၁၇)နှစ်အရွယ်တွင်သက်ပန်းဆရာတော်၏ဂိုဇီဘီအေအဖွဲ့တွင်ဝင်ရောက်ဆောင်ရွက်ခဲ့၏။(၁၀)တန်းကျောင်းသားမောင်ဗဂျမ်းသည် ၁၉၃၃ခုနှစ်တွင်တည်ထောင်ဖွဲ့စည်းခဲ့သည့် မင်းဘူးမြို့တို့ဗမာအစည်းအရုံးတွင်မြို့နယ်စည်းရုံးရေးခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့၏။ သခင်ဗဂျမ်းသည်မင်းဘူးခရိုင်ရဲတပ်ဗိုလ်ချုပ်အဖြစ်ဆောင်ရွက်ခဲ့သည်။

၁၉၃၈ ခုနှစ် တို့ဗမာအစည်းအရုံး နှစ်ခြမ်းကွဲသောအခါ သခင်ကိုယ်တော်မှိုင်း၊သခင်မြတို့ဗမာအစည်းအရုံးတွင်ပါခဲ့သည်။ ၁၉၃၉ ခုနှစ်မှ ၁၉၄၀ပြည့်နှစ်တွင်တို့ဗမာအစည်းအရုံးဌာနချုပ်အမှုဆောင်အဖြစ်ဆောင်ရွက်ခဲ့သည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ရန်စေလွှတ်သည့် ပထမအသုတ်နှင့်အတူ၁၉၄၁ခုနှစ်မတ်လ၁၀ရက်နေ့တွင် ရှန်းတင်းမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှထွက်ခွာခဲ့ပြီးမတ်လ ၂ရက်နေ့တွင် ဂျပန်နိုင်ငံတိုကျိုမြို့သို့ရောက်ရှိခဲ့သည်။ ၁၉၄၁ခုနှစ်ဧပြီလတွင် ထိုင်ဝမ်ကျွန်း မှ တဆင့် ဟိုင်နန်းကျွန်းသို့ ရောက်ရှိပြီး စစ်ပညာများသင်ကြားခဲ့သည်။



ဗိုလ်လကျာ်နှင့်အတူ မြန်မာနိုင်ငံအတွင်း ပြည်တွင်းသူပုန်လုပ်ငန်းများ ဆောင်ရွက်ရန်တာဝန်ပေးခြင်း ခံရသည်။ ထို တာဝန်များဆောင်ရွက်နေစဉ် ၁၉၄၁ ခုနှစ် နိုဝင်ဘာလ ၂၈ရက်နေ့တွင် တက်နွန်ရွာ၌ထိုင်းရဲများ၏ဖမ်းဆီးခြင်းခံရပြီး ဒီဇင်ဘာလ ၁၁ရက်နေ့တွင် အချုပ်မှ လွတ်မြောက်ခဲ့သည်။ ဗိုလ်လရောင်သည်ဗိုလ်ချုပ်အောင်ဆန်း၏တာဝန်ပေးချက်အရ ယိုးဒယားနိုင်ငံဗန်ကောက်မြို့တွင်ဖွဲ့စည်းမည့်ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) အတွက် ဝါဒဖြန့်ဖြူးရေးအစီအစဉ်များကို ဦးစီးပြုလုပ်ရန်တာဝန်ယူခဲ့ရသည် ဒီဇင်ဘာလ ၂၆ရက်နေ့တွင်ရဲဘော်သုံးကျိပ်ဝင်များဗန်ကောက်တွင်စုရုံးကာ အမျိုးသားလွတ်မြောက်ရေးအတွက် လက်မောင်းသွေးဖောက်ကာ သောက်၍သစ္စာဆိုခဲ့ကြသည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ) ထားဝယ်စစ်ကြောင်းတွင် စစ်လက်နက်ပစ္စည်းထောက်ပံ့ရေးတပ်ဖွဲ့၏တပ်ရင်းမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ဘီအိုင်အေ စစ်ရုံးချုပ်တွင်ဗိုလ်မှူးကြီးအဆင့်ဖြင့် ဒုတိယစစ်ဦးစီးချုပ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၂ ခုနှစ်ဇူလိုင်လ ၂၇ရက်နေ့ ဘီအိုင်အေဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)ဖွဲ့စည်း

www.burmeseclassic.com

www.burmeseclassic.com



သောအခါ ဘီဒီအေတပ်ရင်း(၁)တွင်တပ်ရေးဗိုလ်ကြီး အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဗိုလ်မှူးအဆင့်ဖြင့် သယ်ယူပို့ ဆောင်ရေးတပ်ရင်းတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလဒေါက်တာဘမော် ဦးစီးသောဗမာနိုင်ငံအစိုးရအဖွဲ့ ရန်ကုန်မှမော်လမြိုင်သို့ ဆုတ် ခွာရာတွင်စစ်ဝန်ကြီး၏အတွင်းဝန်ဖြစ်သောဒုတိယဗိုလ်မှူးကြီး လရောင်သည်အမိပတိရုံးအဖွဲ့နှင့်လိုက်ပါသွားရသည်၊ ဖက်ဆစ် တော်လှန်ရေးပြီးသည့်နောက်ပိုင်းမှ(မော်လမြိုင်ထားဝယ်)နှင့် စစ်ဌာနချုပ်ကို ပဲခူးတွင် ပြန်လည်စုစည်းသည့်အခါ မော်လ မြိုင်တပ်ရင်း၏တပ်ရင်းမှူးအဖြစ်ဆောင်ရွက်ခဲ့သည်၊ ထို့နောက် တပ်မတော်မှနုတ်ထွက်ခဲ့သည်။

ဗိုလ်မှူးကြီးလရောင်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် တွဲဖက်လျက် ပြည်သူ့ရဲဘော်တပ်ဖွဲ့ကြီးကို ဦးစီးတည်ထောင် ဖွဲ့စည်းခဲ့၏။ ၁၉၄၇ခုနှစ်ဧပြီလ၉ရက်နေ့တွင် တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲ တွင်ဖဆပလအမတ်လောင်းအဖြစ် မင်းဘူးတောင်မဲဆန္ဒနယ်မှ ဝင်ရောက်အရွေးခံရာလွှတ်တော် အမတ်အဖြစ်ရွေးကောက်တင်မြှောက်ခံရ၏၊ လွတ်လပ်ရေးရပြီး နောက်ဗိုလ်မှူးလရောင်သည်ကမ္ဘာ့ငြိမ်းချမ်းရေးတွင်လည်းကောင်း



ဝမည္ဓတအဖွဲ့ကြီးတွင်လည်းကောင်း ပါဝင်ပြီး ထိရောက်စွာ ဆောင်ရွက်ခဲ့သည်ဗိုလ်မှူးလရောင်သည် တော်လှန်ရေးအစိုးရ အဖွဲ့ကုန်သွယ်ရေးဌာနလုပ်ငန်းစစ်ဆေးရေးဌာနခွဲတွင်အထူး အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ၁၉၄၇ ခုနှစ်ဂျူလိုင်လ ၁၆ရက်ဖွဲ့စည်းခဲ့သည့်လက်ဝဲညီညွတ်ရေးကောင်စီတွင် ပြည်သူ့ ရဲဘော်ကိုယ်စားလှယ်အဖြစ်ပါဝင်ခဲ့သည်၊ ရဲဘော်(အဖြူ)တပ် ဖွဲ့နှင့်အတူ ဂျူလိုင်လ ၂၉ရက်နေ့တွင် တောခိုခဲ့သည်။

၁၉၅၀ ခုနှစ် မတ်လတွင် ဥပဒေဘောင်အတွင်း သို့ ပြန်ဝင်လာခဲ့ပြီး ၁၉၅၀ ခုနှစ်မှ ၁၉၅၃ ခုနှစ်အတွင်း ပြည်သူ့ ရဲဘော်ပါတီ၏ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။

၁၉၆၉ ခုနှစ် ဂျူလိုင်လ ၉ရက်နေ့၌ ရန်ကုန်မြို့တွင် နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

၁၉၇၂ ခုနှစ်မတ်လ ၂၅ ရက်နေ့တွင်မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုဖြင့် မော်ကွန်းဝင်(ပထမ)ဆင့်တံဆိပ်ဂုဏ်ပြုချီး မြှင့်ခြင်းခံရသည်။

@@@@@@@@

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်မှူးဗလ (သခင်ထွန်းလွင်)

## ဗိုလ်မှူးဗလ (သခင်ထွန်းလွင်)
## လွတ်လပ်ရေးမော်ကွန်းဝင်(ပထမအဆင့်)
## (၁၉၁၁- ၁၉၆၉)

ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးဗလခေါ် သခင်ထွန်းလွင်ကိုမြောင်းမြခရိုင် ကျိုက်ပိရွာတွင် ၁၉၁၇ခုနှစ် မတ်လ၁၇ရက်နေ့တွင် ဖခင်မြေစာရင်းအင်စပက်တော်ဦးကျော်ဟန် ၊ မိခင်ဒေါ်သိန်းတို့မှ မွေးဖွားခဲ့သည်။

မွေးချင်းမောင်နှမငါးဦးရှိသည့်အနက်အစ်ကိုကြီးနှင့်အစ်မတို့လတ်တို့မှာ တို့ဗမာအစည်းအရုံးနှင့် နဂါးနီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တို့တွင် ပါဝင်လုပ်ဆောင်ခဲ့သော နာမည်ကျော် သခင်ခေါင်းဆောင်များဖြစ်ကြ၏။

လပွတ္တာမြို့အမျိုးသားကျောင်းတွင် အသက်ငါးနှစ်မှစ၍ပညာသင်ကြားခဲ့ပြီးလပွတ္တာမြို့အစိုးရအထက်တန်းကျောင်းတွင်သတ္တမတန်းအထိပညာသင်ကြားခဲ့သည်သတ္တမတန်းအောင်မြင်ပြီးနောက် မြောင်းမြခရိုင် ပြင်ရွာသို့မိဘများပြောင်းရွှေ့ခဲ့သဖြင့် အလွတ်ပညာသင်ဆရာထံ အင်္ဂလိပ်ဘာသာ အရေးအဖတ်များထပ်ဆင့်သင်ကြားခဲ့သည်၊ အစ်ကိုကြီးဖြစ်သူသခင်ထိန်ဝင်း မှ တစ်ဆင့်တိုးတက်ရေးမဂ္ဂဇင်း၊ စာနယ်ဇင်းဖတ်ရှုခဲ့ရပြီးအသက်၁၈နှစ်အရွယ်တွင်မောင်ထွန်းလွင်သည်မိမိနိုင်ငံ၏အခြေအနေကိုကောင်းစွာသိလာခဲ့ရသည်။

၁၉၃၅ ခုနှစ်တွင် မြောင်းမြစီရင်စု တို့ဗမာအစည်းအရုံးတွင်သခင်ထွန်းလွင်ဖြစ်ခဲ့၏။ ၁၉၃၈-၁၉၃၉ ခုနှစ်တွင် မြောင်းမြစီရင်စု၌ဗမာ့လက်ရုံးတပ်အဖွဲ့များဖွဲ့စည်းတည်ထောင်သောအခါ သခင်ထွန်းလွင်သည် ခေါင်းဆောင်တစ်ဦးအဖြစ်ပါဝင်ခဲ့သည်။ ၁၉၃၈ခုနှစ် သာယာဝတီ တို့ဗမာအစည်းအရုံးညီလာခံကျင်းပသောအခါ သခင်ထွန်းလွင် နှင့်ဝါးခယ်မသခင်မောင်မောင်မြောင်းမြစီရင်စုကိုယ်စားလှယ်အဖြစ်တက်ရောက်ခဲ့သည်။ တို့ဗမာအစည်းအရုံး၏ သာယာဝတီ ညီလာခံကြီးမှ မြောင်းမြကိုယ်စားလှယ် သခင်ထွန်းလွင်ကို ဌာနချုပ်အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ ၁၉၃၈ ခုနှစ် တို့ဗမာအစည်းအရုံးနှစ်ခြမ်းကွဲသောအခါ သခင်ကိုယ်တော်မှိုင်း၊သခင်မြတို့ဗမာအစည်းအရုံးတွင် ပါဝင်ခဲ့၏။

ဂျပန်နိုင်ငံ စစ်ပညာ သင်ကြားရန် စေလွှတ်သည့် စတုတ္ထအသုတ်နှင့်အတူ ၁၉၄၁ ခုနှစ် ဇူလိုင် ၈ရက်နေ့တွင် ရှန်ဟိုင်းသို့ရောက်ရှိခဲ့၏၊၁၉၄၁ခုနှစ်ဩဂုတ်လ ၈ရက်နေ့တွင် တိုကျိုမှဟိုင်နန်ကျွန်းသို့ လေယာဉ်ပျံဖြင့်သွားခဲ့ပြီး ဩဂုတ်လ ၁၁ရက်နေ့တွင်ရောက်ရှိကာစစ်ပညာသင်ကြားခဲ့၏၊ယိုးဒယားနိုင်ငံဘန်ကောက်မြို့တွင် ဘီအိုင်အေခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်ကိုဖွဲ့စည်းသောအခါ သခင်ထွန်းလွင်သည် ထားဝယ်စစ်ကြောင်းဖြင့် ဗမာ့လွတ်လပ်ရေးတပ်မတော်၏တပ်မှူးအဖြစ် ပါဝင်ထမ်းဆောင်ခဲ့သည်။ သခင်ထွန်းလွင်အမည်မှ ဗိုလ်မှူးဗလ ဟူသောအမည်သို့ ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။

၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၇ရက်နေ့တွင် ဘီအိုင်အေ ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)ဖွဲ့စည်းသောအခါ ဗိုလ်ကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၄၈ခုနှစ်မြန်မာနိုင်ငံလွတ်လပ်ရေးရသောအခါတွင်ရန်ကုန်မင်္ဂလာဒုံ၌ဖွင့်လှစ်သော စစ်ဦးစီးလေ့ကျင့်သင်တန်းကျောင်းသို့တက်ရောက်ခဲ့ရသည်၊၁၉၅၀ပြည့်နှစ်ရန်ကုန်မင်္ဂလာဒုံတပ်မတော်လေ့ကျင့်ရေးကျောင်း B.A.T.T ဖွင့်လှစ်ခဲ့ရာဗိုလ်မှူးဗလပါဝင်ဆောင်ရွက်ခဲ့၏။ လေ့ကျင့်ရေးကျောင်းဖွင့်ပြီး နှစ်လအကြာတွင်ဗိုလ်ဗလသည်ဒုတိယတပ်ရင်းမှူးရာထူးဖြင့်ရခိုင်တိုင်းသို့ပြောင်းရွှေ့ခဲ့၏။

ခ. လ. ရ (၃) ရခိုင်တိုင်းတွင် တာဝန်ကျရာမှနှစ်လအကြာနိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ တက်ခဲ့၏၊သင်တန်းအောင်မြင်ပြီးတပ်ရင်းမှူးအဖြစ်ရာထူးတိုးမြှင့်ခံထားရ၏။ ချောက်မြို့ရှိတပ်မဟာ၁၀တွင်နှစ် နှစ်ခန့်အမှုထမ်းခဲ့၏၊ ဗိုလ်မှူးဗလသည် ၁၉၅၈ ခုနှစ်တွင် တပ်မတော်မှ အငြိမ်းစားယူခဲ့၏၊၁၉၆၀ပြည့်နှစ်၊တတိယအကြိမ်အထွေထွေရွေးကောက်ပွဲကြီးတွင် သန့်ရှင်း ဖဆပလအမတ်လောင်းအဖြစ် ချောက်မြို့နယ်မဲဆန္ဒနယ်မှဝင်ရောက်အရွေးခံခဲ့ရာရွေးချယ်တင်မြှောက်ခြင်းခံရ၏။ ထိုအချိန်မှာပင် ယူဘီအေ အုပ်ချုပ်ရေးအဖွဲ့ဝင်လူကြီး၊ လွတ်လပ်ရေးမော်ကွန်း ရွေးချယ်ရေးအဖွဲ့ဝင်လူကြီး၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးအဖွဲ့ဝင်လူကြီးအဖြစ်ဆောင်



ရွက်ခဲ့၏။ တော်လှန်ရေးအစိုးရမှ နိုင်ငံရေးသမားများကိုထိန်းသိမ်းခဲ့ရာ ၁၉၆၃ ခုနှစ် ဒီဇင်ဘာလ၁၇ရက်နေ့တွင် ဗိုလ်မှူးဗလ အထိန်းသိမ်းခံခဲ့ရပြီး ၁၉၆၇ ခုနှစ် အောက်တိုဘာလ ၁၂ရက်နေ့တွင် ထိန်းသိမ်းထားခြင်းမှလွတ်ခဲ့၏။ ဗိုလ်မှူးဗလသည်ဇနီးဒေါ်ခင်ခင်ပြုံးနှင့်အိမ်ထောင်ကျခဲ့ပြီး သားသမီး(၆)ဦးထွန်းကားခဲ့၏။

၁၉၅၅ခုနှစ်ဇန်နဝါရီလတွင် ယူဂိုစလားဗီးယားသမ္မတတီးတိုး၏ စစ်သည်တော်ကောင်း(တတိယ)ဆင့်ချီးမြှင့်ခြင်းခံခဲ့ရသည်။၁၉၅၉ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် လွတ်လပ်ရေးမော်ကွန်းဝင်(ပထမ)ဆင့်တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်းခံရ၏။

၁၉၈၀ ပြည့်နှစ် ဇွန်လ ၇ရက်နေ့ နိုင်ငံတော်၏ အကျိုးကိုဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ပထမအဆင့်)ချီးမြှင့်ခြင်းခံခဲ့ရ၏။ ၁၉၈၈ ခုနှစ်တွင် ရန်ကုန်မြို့၌ကွယ်လွန်ခဲ့၏။

@@@@@@@@

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်ချုပ်လက်ျာ(သခင်လှဖေ)

## ဗိုလ်ချုပ်လက်ျာ(သခင်လှဖေ)
## လွတ်လပ်ရေးမော်ကွန်းဝင်(ပထမအဆင့်)
## (၁၉၁၁- ၁၉၇၈)

ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ချုပ်လက်ျာ (သခင်လှဖေ) တို့ပျဉ်းမနားမြို့၌မိဘများဖြစ်ကြသောဦးစိန်သွင်၊ဒေါ်ကျင်မြိုင်တို့ မှ ၁၉၁၁ခုနှစ်ဩဂုတ်လ (၃၀)ရက်နေ့ တွင် ဖွားမြင်ခဲ့၏။ အမည်ရင်းမှာ မောင်လှဖေဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့မြို့မအမျိုးသားအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့၍ဆယ်တန်းအောင်မြင်ပြီး၊ ရန်ကုန်တက္ကသိုလ်သို့ပညာခရီးဆက်လက်တက်ရောက်ခဲ့သည်၊၁၉၃၆ခုနှစ်ရန်ကုန်တက္ကသိုလ်ဒုတိယကျောင်းသားသပိတ်တွင်ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့ပြီး၊ရန်ကုန်တက္ကသိုလ်မှထွက်၍အိန္ဒိယနိုင်ငံကာလကတ္တားတက္ကသိုလ်တွင် ပညာဆက်လက်သင်ကြားခဲ့သည်။

၁၉၃၈ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂအသင်းတိုက်၌ကျင်းပသော ၁၃၀၀ပြည့်အရေးတော်ပုံတွင် ပါဝင်ဦးဆောင်ကာ လျှို့ဝှက်အစည်းအဝေး သို့တက်ရောက်ခဲ့သည်။ တို့ဗမာအစည်းအရုံးသို့ဝင်ရောက်ခဲ့ပြီးသခင်လှဖေသည်သခင်အောင်ဆန်း(ဗိုလ်ချုပ်အောင်ဆန်း)နှင့်သခင်လှမြိုင်(ဗိုလ်မှူးရန်အောင်)တို့ကို နိုင်ငံခြားသို့ လျှို့ဝှက်စွာ ထွက်ခွာနိုင်ရန် စီစဉ်ပေးခဲ့သည်။

သခင်လှဖေသည်မိတ္ထီလာကိုလှမောင်(နောင်သံအမတ်ကြီး)နှင့်အတူယိုးဒယားနိုင်ငံသို့လျှို့ဝှက်သွားရောက်စဉ် နိုင်ငံကူးလက်မှတ်မပါဘဲ ဝင်ရောက်ခဲ့၍ ယိုးဒယားရဲ၏အဖမ်းခံခဲ့ရသည်။ ၁၉၄၀ ခုနှစ် မတ်လ ၁၀ ရက်နေ့တွင် ဂျပန်နိုင်ငံသို့ရဲဘော်သုံးကျိပ်ပထမအသုတ်နှင့်လိုက်ပါခဲ့ပြီး ဘီအိုင်အေ



ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးနှင့်အတူ မြန်မာပြည်သိမ်းတိုက်ပွဲတွင်ပါဝင်ခဲ့သည်။ ဘီဒီအေဗမာ့ကာကွယ်ရေး တပ်မတော်ကိုခေါင်းဆောင်ခဲ့ပြီး ဗိုလ်လက်ျာသည် ၁၉၄၄ ခုနှစ်ဩဂုတ်လ ၂၃ရက်နေ့ တွင် ဗမာ့ကာကွယ်ရေးတပ်မတော်စစ်ဦးစီးချုပ် နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းအိမ်၌ လျှို့ဝှက်ကျင်းပသော ဖက်ဆစ်တိုက်ဖျက်ရေး အဖွဲ့အစည်း၌ ထိပ်တန်းခေါင်းဆောင်အဖြစ်တက်ရောက်ခဲ့သည်။

၁၉၄၅ခုနှစ် မတ်လ၁ရက်နေ့မှ၃ရက်နေ့အထိဗိုလ်ချုပ်အောင်ဆန်းနေအိမ်၌ကျင်းပသောဖတပလ အစည်းအဝေးသို့တက်ရောက်ခဲ့ပြီး တော်လှန်ရေးအတွက်အရေးကြီးသောဆောင်ရွက်ချက်များကိုပါဝင်ဆွေးနွေးကာအစီအစဉ်များဆောင်ရွက်ခဲ့၏။ ဖက်ဆစ်တော်လှန်ရေးတိုင်းအမှတ်(၂) နှင့် တိုင်းအမှတ် (၃) ဆက်သွယ်ရေးတာဝန်ခံအရာရှိအဖြစ်အနီးကပ်လျှို့ဝှက်ဆောင်ရွက်ခဲ့သည်၊၁၉၄၅ ခုနှစ်ဩဂုတ်လ ၂၂ရက်နေ့ဗမာ့တပ်မတော်ခေါင်းဆောင်အရာရှိကြီးများအစည်းအဝေးသို့တက်ရောက်ခဲ့၏။ ဩဂုတ်လ၁၉ရက်နေ့တွင်ကျင်းပသောနေသူရိန်လူထုအစည်းအဝေးတွင် ဖတပလဗဟိုဦးစီးအဖွဲ့ဝင်ဖြစ်လာခဲ့၏၊ကန္ဒီအစည်းအဝေးပွဲကို၁၉၄၅ခုနှစ်စက်တင်ဘာလတွင် သီဟိုဠ်ကျွန်းနိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



(ယခုသီရိလင်္ကာ) နိုင်ငံကန္ဒီမြို့တွင်ကျင်းပခဲ့ရာဗိုလ်ချုပ်အောင်ဆန်းနှင့်အတူလိုက်ပါဆွေးနွေးခဲ့ပြီး မြန်မာ့တပ်မတော်၏အနာဂတ်စီမံကိန်းကိုပါဝင် ညှိနှိုင်းခဲ့သည်။

ကန္ဒီသဘောတူညီချက် အရ မြန်မာ့တပ်မတော်ကို ပြန်လည်ဖွဲ့စည်းခဲ့စဉ် ဒုတိယစစ်ဆင်ရေးအရာရှိချုပ် တာဝန်ဖြင့် ဗိုလ်မှူးကြီးအဆင့် ခန့်အပ်ခံရသည်။ ၁၉၄၇ ခုနှစ် တွင် ဗိုလ်မှူးကြီးလက်ျာသည်ဗိုလ်မှူးချုပ်ရာထူးသို့တိုးမြှင့်ခန့်အပ်ခံရသည်။၁၉၄၇ ခုနှစ် ဇူလိုင်လ ၂၁ရက်နေ့တွင်ကာကွယ်ရေးဝန်ကြီးတာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့တွင် ဗြိတိသျှအစိုးရကိုယ်စားလှယ် ဗိုလ်ချုပ်ဖရီးမင်းနှင့် ကာကွယ်ရေးဝန်ကြီးဗိုလ်ချုပ်လက်ျာတို့သည် မြန်မာတပ်မတော် ၏အနာဂတ်ကိုဆုံးဖြတ်သည့်**လက်ျာ ဖရီးမင်းကာကွယ်ရေးစာချုပ်** ကို ချုပ်ဆိုခဲ့ကြသည်။

မြန်မာ့လွတ်လပ်ရေး ဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းနှင့်ဗြိတိသျှနန်းရင်းဝန်မစ္စတာအက်တလီတို့ချုပ်ဆိုခဲ့ကြသော အောင်ဆန်းအက်တလီစာချုပ် ကို ပြန်လည်ချုပ်ဆိုရန် နိုင်ငံတော်ဝန်ကြီးသခင်နုဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် ၁၉၄၇ခုနှစ်အောက်တိုဘာလတွင် ဗြိတိန်နိုင်ငံလန်ဒန်



မြို့သို့သွားရောက်ခဲ့ကြရာကာကွယ်ရေးဝန်ကြီးဗိုလ်ချုပ်လက်ျာလည်းလိုက်ပါသွားခဲ့သည်။

၁၉၄၈ ခုနှစ်ဇန်နဝါရီလ ၄ရက်နေ့ မြန်မာနိုင်ငံလွတ်လပ်ရေးမရမီအစိုးရသစ်ဖွဲ့စည်းသောအခါဗိုလ်ချုပ်အောင်ဆန်းသည် ဒုတိယဝန်ကြီးချုပ်တာဝန် နှင့် ပြည်ထဲရေးဝန်ကြီး နှင့် ကာကွယ်ရေးဝန်ကြီးတာဝန်များကို ပူးတွဲထမ်းဆောင်ခဲ့သည်။ ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် သခင်သန်းထွန်းခေါင်းဆောင်သော ဗမာပြည်ကွန်မြူနစ်ပါတီသည် လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကို ကိုင်စွဲကာ တောခိုခဲ့သည်။ ၁၉၄၈ ခုနှစ် ဇူလိုင်လတွင် ဗိုလ်လက်ျာသည် မြန်မာနိုင်ငံအစိုးရအဖွဲ့ မှ နုတ်ထွက်ခဲ့၏။

ဗိုလ်လက်ျာသည် ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ တိုင်းပြုပြည်ပြုလွှတ်တော်ကသာကျေးလက် အရှေ့ပိုင်းမဲဆန္ဒနယ် မှ ဖဆပလအဖွဲ့ချုပကိုယ်စားလှယ်အဖြစ်အမတ်ရွေးခံခဲ့ရသည်၊ နိုင်ငံရေးလောကမှနုတ်ထွက်ပြီးနောက်လက်ျာနှင့်မိုတ္တာမကုမ္ပဏီများတည်ထောင်၍စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် မဟာသီရိသုဓမ္မဘွဲ့ထူးနှင့် ၁၉၅၉ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေးမော်ကွန်းဝင်(ပထမအဆင့်)ရရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၇၉ ခုနှစ် ပြည်သူ့ပြည်ချစ်ပါတီ ကို ဖွဲ့စည်း၍ ဥက္ကဋ္ဌအဖြစ် ခေါင်းဆောင်ခဲ့ကာ ပြည်ချစ်လွတ်မြောက်ရေး တပ်မတော်ကို ဖွဲ့စည်းခဲ့သည်။ ၁၉၇၉ ခုနှစ် နိုဝင်ဘာလ ၂၇ရက်နေ့ အသက်(၆၇)နှစ်တွင်ယိုးဒယားမြန်မာနယ်စပ်အနီး ပရာကျွတ်စခန်း၌ကေအင်ယူရွှေဆိုင်းတပ်ဖွဲ့နှင့်တိုက်ပွဲဖြစ်ပွား စဉ်ကျဆုံးခဲ့သည်။

@@@@@@@@



ဂျပန်ဆရာများ သခင်အောင်ဆန်း(ရှေ့တန်း-ပဥ္စမ)၊ သခင်ထွန်းအုပ်(ရှေ့တန်း-စတုတ္ထ)၊ တို့နှင့်အတူ တို့ဗမာအစည်းအရုံးနှစ်ပွဲပေါင်းသခင်များ ဟိုင်နန်ကျွန်းတွင် စုပေါင်းတွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com





ပိုလ်မှူးရဲထွဋ်(သခင်အောင်သိန်း)

## ပိုလ်မှူးရဲထွဋ်(သခင်အောင်သိန်း)
## လွတ်လပ်ရေးမော်ကွန်းဝင်(ပထမအဆင့်)
## (၁၉၂၂ - ၂၀၁၃)

ရဲဘော်သုံးကျိပ်ဝင်ပိုလ်မှူးရဲထွဋ် (သခင်အောင်သိန်း) ကို ၁၉၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၅ရက်နေ့တွင် ရန်ကုန်မြို့ တာမွေလေးရပ်ကွက်၌ ဖခင်ဦးဘိုးလွှင် မိခင်ဒေါ်စောရှင် တို့မှ မွေးဖွားခဲ့သည်၊အမည်ရင်းမှာမောင်အောင်သိန်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့ ကန်တော်ကလေးရပ် မြူနီစီပယ်ကျောင်းမှဒသမတန်းအောင်မြင်ခဲ့ပြီးပညာရေးလောကသို့ ဝင်ရောက်ခဲ့သည်။ အထက်တန်း ဆရာဖြစ်သင်တန်းအောင်မြင်ခဲ့သည်။ ၁၉၃၆-၃၇ခုနှစ်တွင် ဦးမောင်ကြီးခေါင်းဆောင်သောရဲတပ်ဖွဲ့တည်ထောင်သောအခါပါဝင်ခဲ့သည်၊၁၉၃၈ခုနှစ်ကျောင်းသားသပိတ်တွင်မြူနီစီပယ်ကျောင်းမှ သပိတ်မှောကခေါင်းဆောင်အဖြစ်ဆောင်ရွက်ခဲ့သည်။၁၉၃၉-၄၀ ပြည့်နှစ်တွင်မြူနီစီပယ်ကျောင်း ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌအဖြစ်ဦးဆောင်ခဲ့သည်။

ဂျပန်နိုင်ငံသို့စစ်ပညာသင်ကြားရန်စေလွှတ်သည့်ဒုတိယအသုတ်၌ပါဝင်ခဲ့ပြီး ၁၉၄၁ ခုနှစ် ဧပြီလ ၁၃ရက်နေ့တွင်ရန်ကုန်မြို့မှ ထွက်ခွာခဲ့ပြီး ၁၉၄၁ ခုနှစ်ဧပြီလ ၂၈ရက်နေ့ တွင် ဂျပန်နိုင်ငံ အိုဆာကာမြို့သို့ရောက်ရှိကာ ၁၉၄၁ ခုနှစ်မေလ ၉ရက်နေ့ တွင် လေယာဉ်ပျံဖြင့်တိုကျိုမှဟိုင်နန်ကျွန်းသို့ သွားရောက်ခဲ့ပြီး ၁၉၄၁ ခုနှစ်မေလ၁၀ရက်နေ့တွင် စစ်ပညာများစတင်သင်ကြားခဲ့သည်၊၁၉၄၁ခုနှစ်ဒီဇင်ဘာလ ၂၇ရက်နေ့တွင်ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်လက်မောင်းသွေးဖောက်သစ္စာပြုကာ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) စတင်ဖွဲ့စည်းထူထောင်ရာတွင် ပါဝင်ခဲ့သည်။



ဘီအိုင်အေ စစ်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်းဖြင့်မြန်မာနိုင်ငံတွင်းသို့ ချီတက်ကာ ဗြိတိသျှတို့ကိုတိုက်ခိုက်ခဲ့သည်။ ၁၉၄၂ ခုနှစ် ဧပြီလတွင် ဘီအိုင်အေတပ်မတော် တပ်မဟာ(၃)တပ်မှူး၊၁၉၄၂ခုနှစ်ဇူလိုင်လဂျပန်စစ်ခေါင်းဆောင်များ၏ အမိန့်ဖြင့် ဘီအိုင်အေတပ်မတော်ကြီးကိုဖျက်သိမ်း၍ဘီဒီအေဗမာ့ကာကွယ်ရေးတပ်မတော်ဖွဲ့စည်းသောအခါဘီဒီအေတပ်ရင်း(၁)တပ်ရင်းမှူး၊ စစ်ဦးစီးဌာနချုပ် အထွေထွေဌာနကြီးမှူးအဖြစ် တာဝန်ယူခဲ့သည်။

၁၉၄၅ ခုနှစ် ဩဂုတ်လတွင်ဗမာ့မျိုးချစ်တပ်မတော်အရာရှိကြီးများအစည်းအဝေးသို့တက်ရောက်ပြီးတပ်မတော်ကိုဗြိတိသျှစစ်အစိုးရ လက်အောက်တွင် ပြန်လည်ဖွဲ့စည်းသောခါ တပ်ရင် (၅) တပ်ခွဲမှူး ၊ မြန်မာ့လွတ်လပ်ရေး ကြေညာပြီး ၁၉၄၈ ခုနှစ် တွင် အမှတ် (၃)ဗမာ့သေနတ်ကိုင်တပ်ရင်းတွင် တပ်မှူး၊တပ်ရင်းမှူး တာဝန်များ ထမ်းဆောင်ခဲ့သည်၊ ၁၉၄၈ ခုနှစ် ပြည်တွင်းရေး မငြိမ်မသက်ဖြစ်နေစဉ်ဖွဲ့စည်းသည့် လဂ်ဝဲညီညွတ်ရေးကောင်စီတွင် ပါဝင်ခဲ့သည်။

၁၉၅၈ခုနှစ်မှ ၁၉၅၀ပြည့်နှစ်များတွင် တော်လှန်သောဗမာ့တပ်မတော်၏ဒုတိယခေါင်းဆောင်အဖြစ်တာဝန်ယူဆောင်

www.burmeseclassic.com

www.burmeseclassic.com



ရွက်ခဲ့သည်။ပြည်တွင်းသောင်းကျန်းမှုကာလအတွင်း၊ ၁၉၄၉ ခုနှစ် မတ်လ ၂၄ရက်နေ့တွင်ပြည်မြို့ဗမာပြည်ကွန်မြူနစ်ပါတီ ပြည်သူ့ရဲဘော်(ဖြူ) နှင့်တော်လှန်သောဗမာ့တပ်မတော်တို့ပူး ပေါင်း၍ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစုဖွဲ့စည်းရာတွင်ဦးဆောင် မှုကဏ္ဍမှပါဝင်ခဲ့သည်။

ဗိုလ်ရဲထွဋ်သည်မြန်မာ့ဆိုယ်ရှယ်လစ်လမ်းစဉ်ပါတီနိုင်ငံ ရေးလောကသို့ ပြန်လည်ဝင်ရာက်ခဲ့သည်။မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဌာနချုပ်လူထုရေးရာကော်မတီအဖွဲ့ဝင်၊ ဗဟိုရေး ရာဌာနကြီး၏အတွင်းရေးမှူးအဖြစ်လည်းကောင်း၊၁၉၇၂ ခုနှစ် အောက်တိုဘာလ ၉ရက်နေ့ မြန်မာ့ဆိုရှယ်လစ်ယမ်းစဉ်ပါတီ ဌာနချုပ်၊ သမဝါယမ စိုက်ပျိုးမွေးမြူရေးနှင့်သစ်တောရေးရာ ကော်မတီအတွင်းရေးမှူး တာဝန်ထမ်းဆောင်ခဲ့ပြီ ၁၉၇၃- ၇၄ ခုနှစ်တွင် ပါတီမှ ထွက်ခွာခဲ့၏။

ဗိုလ်ရဲထွဋ်သည် ဘီအိုင်အေတပ်မတော်သရဲကောင်း တံဆိပ်(ဒုတိယဆင့်)၊ အရေးတော်ပုံတံဆိပ်( ၁၉၄၂-ခုနှစ် )၊ လွတ်လပ်ရေးစည်းရုံးမှုတံဆိပ်(၁၉၄၅ခုနှစ်)၊ လွတ်မြောက်ရေး တံဆိပ်(၁၉၄၅ခုနှစ်စက်တင်ဘာလ)၊ လွတ်လပ်ရေးမော်ကွန်း ဝင်(ပထမအဆင့်)(၁၉၇၂ခုနှစ်)၊နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ထမဆင့်)



(၁၉၈၀ ပြည့်နှစ်) ချီးမြှင့်ခြင်းခံခဲ့ရသည်။

ရဲဘော် သုံးကျိပ်ဝင် ဗိုလ်ရဲထွဋ်သည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်တွင်နေထိုင်ရင်းဖြင့် ၂၀၁၃ခုနှစ်နိုဝင်ဘာလ ၂၇ရက်နေ့ညဉ္ဉနာရီမိနစ် ၂၀တွင် ရန်ကုန်ရှိသုခကမ္ဘာဆေးရုံ၌ လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

@@@@@@@@

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်မှူးမင်းရောင် (သခင်လှ)

## ဗိုလ်မှူးမင်းရောင် (သခင်လှ)
## လွတ်လပ်ရေးမော်ကွန်းဝင်(ပထမအဆင့်)
## (၁၉၁၇- ၁၉၈၈)

ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးမင်းရောင်အမည်ရင်းမှာ ဦးလှဖြစ်ပြီး တို့ဗမာအစည်းအရုံးဝင်သောအခါတွင် သခင်လှ ဖြစ်လာခဲ့သည်။ ငယ်နာမည်မှာ မောင်လှဖြစ်၏။ မိဘများမှာ ရန်ကုန်မြို့ရေကျော်ကြက်သွန်တန်းနေ ဦးဖိုးထင်နှင့်ဒေါ်သင်း မြိုင် တို့ဖြစ်ကြသည်၊ မောင်လှသည်ငယ်စဉ်ကပင် ခရီးယာယီ များ၍ကျောင်းမနေဖြစ်ဘဲလူပျိုပေါက်ကျမှကျောင်းနေခဲ့ရ၏။ စ၍ တက်ခဲ့သောကျောင်းမှာ ရေကျော်ဝတ်ကျောင်းလမ်း ရှိ

www.burmeseclassic.com

www.burmeseclassic.com



ဦးကျောက်လုံးကျောင်းဖြစ်၏။ ထို့နောက် ပုဇွန်တောင်ညောင်တန်းရှိကျောင်းအုပ်ကြီးဦးဖိုးလှိုင်၏မြန်မာအထက်တန်းကျောင်းတွင် နဝမတန်းအထိဆက်၍ ပညာသင်ကြားခဲ့၏။

ထို့နောက် ကန်တော်ကလေးရှိ ဆရာကြီး ဦးဖိုးအိမ်၏အင်္ဂလိပ်မြန်မာနှစ်ဘာသာသင်တန်းကျောင်းတွင်ဆက်လက်ပညာသင်ကြားခဲ့ရာ၁၀တန်းအထိရောက်ခဲ့သည်ဦးမောင်ကြီး၏ရဲတပ်ဖွဲ့သို့ဝင်ခဲ့ရာရဲညွှန့်အဖြစ်နှင့်သာလုပ်ဆောင်ခဲ့ရ၏၊ နိုင်ငံရေးအတွေးအခေါ်များရင့်ကျက်ခိုင်မာစွာသန္ဓေတည်ခဲ့ပြီ ဖြစ်သောကိုလှသည်တို့ဗမာအစည်းအရုံးဝင်သခင်လှဖြစ်လာခဲ့၏။

ဂျပန်သွားရဲဘော်သုံးကျိပ် စတုတ္ထအသုတ်တွင်ကိုလှပါဝင်ခဲ့၏။ ၁၉၄၁ခုနှစ်ဇူလိုင်လ(၈)ရက်နေတွင် ကိုရီယူမာရူးသင်္ဘောဖြင့်ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာဇူလိုင်လ ၂၂ရက်နေ့တွင်ရှန်ဟိုင်းသို့ရောက်ရှိခဲ့သည်။ ၁၉၄၁ခုနှစ်ဩဂုတ်လ ၈ရက်နေ့တွင်တိုကျိုမှ ဟိုင်နန်ကျွန်းသို့ လေယာဉ်ပျံဖြင့်သွားရောက်ရ၏။ ဩဂုတ်လ၁၁ရက်နေ့တွင်ရောက်ရှိပြီးစစ်ပညာသင်ကြားခဲ့သည်။

ဗန်ကောက်တွင်ဗမာ့လွတ်လပ်ရေးတပ်မတော်အတွက်စစ်သားစုဆောင်းကြ၊လက်နက်တပ်ဆင်ကြ၊စုဆောင်းပြီးစစ်သားများ သင်တန်းပေးရင်း အလုပ်များခဲ့ကြသည်။ ဗိုလ်နာမည်ခံ



ယူသောအခါသခင်လှနာမည်သည်ဗိုလ်မင်းရောင်ဖြစ်လာသည်။ ဗိုလ်မင်းရောင်သည် ထားဝယ်စစ်ကြောင်းကိုဦးဆောင်၍မြန်မာနိုင်ငံတွင်းသို့ ချီတက်လာခဲ့ကာအင်္ဂလိပ်နယ်ချဲ့တို့အား တိုက်ခိုက်ခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် ကိုဗမာ့ကာကွယ်ရေးတပ်မတော်ဟုဖွဲ့စည်းသောအခါတွင်ပျဉ်းမနားသို့ပြန်ဆင်းကာတပ်ရင်းမှူးဗိုလ်ရန်နိုင်၏တပ်ရင်း(၂)တပ်ခွဲ(၂)တွင် တပ်ခွဲမှူးအဖြစ် တာဝန်ယူရသည်။ ဖက်ဆစ်တော်လှန်ရေးကာလ သို့ရောက်သောအခါ ဗိုလ်မှူးမင်းရောင်သည် တိုင်း (၄) ( ပဲခူး၊ ရွှေကျင်၊သထုံ)တွင်ပါဝင်ခဲ့သည်၊ဦးကျော်ငြိမ်း၊လေး၊သခင်ချစ်၊ဦးဗဆွေတို့နှင့်အတူ လောင်းဝစ်လမ်းတွင်လျှို့ဝှက်စွာလှုပ်ရှားခဲ့ရ၏။ ကြေညာစာတမ်းများလျှို့ဝှက်စွာရိုက်ရ၊ဝေငှရ ပို့ရနှင့်ဂျပန်ဆန့်ကျင်လှုပ်ငန်းများကိုဂျပန်များအကြားတွင်လုပ်ခဲ့ရသည်။

ဒုတိယကမ္ဘာစစ်ပြီးသောအခါဗိုလ်မှူးမင်းရောင်သည် တပ်မတော်မှအနားယူလိုက်၏။ တော်လှန်ရေးအစိုးတက်လာသောအခါ သက်ဆိုင်ရာမှ တာဝန်ပေးသဖြင့် နိုင်ငံတော်အစလုပ်ငန်းအဖွဲ့၌ အထူးအရာရှိတာဝန်ကိုယူခဲ့သည်အမှတ်(၂၀၆)ဆိပ်ကမ်းသာလမ်း(လွှစ္စလမ်း)တွင်ဇနီးဒေါ်ခင်ညွန့်သမီးခင်ခင်စိုး

www.burmeseclassic.com

www.burmeseclassic.com



တို့နှင့်အတူ နေထိုင်ခဲ့၏။

၁၉၅၉ ခုနှစ် မတ်လ ၂၇ရက်နေ့မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနောက်ဆုံးကဏ္ဍ၌ကိုယ်ကျိုးမငဲ့ဘဲတိုင်းပြည်နှင့်လူမျိုးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့်နိုင်ငံတော်မှလွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်) တံဆိပ်ချီးမြှင့်ဂုဏ်ပြုခဲ့၏။

၁၉၈၀ခုနှစ်ဇွန်လ၇ရက်နေ့တွင်နိုင်ငံတော်၏အကျိုးကိုဦးစီးဆောင်ရွက်ခဲ့သည့်အတွက်နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ပထမဆင့်)ချီးမြှင့်ခဲ့သည်။

ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးမင်းရောင်သည် ၁၉၈၈ခုနှစ် နိုဝင်ဘာလ၆ရက်မွန်းလွဲ(၁)နာရီတွင်ရန်ကုန်ဆေးရုံကြီးတွင်ကွယ်လွန်ခဲ့သည်။

@@@@@@@@@



ရဲဘော်သုံးကျိပ်တို့ ဂျပန်နိုင်ငံ စစ်ပညာသင်ခရီး၊ ကျောင်းအုပ်ကြီးနှင့်သင်တန်းနည်းပြများနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်မှူးဇင်ယော် (သခင်သန်းညွန့်)

## ဗိုလ်မှူးဇင်ယော် (သခင်သန်းညွန့်)
## လွတ်လပ်ရေးမော်ကွန်းဝင်(ပထမအဆင့်)
## (၁၉၁၉- ၁၉၉၃)

ရဲဘော်သုံးကျိပ်ဝင်ဖြစ်သည့် ဗိုလ်မှူးဇင်ယော်ကို ဟံသာဝတီခရိုင်၊ခရမ်းမြို့နယ်၊အေးရွာတွင်၁၉၁၉ ခုနှစ်နိုဝင်ဘာလ ၂၁ရက် သောကြာနေ့တွင် မိဘများဖြစ်သည့်ဦးဘို၊ဒေါ်နှင်းမြ တို့မှ မွေးဖွားခဲ့၏ တစ်ဦးတည်းသောသားဖြစ်ပြီး ငယ်နာမည်မှာ မောင်သန်းညွန့်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ခရမ်းမြို့ အေးရွာတွင် အလယ်တန်းပညာသင်ကြားခဲ့ပြီး ၁၉၃၆ ခုနှစ်တွင် ပုဇွန်တောင်မြူနီစီပယ် အထက်တန်းကျောင်းသို့ပြောင်းရွှေ့၍ အထက်တန်းပညာကိုသင်ကြားရသည်၊ အထက်တန်းကျောင်းသားဗိုလ်မှူးမောင်သန်းညွန့်သည် ပုဇွန်တောင်မြို့နယ်မြူနီစပယ် အထက်တန်းကျောင်းမှနေ၍ ကျောင်းသားသပိတ်အရေးတော်ပုံဖြစ်ပြီး နောက်တစ်နှစ် ၁၉၃၈ ခုနှစ်အသက် ၁၉နှစ် အရွယ် မောင်သန်းညွန့်သည်တို့ဗမာအစည်းအရုံးဝင် ဖြစ်ခဲ့ပြီး သခင်သန်းညွန့် ဖြစ်လာခဲ့သည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် စေလွှတ်သည့် စတုတ္ထအသုတ်နှင့်အတူ ၁၉၄၃ခုနှစ် ဇူလိုင်လ ၈ရက်နေ့ တွင် ကိုရိယုမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာဇူလိုင်လ ၂၂ရက်နေ့ တွင် ရှန်ဟိုင်းသို့ ရောက်ရှိခဲ့သည်။ ၁၉၄၁ခုနှစ် ဩဂုတ်လ၈ရက်နေ့တွင်တိုကျိုမှဟိုင်နန်ကျွန်းသို့လေယာဉ်ပျံဖြင့် သွားရောက်ခဲ့ရာ ဩဂုတ်လ ၁၁ရက်နေ့ တွင် ရောက်ရှိခဲ့ပြီး စစ်ပညာများသင်ကြားခဲ့သည်။

ရဲဘော်သုံးကျိပ်ဝင်များကိုယိုးဒယားပြည်ဗန်ကောက်မြို့သို့ရောက်ရှိခဲ့၏။ဗန်ကောက်မြို့တွင် မြန်မာလူငယ်ရဲဘော်သုံးကျိပ်၏အမည်များကို ဗိုလ်နာမည်ဖြင့်သာ မှည့်သောအခါ



သခင်သန်းညွန့်သည်ဗိုလ်ဇင်ယော်ဟုမှည့်ခေါ်ခဲ့၏၊ ယိုးဒယားနိုင်ငံဗန်ကောက်မြို့တွင် ဖွဲ့စည်းခဲ့ကြသောဗမာ့လွတ်လပ်ရေးတပ်မတော်မှဇင်းမယ်စစ်ကြောင်းချီတက်ကာ တပ်ရင်းတစ်ရင်းကိုမော်လမြိုင်စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်းသို့ ချီတက်၍ ဗြိတိသျှတို့ကိုတိုက်ခိုက်ခဲ့သည်။

၁၉၄၂ ခုနှစ် ဇူလိုင်လတွင်ဘီအိုင်အေတပ်မတော်ကို ဖျက်သိမ်းခဲ့ပြီးဘီဒီအေခေါ် ဗမာ့ကာကွယ်ရေးတပ်မတော်ကို ဖွဲ့စည်းခဲ့သည်။ ၁၉၄၂ခုနှစ်ဇူလိုင်လ ၂၈ရက်နေ့တွင်ဗမာ့ကာကွယ်ရေးတပ်မတော်၌ ဗိုလ်ကြီးအဆင့်ဖြင့်တပ်ရင်း(၃)တပ်ခွဲ(၃)တွင် တပ်ခွဲမှူးအဖြစ် တာဝန်ယူခဲ့သည်၁၉၄၃ခုနှစ် ဇူလိုင်လတွင်ဗိုလ်ကြီးဇင်ယော်သည်စက်မှုလက်မှုတပ်ရင်း(၁)တပ်ခွဲမှူးဖြစ်လာခဲ့သည်။

၁၉၄၄ခုနှစ်ဩဂုတ်လတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးအဖြစ်ပြောင်းရွှေ့တာဝန်ယူခဲ့သည်၊၁၉၄၄ခုနှစ်နိုဝင်ဘာလတွင်မန္တလေးအထက်မြန်မာပြည်တိုင်းသို့ပြောင်းရွှေ့ကာတပ်ရင်းမှူးအဖြစ်တာဝန်ယူခဲ့သည်။၁၉၄၅ ခုနှစ် ဖေဖော်ဝါရီလတွင် ဘယ်ဘက်လက်၌သေနတ်ဒဏ်ရာရခဲ့သဖြင့် ရန်ကုန်မြို့လောင်းဝစ်စ်လမ်းစစ်ဆေးရုံကြီး၌တက်ရောက် ကုသ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသည်။ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့ ဖက်ဆစ်တော်လှန်ရေးဆင်နွှဲချိန်တွင် ဒိုက်ဦးမှတစ်ဆင့် ပဲခူးတွင် တိုင်း(၄) (ပဲခူး၊ရွှေကျင်၊နှင့်သထုံ) စစ်ဌာနချုပ်နှင့်ဆက်သွယ်မှုရပြီး ပါသွားခဲ့၏။

ကန္တာရချုပ် အရ မျိုးချစ်ဗမာ့တပ်မတော် ဖျက်သိမ်းသောအခါတပ်မတော်မှအပြီးထွက်ခဲ့သည်ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ဖွဲ့စည်းသော ပြည်သူ့ရဲဘော်တပ်ဖွဲ့တွင် ဗိုလ်မှူးဇင်ယော်ပါဝင်တာဝန်ယူခဲ့သည်ရန်ကုန်ခရိုင် ပြည်သူ့ရဲဘော်တပ်ဖွဲ့တွင်ဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့သည်၊၁၉၄၇ခုနှစ်အလုပ်သမားအစည်းအရုံး(မြန်မာနိုင်ငံတွင်) တွဲဖက်အတွင်းရေးမှူးအဖြစ်တာဝန်ယူခဲ့သည်။

၁၉၄၈ ခုနှစ် မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂါယမအသင်းတွင်အတွင်းရေးမှူးအဖြစ်တာဝန်ယူခဲ့သည်၊၁၉၅၀ပြည့်နှစ်တွင်မြန်မာနိုင်ငံအလုပ်သမားများသမဝါယမအသင်းမှထွက်၍ကိုယ်ပိုင်ကန်ထရိုက်လုပ်ငန်းများလုပ်ခဲ့ကာစီးပွားရေးဘက်သို့ဦးတည်ခဲ့သည်၊၁၉၅၄ခုနှစ်တွင်ရဲဘော်ဗိုလ်စကြာတည်ထောင်သော စကြာကုမ္ပဏီတွင် မန်နေဂျာအဖြစ် တာဝန်ယူဆောင်ရွက်ကာ ၁၉၅၈ ခုနှစ်တွင်နုတ်ထွက်ခဲ့သည်။



၁၉၅၈ခုနှစ်တွင် နိုင်ငံရေးနယ်ပယ်သို့ပြန်လည်ဝင်ရောက်ကာပဲခူးခရိုင်သန့်ရှင်းဖဆပလအဖွဲ့(နောင်ပြည်ထောင်စုပါတီ)တွင်ခရိုင်အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့၏။ ၁၉၆၀ပြည့်နှစ်တတိယအကြိမ်ပါလီမန်ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် သန့်ရှင်းဖဆပလအမတ်လောင်းအဖြစ် ကဝမြို့နယ်မဲဆန္ဒနယ်မှ ဝင်ရောက်အရွေးခံ၍ အမတ်ဖြစ်လာခဲ့သည်။ ၁၉၆၀ပြည့်နှစ် မေလမှ ၁၉၆၂ခုနှစ်မတ်လအထိလုပ်ခဲ့သည်။ ၁၉၆၃-၆၄ ခုနှစ်များတွင် မြန်မာနိုင်ငံ စစ်ပြန်စစ်မှုထမ်းများအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။

၁၉၆၄ခုနှစ် စက်တင်ဘာလ၁၁ရက်နေ့မှစ၍ သစ်လုပ်ငန်းကော်ပိုရေးရှင်းဒုတိယမန်နေဂျာ(သစ်မာ)အထူးတာဝန်များယူကာ ရန်ကင်းမြို့နယ်တွင်မိသားစုနှင့်အတူနေထိုင်ခဲ့သည်။ ၁၉၅၉ခုနှစ်မတ်လ ၂၇ရက်နေ့တွင်လွတ်လပ်ရေးမော်ကွန်းဝင်ပထမဆင့် နှင့်၁၉၈၀ပြည့်နှစ်ဇွန်လ၇ရက်နေ့တွင် နိုင်ငံ့ဂုဏ်ရည်ပထမဆင့်ချီးမြှင့်ခဲ့သည်။

၁၉၉၃ခုနှစ် ဒီဇင်ဘာလ(၃၁)ရက်နေ့၌ရန်ကုန်မြို့တွင်ကွယ်လွန်ခဲ့သည်။

@@@@@@@@

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်မှူးတာရာ (သခင် ခင်မောင်ဦး)

## ဗိုလ်မှူးတာရာ (သခင် ခင်မောင်ဦး)

## လွတ်လပ်ရေးမော်ကွန်းဝင်(ပထမအဆင့်)
(၁၉၁၉- ၁၉၉၃)

ရဲဘော်သုံးကျိပ်ဝင်များအနက်ထူးခြားစွာစာပေရေးသားမှုများကိုအထူးဝါသနာပါခဲ့သူတစ်ဦးမှာ ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်) ဟူသော ကလောင်အမည်ဖြင့်ထင်ရှားကျော်ကြားခဲ့သော ဗိုလ်မှူးတာရာပင်ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးတာရာကိုပျဉ်းမနားမြို့ဆန်စက်ပိုင်ရှင် ဦးအကောက် ဒေါ်လွန်းတို့မှ ၁၉၁၉ ခုနှစ် ဧပြီလ ၁၃ရက်နေ့တွင် ဖွားမြင်ခဲ့၏။ အမည်ရင်းမှာ ကိုခင်မောင်ဦးဖြစ်၏။ ပျဉ်းမနားမြို့ ကေအီးအမ်အထက်တန်းကျောင်းမှ၁၉၃၈ခုနှစ်တွင်ဆယ်တန်းအောင်သည်။ပညာသင်ကြားနေစဉ်ရန်ကုန်မြို့မှရောက်ရှိလာသောကျောင်းသားခေါင်းဆောင်သခင်အောင်ဆန်းနှင့်တွေ့ဆုံမိကာ နယ်ချဲ့ဆန့်ကျင်ရေး ဆောင်ရွက်မှုကို အားကျကာ တို့ဗမာအစည်းအရုံးသို့ဝင်ကာသခင်ခင်မောင်ဦးဖြစ်လာခဲ့၏။ သာယာဝတီမြို့ တို့ဗမာအစည်းအရုံးညီလာခံကျင်းပရန်အတွက် ရန်ကုန်မြို့တွင် ပဏာမစီစဉ်မှု အစည်းအဝေး ကျင်းပသောအခါ သခင် ခင်မောင်ဦးသည် သခင်သိန်းမောင်နှင့်အတူ ပျဉ်းမနားခရိုင် ကိုယ်စားလှယ်အဖြစ် အစည်းအဝေးတက်ရန် ရွေးချယ်ခံခဲ့ရသည်။

သခင်ခင်မောင်ဦးသည်ရဲဘော်သုံးကျိပ်ဝင်များ ဂျပန်ပြည်သို့စစ်ပညာသင်သွားသောအခါတတိယအသုတ် ရဲဘော်များနှင့်လိုက်ပါသွားခဲ့၏။ဟိုင်နန်ကျွန်းတွင်စစ်ပညာများစနစ်တကျသင်ကြားပြီးသောအခါ သခင်ခင်မောင်ဦးတို့သည် ဖော်မိုဆာကျွန်းမှတဆင့် အင်ဒိုချိုင်းနားနိုင်ငံဆေးဂုံမြို့ မှ တဆင့်



ယိုးဒယားနိုင်ငံဗန်ကောက်မြို့သို့ခရီးဆက်ခဲ့၏။ယိုးဒယားနိုင်ငံတွင်မြန်မာ့လွတ်လပ်ရေးတပ်မတော်ကြီးကိုဖွဲ့စည်းတည်ထောင်ခဲ့၏။ရဲဘော်သုံးကျိပ်ဝင်များသည် သခင်နာမည်ဖျောက်ပြီးဗိုလ်နာမည်များပြောင်းလဲကြသောအခါဗိုလ်တာရာအမည်ကိုခံယူခဲ့သည်။ ဗိုလ်တာရာတို့သည် မြန်မာနိုင်ငံသို့လေထီးဖြင့်ဆင်းရန်အစီအစဉ်ဖျက်ပြီး ဇင်းမယ်မှတဆင့် ဝင်ရောက်ရမည်ဖြစ်သည်။ ဗိုလ်တာရာတို့၏ အတွင်းသူပုန်တပ်ဖွဲ့ဝင်များကို ဗိုလ်မှူးနေဝင်းက ဦးစီးကွပ်ကဲရပြီး မြန်မာပြည်နယ်စပ်ဆီသို့ ဦးတည်ချီတက်ရန် အစီအစဉ်ပြောင်းခဲ့၏။ မြန်မာနိုင်ငံတွင်းသို့ဝင်ရောက်ခဲ့ပြီး မြူးမြို့၊ ပျဉ်းမနားမြို့ နှင့် ပဲခူးမြို့တို့တွင် စစ်ပညာသင်တန်းပေးခြင်း ၊ စစ်လက်နက်ငယ်များသင်တန်းပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

၁၉၄၂ခုနှစ်ဇူလိုင်လ ၂၇ရက်ဘီအိုင်အေဖျက်သိမ်းခဲ့၏ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)ဖွဲ့စည်းသောအခါ ဗိုလ်ကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့၏။ ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလ တိုင်း၆(မိတ္ထီလာ၊ပျဉ်းမနား၊တောင်ငူနှင့်တောင်ပိုင်းရှမ်းပြည်)တွင်တာဝန်ကျကာဖက်ဆစ်ဂျပန်များကို တော်လှန်တိုက်ခိုက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၅ ခုနှစ် ဗမာပြည်ကွန်မြူနစ်ဝင်ဖြစ်ခဲ့၏။ ၁၉၆၄ ခုနှစ်ဗမာပြည်ကွန်မြူနစ်ပါတီသည် လိုအပ်ပါကလက်နက်ကိုင်တော်လှန်ရေးဆင်နွှဲရန် ဗိုလ်တာရာဦးစီးသည့်တပ်များအားဖျဉ်းမနားဒေသတွင် ကြိုတင်အခြေချခိုင်းခဲ့၏။ ၁၉၄၈ခုနှစ် ဒီဇင်ဘာလတွင် ဉပဒေဘောင်တွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့၏။

၁၉၆၀ပြည့်နှစ် တတိယအကြိမ်ပါလီမန်ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် သန့်ရှင်းဖဆပလအမတ်လောင်းအဖြစ်ဝင်ရောက်အရွေးခံရာလွှတ်တော်အမတ်အဖြစ်ရွေးကောက်တင်မြှောက်ခံရသည်။ ၁၉၆၂ ခုနှစ်နောက်ပိုင်း နိုင်ငံရေးမှအနားယူခဲ့၏။ ရန်ကင်းမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့တွင်အဖွဲ့ဝင်တစ်ဦးအဖြစ်ပါဝင်ဆောင်ရွက်ခဲ့၏။

ဗိုလ်မှူးတာရာသည်စာပေရေးသားခြင်းဖြင့်အသက်မွေးဝမ်းကျောင်းအမှုကိုပြုကာ လွတ်လပ်ရေး၏သည်ဘက်ခရီးကိုလျှောက်ခဲ့၏။ ရဲဘော်သုံးကျိပ်ဝင်များ၏ပြည်တော်ပြန်ခရီးကိုဖော်ပြသော **ရဲဘော်သုံးကျိပ်ပြည်တော်ပြန်** အခန်းဆက်ဆောင်းပါးကြီးကို မြဝတီမဂ္ဂဇင်းတွင် လပေါင်းများစွာ ရေးသားခဲ့ပြီးစာအုပ်ထုတ်ဝေခဲ့ရာ စာပေဗိမာန်ဆု ဆွတ်ခူးခဲ့၏။

ဗိုလ်မှူးတာရာသည်အမဲလိုက်၊တောပစ်ခြင်းများကို ဝါ



သနာထုံသူဖြစ်ရကား မဂ္ဂဇင်းများတွင် တောလိုက် အမဲပစ်ဝတ္ထုဆောင်းပါးများရေးသားခဲ့၏၊ ရေးသားခဲ့သောဝတ္ထုဆောင်းပါးများတွင်မြန်မာလူငယ်များအတုယူဖွယ် ရဲသွေး၊ရဲစိတ်ပြည့်စုံစွာရေးသားခဲ့သည်။

၁၉၇၂ ခုနှစ် မတ်လ ၂၅ရက်နေ့တွင် မော်ကွန်းဝင်(ပထမဆင့်)နှင့်၁၉၈၀ခုနှစ်ဇွန်လ(၇)ရက်နေ့တွင်နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)တို့ကို နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်ခဲ့၏။

၁၉၉၃ ခုနှစ် ဖေဖော်ဝါရီလ ၆ရက် နေ့၌ရန်ကုန်မြို့တွင် ကွယ်လွန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်မှူးဗေယျ (သခင် လှမောင်)

## ဗိုလ်မှူးဗေယျ (သခင် လှမောင်)
## လွတ်လပ်ရေးမော်ကွန်းဝင်(ပထမအဆင့်)
## (၁၉၁၃- ၁၉၆၈)

ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးဗေယျ(သခင်လှမောင်)ကို ၁၉၁၃ ခုနှစ်ဒီဇင်ဘာလ၁၀ရက်နေ့တွင်မိဘများဖြစ်ကြသော ဦးချစ်မောင်ဒေါ်စိန်တိုင်တို့မှအလုံမြို့နယ် နန်းတော်ရှေ့ရွာ၌ ဖွားမြင်ခဲ့သည်။ အမည်ရင်းမှာ ကိုလှမောင်ဖြစ်သည်။

ငယ်စဉ်က ရန်ကုန်မြို့ မြို့မအမျိုးသားအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ၁၉၃၄ခုနှစ်တွင်ဆယ်တန်းအောင်မြင်ခဲ့သည်။၁၉၃၄-၃၅ခုနှစ်တွင်ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်တက္ကသိုလ် တတိယနှစ်အရောက်တွင် ကျောင်းသားကိုလှမောင်သည် ၁၉၃၈ခုနှစ်တက္ကသိုလ်ကျောင်းသားသပိတ်တွင်ဦးဆောင်ပါဝင်ခဲ့သည်။

၁၉၃၉ ခုနှစ် ဖေဖော်ဝါရီလ၁၀ရက်နေ့တွင်မန္တလေးမြို့ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး ဆန္ဒပြပွဲတွင်ပါဝင်ခဲ့ပြီး ဒဏ်ရာရရှိခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မှ ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။ ၁၉၃၉ ခုနှစ် နိုဝင်ဘာလ ၁၈ရက်နေ့ ဗြိတိသျှနယ်ချဲ့အစိုးရအား တော်လှန်တိုက်ခိုက်ရန် သခင်နု၊ သခင်အောင်ဆန်းခေါင်းဆောင်သောလျှို့ဝှက်မြေအောက်တော်လှန်ရေးအဖွဲ့ ဖွဲ့စည်းသည့်အခါ အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့သည်။

မြန်မာလူငယ်များစစ်ပညာသင်ရန်ဂျပန်နိုင်ငံသို့ လျှို့ဝှက်စွာထွက်ခွာသည့်အထဲတွင်တတိယအသုတ်အဖြစ် ၁၉၄၁ ခုနှစ်မေလတွင် ကိုဆိုင်မာရူးသင်္ဘောဖြင့်ဂျပန်နိုင်ငံသို့ထွက်ခွာခဲ့သည်။ ၁၉၄၁ခုနှစ်မေလကုန်တွင် ဂျပန်နိုင်ငံသို့ရောက်ရှိပြီးဟိုင်နန်ကျွန်းတွင် စစ်ပညာများသင်ကြားခဲ့သည်။ဂျပန်နိုင်ငံတွင်လူငယ်စစ်ပညာသင်များဗိုလ်နာမည်ခံယူသောအခါသခင်လှမောင်သည် ဗိုလ်ဇေယျအမည်ခံယူခဲ့သည်ဗိုလ်ဇေယျသည် ဗြိတိသျှနယ်ချဲ့အစိုးရကိုတိုက်ခိုက်၍မြန်မာနိုင်ငံတွင်းမှ ပြည်



တွင်းသူပုန်တပ်ဖွဲ့ကို ဖွဲ့စည်းရန်အတွက်၁၉၄၁ခုနှစ်ဒီဇင်ဘာလ၁၁ရက်နေ့တွင် ရန်ကုန်မြို့ သို့ တိတ်တဆိတ်ရောက်ရှိလာခဲ့သည်။ မြန်မာနိုင်ငံအတွင်း လျှို့ဝှက်ဖွဲ့စည်းထားသောသခင်မြခေါင်းဆောင်သည့်ပြည်သူ့အရေးတော်ပုံပါတီနှင့်ဆက်သွယ်ပြီးနောက်ဂျပန်နိုင်ငံမှကြိုတင်ရေးဆွဲပေးပို့သောအတွင်းသူပုန်တပ်ဖွဲ့လုပ်ငန်းစဉ်ကိုဗိုလ်ဇေယျက လက်ကမ်းဖြန့်ဖြူးခဲ့သည်။

ဘီအိုင်အေဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးရန်ကုန်မြို့ကို မသိမ်းပိုက်မီ ဗိုလ်ဇေယျသည် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင်အတွင်းသူပုန်တပ်ဖွဲ့များဖွဲ့စည်းပေးခြင်း၊လက်နက်ကိုင်တွယ်နည်းနှင့်ဖောက်ခွဲရေးပစ္စည်းများအသုံးပြုနည်းသင်တန်းများ လျှို့ဝှက်စွာဖွင့်လှစ်ခဲ့သည်။

၁၉၄၂ ခုနှစ် ဧပြီလ၅ရက်နေ့တွင် ဗိုလ်မှူးကြီးဇေယျသည် ဘီအိုင်အေ ဗမာ့လွတ်လပ်ရေးတပ်မ (၁)ကိုဦးစီးလျက်အထက်မြန်မာနိုင်ငံရှိဗြိတိသျှစစ်တပ်ကြီးကိုရှင်းလင်းတိုက်ခိုက်ရန်ချီတက်ခဲ့သည်၁၉၄၂ခုနှစ်တွင် ဘီအိုင်အေတပ်မတော်ကြီးကိုဖျက်သိမ်း၍ဘီဒီအေတပ်မတော်ဖွဲ့စည်းသောအခါဗိုလ်မှူးအဆင့်ဖြင့်ပါဝင်ခဲ့သည်၊မင်္ဂလာဒုံဗမာ့တပ်မတော်ဗိုလ်သင်တန်းကျောင်းတွင်ကျောင်းအုပ်ကြီးတာဝန်ထမ်းဆောင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၄ ခုနှစ်ဩဂုတ်လ ၂၃ရက်ဗိုလ်ချုပ်အောင်ဆန်းနေအိမ်၌ ကျင်းပသော ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ဖွဲ့စည်းသော အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ၁၉၄၄ ခုနှစ်အောက်တိုဘာလတွင် ဗမာနိုင်ငံအစိုးရ၌ ဒုတိယစစ်ဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်၊ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလ ရှေ့တန်းစစ်ဌာနချုပ်၌ စစ်ဦးစီးမှူးအဖြစ်တာဝန်ယူကာ ဖက်ဆစ်ဂျပန်ကိုတိုက်ဖျက်ခဲ့သည်။

၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၂ရက်နေ့ တွင်ဗမာ့တပ်မတော်ခေါင်းဆောင် အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ၁၉၄၅ ခုနှစ်စက်တင်ဘာလဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ သီဟိုဠ်(ယခုသီရိလင်္ကာ)နိုင်ငံ ကန္ဒီမြို့ရှိဗြိတိသျှစစ်အရာရှိကြီးများတွေ့ဆုံစည်းဝေးပွဲသို့ အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ဒုတိယဗိုလ်မှူးဇေယျသည် စစ်ဦးစီးအရာရှိပထမတန်း အဖြစ် ၁၉၄၈ခုနှစ်ဩဂုတ်လအထိတာဝန်ထမ်းဆောင်ခဲ့သည်၊၁၉၄၈ခုနှစ်ဇူလိုင်လ ၁၆ရက်နေ့တွင်ဖွဲ့စည်းခဲ့သောလက်ဝဲညီညွတ်ရေး ကောင်စီ၏ အဓိကကာလမ်းစဉ်ကို လက်ခံကာ၁၉၄၈ ခုနှစ် ဩဂုတ်လ



၁၀ရက်နေ့ ဗမာ့တပ်မတော်တပ်ရင်းအချို့တောခိုပါဝင်ခဲ့သည်။ ၁၉၅၀ခုနှစ်ဗမာပြည်ကွန်မြူနစ်ပါတီနှင့်တောခိုတပ်များပူးပေါင်းခဲ့သည်။ ဗိုလ်ဇေယျမြန်မာပြည်ကွန်မြူနစ်ပါတီတွင်ဗဟိုကော်မတီဖြစ်လာခဲ့သည်။

၁၉၆၃ခုနှစ် ဇူလိုင်လ ၂၃ရက်နေ့တွင် ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားပြီး ၁၉၆၃ ခုနှစ် နိုဝင်ဘာလ ၁၆ရက်နေ့တွင် သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်ရှိ ဗကပ တောတွင်းစခန်းသို့သွားရောက်ခဲ့သည်။

၁၉၆၈ ခုနှစ် ဧပြီလ ၁၆ရက်နေ့ အသက် (၅၃)နှစ်အရွယ် ဗမာ့တပ်မတော် မှ ဗကပဌာနချုပ်သို့ ဝင်ရောက်ပြီးစီးနင်းတိုက်ခိုက်စဉ် ကျဆုံးခဲ့၏။

@@@@@@@@

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်မှူးစကြာ (သခင်အောင်သန်း)

## ဗိုလ်မှူးစကြာ (သခင် အောင်သန်း)
## လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)
## (၁၉၁၅-၁၉၆၉)

ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးစကြာ(သခင်အောင်သန်း) ကို၁၉၁၅ခုနှစ် ဇူလိုင်လ(၁)ရက်နေ့တွင်ဖခင်ဦးမြတ်သာ၊မိခင် ဒေါ်သန်းတင် တို့မှ ရန်ကုန်မြို့တွင် မွေးဖွားခဲ့သည်။

မောင်အောင်သန်းသည် ရန်ကုန်မြို့တွင် ထင်ရှားသော ခရစ်ယန်ဘာသာ သာသနာပြု ဒိုင်အိုစီဇင်ယောကျ်ားကလေးအထက်တန်းကျောင်းနှင့်ရန်ကုန် အစိုးရအထက်တန်းကျောင်းတို့တွင်ပညာသင်ကြားခဲ့၏၊ထို့ပြင်အစိုးရဆေးပညာသင်ကျောင်းတွင်လည်း ဆေးပညာများသင်ကြားခဲ့သည်။

ခရစ်ယန်ဘာသာသာသနာပြုကျောင်းတွင်ပညာသင်ကြားနေရသော်လည်းမျိုးချစ်၊ဘာသာ၊သာသနာချစ်စိတ်များဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကိန်းအောင်းနေခဲ့သောလူတစ်ယောက်ဖြစ်ရကားနယ်ချဲ့ဆန့်ကျင်ရေးအဖွဲ့အစည်းဖြစ်သည့် တို့ဗမာ အစည်းအရုံးသို့ ဝင်ရောက်ခဲ့သည်။နာမည်ရင်းမောင်အောင်သန်းမှ သခင်အောင်သန်းနာမည်ကိုခံယူခဲ့သည်။

၁၉၃၈ခုနှစ်ဇန်နဝါရီလ(၁)ရက်နေ့သခင်အောင်သန်းအသက်(၂၃)နှစ်အရွယ် ၁၃၀၀ပြည့်အရေးတော်ပုံကြီးတွင်ပါဝင်ခဲ့ပြီးချောက်ရေနံမြေသပိတ်အလုပ်သမားထုကြီးကိုနယ်ချဲ့ဆန့်ကျင်ရေးတရားဟော၍ လှုံ့ဆော်ခဲ့သည်။နယ်ချဲ့ဆန့်ကျင်ရေးတရားဟောမှုဖြင့် သခင်အောင်ဆန်းကို ဗြိတိသျှအစိုးရ အာဏာပိုင်တို့က ဖမ်းဆီးပြီး ထောင်ချခဲ့သည်။

၁၉၃၈ခုနှစ် တို့ဗမာအစည်းအရုံး နှစ်ခြမ်းကွဲသွားသောအခါ သခင်ထွန်းအုပ်၊ သခင်ဗစိန် တို့ဗမာအစည်းအရုံး တွင်ပါဝင်ခဲ့သည်။၁၉၄၀ ပြည့်နှစ် ဇွန်လ ၁၀ရက်နေ့တွင် ဂျူဗလီဟော၌သခင်ဗစိန်၊သခင်ထွန်းအုပ်၊ သခင်အောင်သန်း၊(သခင်ချစ်တင်၊ သခင်ခင်မောင်)တို့သည် ဂျပန်သွားစိုက်ဆိုင်ပိုင်ရှင်မစ္စတာကိုကုဘုနှင့်လျှို့ဝှက်စွာတွေ့ဆုံကာမြန်မာ့လွတ်လပ်ရေးအတွက် ဂျပန်နိုင်ငံမှအကူအညီရရန် ဆွေးနွေးခဲ့သည်။

သခင်ထွန်းအုပ်၊သခင်ဗစိန် တို့ဗမာအစည်းအရုံး က



ဂျပန်နှင့်ဆက်သွယ်ရန်ယိုးဒယားနိုင်ငံသို့စေလွှတ်သည့်အတွက်ထိုင်းနိုင်ငံသို့ စွန့်စားစွာသွားရောက်ခဲ့ရာ၁၉၄၀ပြည့်နှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိခဲ့သည်၊ဗန်ကောက်တွင်ဂျပန်အာဏာပိုင်များနှင့် ဆက်သွယ် ဆောင်ရွက်ခဲ့ပြီးသခင်ထွန်းအုပ်ထံမြန်မာနိုင်ငံရှိနိုင်ငံရေးအဖွဲ့သုံးလေးဖွဲ့မှ လူငယ်လေးဆယ်ခန့် စစ်ပညာသင်ရန်အတွက် လျှို့ဝှက်စွာ စေလွှတ်ပေးရန် အကြောင်းကြားခဲ့သည်။

သခင်အောင်သန်းထိုင်းနိုင်ငံတွင် ရောက်နေကြောင်းမိနာမိအဖွဲ့ဥက္ကဋ္ဌဗိုလ်မှူးကြီးဆူဇူကီးသိရှိသွားသဖြင့်စစ်ပညာသင်ရန် ဟိုင်နန်ကျွန်းသို့ပို့ပေးခဲ့သည်။ ဂျပန်စစ်ပညာသင်ယူပြီး ယိုးဒယားနိုင်ငံ၌ ဘီအိုင်အေ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီး ဖွဲ့စည်း၍ ဗိုလ်နာမည်များ ခံယူလိုက်သောအခါဗိုလ်စကြာနာမည်ကိုခံယူခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)စစ်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်း ချီတက်စဉ်ဗိုလ်ကျော်ဇောဦးဆောင်သည့် လက်နက်ခဲယမ်းမီးကျောက်နှင့်သယ်ယူပို့ဆောင်ရေးတပ်ဖွဲ့နှင့်အတူ ချီတက်လိုက်ပါခဲ့သည်၊၁၉၄၂ ခုနှစ်ဇူလိုင်လ(၂၇)ရက်နေ့တွင် ဘီအိုင်အေ ကို ဖျက်

www.burmeseclassic.com



သိမ်း၍ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)ဖွဲ့စည်းသော အခါဒုတိယဗိုလ်မှူးကြီးအဆင့်ဖြင့်စစ်ဦးစီးတာဝန်ထမ်းဆောင် ခဲ့သည်။

၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ရက်နေ့တွင် ဂျပန်စစ်အာဏာပိုင်တို့၏ ဂျပန်ခေတ်မြန်မာအစိုးရအဖွဲ့တွင် ဒုတိယကာကွယ်ရေးဝန်ကြီးအဖြစ်ထမ်းဆောင်ခဲ့၏။ ၁၈-၄-၁၉၄၄နေ့တွင်ဂျပန်နိုင်ငံတော်ဆိုင်ရာမြန်မာအစိုးရ၏စစ်သံမှူးရာထူးဖြင့် ဂျပန်နိုင်ငံတိုကျိုမြို့သို့ရောက်ရှိခဲ့၏။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသောအခါ ၁၉၄၅ ခုနှစ်တွင် ဗိုလ်စကြာသည်မြန်မာနိုင်ငံသို့ပြန်ရောက်လာ၍ ၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အင်္ဂလန်နိုင်ငံသို့သွားရောက်ရာတွင်အတိုင်ပင်ခံအဖြစ် လိုက်ပါခဲ့ပြီး၁၈၄၈ခုနှစ်တွင်ပြည်ထဲရေးဝန်ကြီးဌာန ပါလီမန်အတွင်းဝန်အဖြစ်ခန့်အပ်ခြင်းခံရသည်။

ဗမာပြည်ဆိုရှယ်လစ်ပါတီသို့ဝင်ရောက်ခဲ့ပြီ ဖဆပလ အဖွဲ့ချုပ် နိုင်ငံရေးရာကော်မတီတွင် အဖွဲ့ဝင်ဖြစ်လာခဲ့၏။ ဗမာ့လေကြောင်းပို့ဆောင်ရေးလေယာဉ်ကုမ္ပဏီနှင့်သီရိစကြာကုမ္ပဏီကိုတည်ထောင်ခဲ့သည်။ ၁၉၅၁ ခုနှစ် ပထမအကြိမ်



ပါလီမန်ရွေးကောက်ပွဲ၌သရက်တောင်ပိုင်းမဲဆန္ဒနယ်မှဖဆပလ အမတ်လောင်းအဖြစ်ဝင်ရောက်အရွေးခံခဲ့ရာအနိုင်ရပြီးပါလီမန်အမတ်ဖြစ်လာခဲ့၏။

၁၉၅၈ ခုနှစ် ဖဆပလ နှစ်ခြမ်းကွဲခဲ့ရာ တည်မြဲဖဆပလပါဝင်ခဲ့၏။ ၁၉၆၀ပြည့်နှစ် တတိယအကြိမ် ပါလီမန်ရွေးကောက်ပွဲ၌ သရက်တောင်ပိုင်းမဲဆန္ဒနယ်မှ ဝင်ရောက်အရွေးခံခဲ့ရာရှုံးနိမ့်ခဲ့၏။ ၁၉၆၅ခုနှစ်တွင် ထိုင်းနိုင်ငံသို့ထွက်ခွာခဲ့ပြီး ၁၉၆၆ ခုနှစ် အောက်တိုဘာလတွင် ထိုင်းနိုင်ငံ အမျိုးသားလွတ်လပ်ရေးကောင်စီဖွဲ့စည်းရာတွင် ပါဝင်ခဲ့သည်။ ၁၉၆၉ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့တွင် ဦးနုအဖွဲ့ ထိုင်းနိုင်ငံတွင်းသို့ရောက်ရှိချိန်တွင် ဦးနုအဖွဲ့နှင့်ပူးပေါင်းခဲ့၏။

၁၉၅၉ ခုနှစ်တွင် နိုင်ငံတော်မှ လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်) ချီးမြှင့်ခဲ့၏။The PurplePlain ခရမ်းရောင်လွင်ပြင်ရုပ်ရှင်ဇာတ်ကားမှကမ္ဘာကျော်မြန်မာရုပ်ရှင်မင်းသမီး ဝင်းမင်းသန်းနှင့် လက်ထပ်ခဲ့သည်။ ၁၉၆၉ ခုနှစ် စက်တင်ဘာလ (၆)ရက်နေ့ အသက်၅၄နှစ်တွင် ဗိုလ်စကြာသည် နှလုံးရောဂါဝေဒနာဖြင့်ယိုးဒယားနိုင်ငံတွင်ကွယ်လွန်ခဲ့သည်။

@@@@@@@@

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်မှူးမြဒင် (သခင်သန်းတင်) (၂)

## ဗိုလ်မှူးမြဒင် (သခင်သန်းတင်) (၂)
## လွတ်လပ်ရေးမော်ကွန်းဝင်(တတိယဆင့်)
## (၁၉၂၀- ၁၉၄၂)

မြန်မာ့လွတ်လပ်ရေးတိုက်ပွဲအတွက်ပါဝင်ဆောင်ရွက်ခဲ့ကြသော ရဲဘော်သုံးကျိပ်ဝင်များတွင် သခင်သန်းတင်(၂)ဦးပါဝင်ခဲ့ရာ စစ်ပညာသင်ကြားပြီးနောက် မြန်မာနိုင်ငံတွင်းသို့ ချီတက်ရာတွင် ယိုးဒယားနိုင်ငံ ဇင်းမယ်မြို့တွင်အဖျားရောဂါဖြင့် ကွယ်လွန်ခဲ့သော သခင်သန်းတင်ကို သခင်သန်းတင်(၂) ဟုခေါ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သခင်သန်းတင်(၂)ကိုသာယာဝတီခရိုင်အုတ်ဖိုမြို့နေ အဖ ဦးမောင်ဖေ အမိ ဒေါ်ရွှေမန်တို့၏ တတိယမြောက်နှင့် အထွေးဆုံးသားဖြစ်၏၊မောင်သန်းတင်ကိုမွေးဖွားခြင်းမပြုမီကပင် ဖခင်ဦးမောင်ဖေကွယ်လွန်ခဲ့၏၊မောင်သန်းတင်အသက်(၈)နှစ် သားအရွယ်တွင်အစ်မတစ်ဝမ်းကွဲတော်သူဒေါ်ခင်ညွန့်(ကွယ် လွန်သူအမျိုးသားခေါင်းဆောင်ကြီးသခင်မြ၏ဇနီး)မှသားအဖြစ် မွေးစားခဲ့၏၊

သာယာဝတီမြို့ဗုဒ္ဓဘာသာအလယ်တန်းကျောင်းတွင် ပညာသင်ကြားခဲ့၏။သတ္တမတန်းရောက်သည့်နှစ်တွင် ၁၃၀၀ ပြည့်အရေးတော်ပုံကြီးပေါ်ပေါက်လာသဖြင့် မောင်သန်းတင် သည်သ ပိတ်မှောက်ခေါင်းဆောင်တစ်ဦး အဖြစ်ပါဝင်ဆောင် ရွက်ခဲ့၏။ သာယာဝတီမြို့ တို့ဗမာအစည်းအရုံးသို့ ဝင်ခဲ့ရာမှ သခင်သန်းတင်ဖြစ်လာခဲ့၏၊သာယာဝတီမြို့တွင် တို့ဗမာအစည်း အရုံးအတွက်နိုင်ငံရေးသင်တန်းပေးခြင်း၊တောင်သူလယ်သမား၊ အလုပ်သမားများအတွက် ဖြေရှင်း ဆောင်ရွက် ပေးခြင်းဖြင့် သာယာဝတီသခင်သန်းဟူ၍ လူသိထင်ရှား ကျော်ကြားခဲ့၏။ ၁၉၄၀ခုနှစ်အတွင်းမြန်မာနိုင်ငံလွတ်လပ်ရေးတိုက်ပွဲအကြိုလှုပ် ရှားမှုပြုရာတွင်အတွင်းသူပုန်အဖွဲ့ကို ကြီးမှူး၍ဖွဲ့စည်းခဲ့၏။



သာယာဝတီခရိုင်မှနယ်ချဲ့အင်္ဂလိပ်အစိုးရအား ပုန်ကန်တော် လှန်ခဲ့သောလယ်သမားတော်လှန်ရေခေါင်းဆောင်ကြီး ဆရာ စံ၏ အောင်မြေစခန်းတည်ရှိသည့် အလံတောင် တောင်ညို စခန်းသို့သခင်သန်းတင်နှင့်လက်ရုံးတပ်သားများ သွားရောက် ၍ စစ်ပညာများ တိတ်တဆိတ် သင်ကြားပေးခဲ့၏။ နိုင်ငံရေး ခေါင်းဆောင် ပင်မြူသခင်လှဖေနှင့်အတူ သခင်သန်းတင်တို့ ပူးပေါင်း၍လက်နက်နှင့်လက်နက်မဲ့၊တိုက်ပွဲဝင်နည်း၊သေနတ် ပစ်နည်း၊စစ်ချီစစ်တက်နည်းများကိုသင်ကြားလေ့ကျင့်ပေးခဲ့၏၊

သခင်သန်းတင်သည်ရဲဘော်သုံးကျိပ်ဝင်အဖြစ် အရွေး ခံရပြီး ဂျပန်နိုင်ငံဟိုင်နန်ကျွန်းတွင်စစ်ပညာများ သင်ယူခဲ့၏၊ စစ်ပညာသင်ကြားပြီးနောက်ဖော်မိုဆာကျွန်းမှတဆင့်ယိုးဒယား ဗန်ကောက်မြို့သို့သွားကြရ၏။ယိုးဒယားဗန်ကောက်တွင်ဗိုလ် ချုပ်အောင်ဆန်းနှင့်တကွ ရဲဘော်သုံးကျိပ်များလက်မောင်းသွေး ဖောက်၍ မြန်မာနိုင်ငံလွတ်လပ်ရေးရသည်အထိတိုက်မည်ဟု သစ္စာပြုခဲ့ကြ၏။ရဲဘော်သုံးကျိပ်ဝင်များမိမိတို့ နာမည်များကို ပြောင်းလဲကြသောအခါတွင် ဗိုလ်မြဒင်ဟူ၍ခံယူခဲ့၏။

ဗိုလ်မြဒင(သခင်သန်းတင်)သည်မြန်မာနိုင်ငံအတွင်း ရှိအတွင်းသူပုန်တပ်ဖွဲ့နှင့်ဆက်သွယ်ရန် သွားရမည့် ရှေ့ပြေး

www.burmeseclassic.com

www.burmeseclassic.com



တပ်ဖွဲ့၌တာဝန်ကျ၏။ ၎င်းရွှေပြေးတပ်ဖွဲ့ကိုဗိုလ်မှူး(ဗိုလ်ချုပ်ကြီးနေဝင်း)ကဦးစီး၍ ဗိုလ်မိုးညို၊ ဗိုလ်တာရာ၊ ဗိုလ်မြဒင်၊ ဗိုလ်လင်းယုန်စသည့်ရဲဘော်သုံးကျိပ်ဝင်များပါဝင်ခဲ့၏။ ၎င်းတို့သည်ပထမ၌ယိုးဒယားနိုင်ငံမှနေ၍မြန်မာနိုင်ငံသို့လေထီးဖြင့်ဆင်းပြီး မြန်မာနိုင်ငံအတွင်းမှ အတွင်းသူပုန်တပ်ဖွဲ့များနှင့် ဆက်သွယ်ကြရန် အစီအစဉ်ရှိခဲ့၏။

သို့သော် ယင်းအစီအစဉ်ကိုဖျက်ပြီး ယိုးဒယားနိုင်ငံဇင်းမယ်မြို့မှတဆင့်မြန်မာနိုင်ငံတွင်းသို့ ခြေလျင်ခရီးဖြင့်ဝင်ရောက်ရန် အစီအစဉ်အသစ်ပြုလုပ်ခဲ့၏၊ ရွှေပြေးတပ်ဖွဲ့သည်ယိုးဒယားနိုင်ငံ ရဟိုင်းမြို့အထိချီတက်ပြီးမှ ဗန်ကောက်မြို့သို့ပြန်ကွေ့၍ ဇင်းမယ်သို့ မီးရထားဖြင့် ပြန်၍ ခရီးဆက်ကြရ၏၊ ထိုအချိန်ကဇင်းမယ်မြို့မှာအလွန်အေးမြသောရာသီဖြစ်ရာဗိုလ်မြဒင်တို့ ရဲဘော်တို့ အလူးအလဲခံကြရ၏။

ဗိုလ်မြဒင်သည်ဟိုင်နန်ကျွန်းတွင် စစ်ပညာသင်ကြားစဉ်က ဖြစ်ပေါ်ခဲ့သော အဖျားရောဂါဝေဒနာ ပြန်ထလာပြီးငှက်ဖျားရောဂါစွဲကပ်၍ နှိပ်စက်ခဲ့၏။ နောက်ဆုံးတွင်ရဲဘော်သုံးကျိပ်ခေါင်းဆောင်များဖြစ်ကြသောဗိုလ်မိုးကြိုးနှင့်ဗိုလ်ချုပ်အောင်ဆန်းတို့က ဗိုလ်မြဒင်အတွက်ယိုးဒယားနိုင်ငံမှနာမည်



ကျော် အမေရိကန်ဆရာဝန်ကြီး တစ်ဦးကို လိုက်လံရှာဖွေ၍ကုသစေခဲ့၏။ ဇင်းမယ်ဆေးရုံကြီးသို့ ကုသခဲ့ရာမှ ကွယ်လွန်ခဲ့၏။

အမိနိုင်ငံ လွတ်လပ်ရေးအတွက် ပင်ပန်းဆင်းရဲစွာစစ်လေ့ကျင့်ခဲ့၊ အဆင်းရဲခံ၊ အငတ်ခံခဲ့ရသောသွေးသောက်ရဲဘော်တစ်ဦးတိုက်ပွဲနီးကာမှ ကွယ်လွန်ခြင်းအတွက် ကျန်ရစ်သော ရဲဘော်သုံးကျိပ်ဝင်များ ကအထူးဝမ်းနည်းကြေကွဲမိကြ၏။ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲ လမ်းခုလပ်တွင် ကျဆုံးသွားခဲ့သောဗိုလ်မြဒင်အားချီးကျူးဂုဏ်ပြုပွဲ အခမ်းအနားတစ်ရပ်ကိုဂျပန်ခေတ်က သာယာဝတီသုံးဆယ်မြို့ တွင်ကျင်းပပြုလုပ်ခဲ့၏။ ရန်ကုန်မြို့မှ ဗိုလ်မြဒင်၏ အရိုးအိုးကိုသုံးဆယ်မြို့သို့ကားဖြင့် သယ်ဆောင်သွားခဲ့ရာ သုံးဆယ်ရဲဌာနရှေ့မှ နေ၍သာယာဝတီမြို့မှ အစိုးရအရာရှိကြီးများ၊ တို့ဗမာအစည်းအရုံးဝင်များ၊ အာရှလူငယ်အစည်းအရုံးဝင်များအပါအဝင် ပြည်သူလူထု၅၀၀၀ကျော်ဖြင့်စည်ကားစွာဂုဏ်ပြုခဲ့ကြ၏။ ရဲဘော်သုံးကျိပ်ဗိုလ်မြဒင်အားဂုဏ်ပြုသောအနေဖြင့် သာယာဝတီမြို့တွင်ဗိုလ်မြဒင်လမ်းဟု နာမည်ပေးမော်ကွန်းတင်ထားလျှက်ရှိ၏။

@@@@@@@@

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်မှူးမင်းဂေါင် (သခင်စောလွင်)

## ဗိုလ်မှူးမင်းဂေါင် (သခင်စောလွင်)
## လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)
## (၁၉၂၀- ၁၉၈၃)

ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးမင်းဂေါင်ကို ၁၉၂၀ ခုနှစ် အောက်တိုဘာလ ၁၈ရက်နေ့တွင် သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်၌မွေးဖွားခဲ့သည်။ မိဘများမှာဦးသောကြာနှင့် ဒေါ်ကြော့တို့ဖြစ်သည်။ အမည်ရင်းမှာ မောင်စောလွင်ဖြစ်ပြီး တို့ဗမာအစည်းအရုံးတွင်းသို့ဝင်ရောက်လာချိန်တွင် သခင်စောလွင်ဖြစ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြို့ပင်ကောက်မြို့မအမျိုးသားအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ၁၉၃၆ခုနှစ် ဒုတိယကျောင်းသား သပိတ်ဖြစ်ပွားသောအခါ ကြို့ပင်ကောက်မြို့ကျောင်းသား သမဂ္ဂအသင်း၌ခေါင်းဆောင်တစ်ဦးဖြစ်လာသည်။ ထို့နောက် ရန်ကုန်မြို့မအထက်တန်းကျောင်းတွင်ဆက်လက်ပညာသင်ကြားခဲ့သည်။

၁၉၃၉ ခုနှစ်တွင် ကြို့ပင်ကောက်မြို့ရှိ တို့ဗမာ အစည်းအရုံး၌ အလုပ်အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့ပြီးဂျပန်နိုင်ငံ၌စစ်ပညာများသင်ကြားရန်စေလွှတ်သောဒုတိယအသုတ်တွင် ပါဝင်ခဲ့ပြီး ၁၉၄၁ ခုနှစ်ဧပြီလ၁၃ရက်နေ့တွင် ရန်ကုန်မှ ထွက်ခွာခဲ့ရာ ၁၉၄၁ ခုနှစ် ဧပြီလ ၂၈ရက်နေ့တွင် ဂျပန်နိုင်ငံ အိုဆာကာမြို့သို့ရောက်ရှိခဲ့သည်။ ၁၉၄၁ ခုနှစ် မေလ ၉ရက်နေ့ တွင် လေယာဉ်ပျံဖြင့် တိုကျို မှ ဟိုင်နန်ကျွန်း နှင့် ထိုင်ဝမ်ကျောင်းသို့၁၀ရက်နေ့ရောက်ရှိပြီးစစ်ပညာများသင်ကြားခဲ့သည်။ ယိုးဒယားနိုင်ငံတွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကိုဖွဲ့စည်းပြီးသောအခါ သခင်စောလွင်သည် ဗမာ့လွတ်လပ်ရေး တပ်မတော်ရေကြောင်းတပ်တွင်တပ်မှူးအဖြစ်ပါဝင်တာဝန်ယူခဲ့သည် သခင်စောလွင်၏အမည်ကို ဗိုလ်မင်းခေါင် ဟုပြောင်းလဲခံယူ



ခဲ့သည်။

မြန်မာနိုင်ငံတွင်းရှိ ဗြိတိသျှတိုက်ထုတ်ရန် ၁၉၄၂ ခုနှစ်ဇန်နဝါရီလ၁၅ရက်နေ့တွင်ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ရေကြောင်းချီတပ်မှာ ကော့သောင်း၊ ဗိတိုရိယ၊ မြိတ်၊ထားဝယ်မှ မော်လမြိုင်စစ်ကြောင်းချီခဲ့ရ၏။ ကျိုက္ခမိ မှ တဆင့်ရန်ကုန်အဝင်တွင်ဗြိတိသျှရေတပ်အုပ်စု၏ဖမ်းဆီးခြင်းခံရသည်။ ၁၉၄၂ ခုနှစ် မတ်လ၃ရက်နေ့တွင် မိမိတပ်ဖွဲ့နှင့်အတူ ရန်ကုန်ထောင်ကိုဖောက်ထွင်းလွတ်မြောက်ခဲ့သည်။

၁၉၄၂ ခုနှစ် မတ်လ၅ရက်နေ့ရန်ကုန်မြို့၌ပြည်တွင်းတော်လှန်ရေးလုပ်ငန်းများလုပ်နေသော ဗိုလ်မှူးနေဝင်း နှင့် ဗိုလ်မှူးမင်းဂေါင်တို့ တွေ့ဆုံ၍ ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီး၏တပ်ဦး ရန်ကုန်မြို့သို့ ချီတက်ဝင်ရောက်လာလျှင်ကြိုဆိုရန်အစီအစဉ်များ ပြုလုပ်ဆောင်ရွက်ခဲ့သည်။ ၁၉၄၂ ခုနှစ် မတ် ၁၈ရက်နေ့ ရခိုင်ပြည်နယ်တောင်ပိုင်းသို့ ချီတက်၍ ငြိမ်ဝပ်ပိပြားရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည်။ ၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၇ရက်နေ့တွင် ဘီအိုင်အေ ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)ဖွဲ့စည်းသောအခါဗိုလ်ကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်၊ ဗိုလ်ချုပ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



၏ ကိုယ်ရံတော်တပ်မှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ပဲခူးရိုးမမှ ဆုတ်ခွာလာသော ဖက်ဆစ်ဂျပန်တပ်များကို စစ်တောင်းမြစ်ဝှမ်းတစ်ဝိုက်၌ချေမှုန်းသုတ်သင်ခဲ့သည်။

ဖက်ဆစ်ဂျပန်တော်လှန်အပြီးတွင် တပ်မတော်မှနုတ်ထွက်ကာပြည်သူ့ရဲဘော်တပ်ဖွဲ့တွင် အထွေထွေအတွင်းရေးမှူးအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၄၇ ခုနှစ်ဧပြီလ၉ရက်နေ့တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲတွင်ဖဆပလ အမတ်လောင်းအဖြစ်ရန်ကုန်မြို့ကြည့်မြင်တိုင်တောင်ပိုင်းမဲဆန္ဒနယ်မြေမှဝင်ရောက်အရွေးခံရာ လွှတ်တော်အမတ်အဖြစ်ရွေးကောက်တင်မြှောက်ခံရ၏၊၁၉၄၇ခုနှစ်ဇူလိုင်လတွင်မြန်မာပြည်သောင်းကျန်းမှုနှိမ်နင်းရေးတပ်ရင်း(၂)၏တပ်ရင်းမှူးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်နိုင်ငံတော်အစိုးရအဖွဲ့ဖြစ်သည့်ကျန်းမာရေးနှင့်အလုပ်သမားဌာန ပါလီမန်အတွင်းဝန်အဖြစ်ဆောင်ရွက်ခဲ့ပြီး ၁၉၄၉ ခုနှစ်ဧပြီလ၁ရက်နေ့တွင် ရာထူးမှနုတ်ထွက်ခဲ့၏၊၁၉၅၀ခုနှစ်ဧပြီလ၂ရက်နေ့တွင်ပညာရေးပြည်သူ့လုပ်ငန်းနှင့်ပြန်လည်ထူထောင်ရေးဌာနပါလီမန်အတွင်းဝန်အဖြစ်ဆောင်ရွက်ခဲ့၏၊၁၉၅၀ပြည့်



နှစ်အောက်တိုဘာလ၂ရက်မှ ၁၉၅၂ ခုနှစ်မတ်လ၁၆ရက်နေ့တွင် ပြည်သူ့လုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးဝန်ကြီး၊ ၁၉၅၅ ခုနှစ် စက်တင်ဘာလတွင် ထောက်ပံ့ရေးဝန်ကြီးဌာနဝန်ကြီး၊ ၁၉၅၆ခုနှစ်ဇွန်၁၂ရက်နေ့တွင် သယ်ယူပို့ဆောင်ရေး၊ စာတိုက်နှင့်ကြေးနန်းဌာနဝန်ကြီး၊၁၉၅၈ခုနှစ်တွင်ပြည်ထဲရေးဝန်ကြီးဌာနတို့တွင် အမှုထမ်းဆောင်ခဲ့၏။

၁၉၆၂ ခုနှစ် မတ်လတော်လှန်ရေးအစိုးရ တက်လာသောအခါအထိန်းသိမ်းခံရပြီး၁၉၆၈ခုနှစ် ဖေဖော်ဝါရီလကုန်လောက်တွင်လွှတ်ခဲ့သည်ဗိုလ်မှူးမင်းခေါင်နှင့်ရဲဘော်များ ရန်ကုန်ထောင်ကိုဖောက်ထွက်ကြသည့်အဖြစ်အပျက်မှန်ကို ရွှေတူအမည်ဖြင့်စာရေးဆရာမင်းသားကရေးစား၍စာအုပ်ကို ဂျပန်ခေတ်ကထုတ်ဝေခဲ့ရာအောင်မြင်ခဲ့၏။ ၁၉၆၃ခုနှစ်က ဒုတိယအကြိမ်ထပ်မံထုတ်ဝေခဲ့၏။

၁၉၆၈ခုနှစ်ဒီဇင်ဘာလ၄ရက်နေ့ တော်လှန်ရေးကောင်စီဖွဲ့စည်းပေးသောပြည်ထောင်စုမြန်မာနိုင်ငံပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ဆောင်ရွက်ခဲ့၏။

၁၉၃၉၊၁၉၄၅ခုနှစ်အင်္ဂလန်နိုင်ငံ သူရဲကောင်းဘွဲ့ချွန်ဆု၊ ၁၉၅၄-၅၅ခုနှစ် အီသီယိုပီးယားနိုင်ငံ၏ လှံစွမ်းကောင်း

www.burmeseclassic.com



ဘွဲ့ နှင့် အမြင့်ဆုံးသူရဲကောင်းဆုတံဆိပ်ရရှိခဲ့၏၊ ထို့ပြင်ဂျပန်နိုင်ငံ၌ စစ်ပညာသင်ကြားစဉ်က သင်တန်းကောင်းတံဆိပ်၊ ရွှေစလွယ်ဆု၊ ၁၉၅၉ခုနှစ်မတ်လ(၂၇)ရက်နေ့တွင်လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)ရရှိခဲ့၏။

၁၉၈၃ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့၊ ရန်ကုန်မြို့၌ကွယ်လွန်ခဲ့သည်။

@@@@@@@@



၁၉၄၁၊ ဇူလိုင်လ၊ ရဲဘော်သုံးကျိပ်ဝင်များ ဂျပန်နိုင်ငံ ဟာကိုနီးစခန်းတွင်

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်မှူးဘုန်းမြင့် (သခင်တင်အေး)

## ဗိုလ်မှူးဘုန်းမြင့် (သခင်တင်အေး)
## လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)
## (၁၉၂၀- ၁၉၈၉)

ရဲဘော်သုံးကျိပ်ဝင်ဗိုလ်မှူးဘုန်းမြင့်ကို ၁၉၂၀ပြည့်နှစ် ဇန်နဝါရီလ ၃ရက်နေ့ သာယာဝတီခရိုင် လက်ပံတန်းအရှေ့၊ ကွမ်းခြံရွာတွင်လယ်သမားကြီးများဖြစ်သည့်ဖခင်ဦးဘနှင့်မိခင် ဒေါ်ရောက်တို့မှတစ်ဦးတည်းသောသားဖြစ်သည်၊ နာမည်ရင်း မှာ မောင်တင်အေးဖြစ်၏။ မိခင်က ၂နှစ်သားအရွယ်က ကွယ်လွန်ခဲ့၏။ ဖခင်မှာမောင်တင်အေး အသက်(၄၀)ကျော် တွင်

www.burmeseclassic.com

www.burmeseclassic.com



ကွယ်လွန်ခဲ့၏။

ငယ်စဉ်က ရွာဦး ဘုန်းတော်ကြီး ဦးလာဘကျောင်းတွင်ပညာသင်ရ၏။ ထို့နောက်လက်ပံတန်းမှ ဆရာကြီးဦးစိန်ကျောင်းတွင်၁၀တန်းအထိ ပညာသင်ခဲ့၏။၁၉၄၂ ခုနှစ် တွင် မင်းလှမြို့နယ်ရှိ နော်မန်ကျောင်းတွင် အလယ်တန်းပြဆရာအဖြစ် သင်တန်းတက်ရောက်ခဲ့ရာ ထူးချွန်စွာအောင်မြင်ခဲ့သဖြင့် ရွှေတံဆိပ်ဆု ချီးမြှင့်ခြင်းခံခဲ့ရသည်။ မင်းလှမြို့နယ်၏ကျောင်းသားသမဂ္ဂဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့၏၊ မင်းလှမြို့တို့ဗမာအစည်းအရုံးဝင် သခင်တင်အေးဖြစ်လာခဲ့သည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် စေလွှတ်သည့် ဒုတိယအသုတ် ၁၉၄၃ ခုနှစ် ဧပြီလ ၁၃ရက်နေ့တွင် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ပြီး ဧပြီလ ၂၈ရက်နေ့တွင် ဂျပန်နိုင်ငံသို့ ရောက်ရှိခဲ့သည်။ မေလ၉ရက်နေ့တွင်လေယာဉ်ဖြင့် တိုကျိုမှ ဟိုင်နန်ကျွန်းသို့ထွက်ခွာလာရာမေလ၁၀ရက်နေ့ ရောက်ရှိပြီး စစ်ပညာများသင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)မြန်မာနိုင်ငံတွင်းချီတက်တိုက်ခိုက်ရန်စစ်ကြောင်းများအသီးသီးသတ်မှတ်သောအခါဂျပန်တပ်မအမှတ် ၅၅ ၏ ဆက်သွယ်ရေးအရာရှိ



အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ဘီအိုင်အေဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) ဖွဲ့စည်းသောအခါဗိုလ်ကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့၏။

ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလတွင်တိုင်း၇(သရက်၊ အောင်လံ၊မကွေး၊မင်းဘူး)တွင် မျိုးချစ်ဗမာ့တပ်မတော် ပီဘီအက်(ဖ်)တပ်ရင်း၁၀ခု၏တပ်ရင်းမှူးအဖြစ် ဖက်ဆစ်ဂျပန်တို့ကိုတော်လှန်တိုက်ခိုက်ခဲ့သည်၊မင်းလှလေယာဉ်ကွင်းကိုရဲဘော်သုံးယောက်တည်းဖြင့်စီးနင်းတိုက်ခိုက်ရာ ဂျပန် ၇ ဦး သေ၍လက်နက်ခဲယမ်းမီးကျောက်အမြောက်အမြားကိုဖျက်ဆီးနိုင်ခဲ့၏၊

၁၉၅၀ ပြည့်နှစ်တွင်ဗမာပြည်ဆိုရှယ်လစ်ပါတီနှစ်ခြမ်းကွဲသောအခါ ဗမာပြည်အလုပ်သမား၊ လယ်သမားပါတီတွင်ပါဝင်ခဲ့ပြီး ဗမာပြည်အလုပ်သမား၊လယ်သမားပါတီ သာယာဝတီခရိုင်အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ခဲ့သည်၊၁၉၅၂ခုနှစ် ပထမအကြိမ် ပါလီမန် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဗမာပြည်အလုပ်သမား၊လယ်သမားပါတီအမတ်လောင်းအဖြစ် မင်းလှအနောက်ပိုင်းအုတ်ဖိုမဲဆန္ဒနယ်မြေမှ ဝင်ရောက်အရွေးခံရာ လွှတ်တော်အမတ်အဖြစ် ရွေးချယ်တင်မြှောက်ခံရ၏

www.burmeseclassic.com

www.burmeseclassic.com



၁၉၅၆ခုနှစ်ပြည်သူ့လွှတ်တော်အမတ်အရွေးခံရာ မိုးညှင်းမြို့နယ်မှ ဝင်ရောက်အရွေးခံခဲ့ရာ ရှုံးနိမ့်ခဲ့၏။ ၁၉၅၅ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု (ပမညတ) တွင်ပါဝင်၍ နိုင်ငံရေးဆောင်ရွက်ခဲ့၏။

၁၉၄၄ခုနှစ်ကဗိုလ်မှူးဘုန်းမြင့်သည် ကျောင်းဆရာမဖြစ်သည့်ဒေါ်ခင်ညွန့်နှင့်လက်ထပ်ခဲ့သည်။ ၁၉၆၂ခုနှစ် တော်လှန်ရေးကောင်စီတက်သည့်အချိန်တွင်ဗိုလ်မှူးဘုန်းမြင့်သည် သစ်လုပ်ငန်းဖြင့်အသက်မွေးဝမ်းကျောင်းပြုနေပြီဖြစ်၏။

လမ်းစဉ်ပါတီ၊ ဆိုရှယ်လစ်စီးပွားရေးတည်ဆောက်မှုကော်မတီတွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးကော်မတီ၊လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်အဖြစ် အမှုထမ်းခဲ့သည်။

၁၉၈၉ခုနှစ်ဇူလိုင်လ ၂၈ရက်နေ့တွင် လက်ပံတန်းမြို့၌ ကွယ်လွန်ခဲ့သည်။

@@@@@@@@@



ဗမာ့လွတ်လပ်ရေးတပ်မတော်က ရန်ကုန်မြို့ကိုသိမ်းပိုက်ပြီးနောက် ရဲဘော်သုံးကျိပ်ဝင်အချို့အားတွေ့ရစဉ် (ဗိုလ်ချုပ်အောင်ဆန်း(အလယ်နှင့်) ဗိုလ်ချုပ်ဆူဇူကီး (မြန်မာဝတ်စုံ)နှင့်

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်မှူးလင်းယုန်(သခင်ထွန်းရွှေ)

## ဗိုလ်မှူးလင်းယုန်(သခင်ထွန်းရွှေ)
## လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)
## (၁၉၁၇- ၁၉၇၄)

ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးလင်းယုန်ကို ၁၉၁၇ ခုနှစ် အောက်တိုဘာလတွင် တောင်ငူမြို့၌ မိဘများ ဖြစ်ကြသော ဦးအောင်သိန်း ၊ ဒေါ်စိမ်းတို့မှမွေးဖွားခဲ့သည်။ အမည်ရင်းမှာ ကိုထွန်းရွှေဖြစ်သည်၊ တောင်ငူတို့ဗမာအစည်းအရုံးသို့ဝင်ရောက်သောအခါ သခင်ထွန်းရွှေဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သခင်ထွန်းရွှေသည်တက်ကြွရဲရင့်ပြီး အမျိုး နိုင်ငံကို ချစ်ပြီး မြန်မာ့လွတ်လပ်ရေးတိုက်ပွဲအတွက် အသက်စွန့်ရန် ဝန်မလေးသူဖြစ်ရကားတောင်ငူတို့ဗမာအစည်းအရုံးကရွေးချယ်၍ရန်ကုန်မြို့ရှိတို့ဗမာအစည်းအရုံးဌာနချုပ်သို့ပေးပို့ခဲ့သည်။

ဂျပန်နိုင်ငံကို စစ်ပညာသင်ကြားရန်စေလွှတ်သည်။ ဒုတိယအသုတ်နှင့်အတူ၁၉၄၁ခုနှစ် ဧပြီလ ၁၃ရက်နေ့ တွင် ကိုင်ရှီမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှထွက်ခွာခဲ့ရာ ဧပြီလ၂၈ ရက်နေ့တွင် ဂျပန်နိုင်ငံ အိုဆာကာမြို့သို့ရောက်ရှိခဲ့သည်။ ၁၉၄၁ခုနှစ်မေလ၉ရက်နေ့တွင်တိုကျိုမြို့တော်မှ လေကြောင်းခရီးဖြင့်ဟိုင်နန်ကျွန်းစစ်စခန်းသို့သွားရောက်ကာ ဂျပန်စစ်အရာရှိများသင်ကြားပေးသောစစ်ပညာများကိုဟိုင်နန်ကျွန်း နှင့် ထိုင်ဝမ်ကျွန်းတို့တွင်ရက်ပေါင်းများစွာဆင်းရဲပင်ပန်းစွာသင်ယူခဲ့ရသည်။

သခင်ထွန်းရွှေသည်ဗိုလ်လင်းယုန်အမည်ခံယူ၍ မြန်မာနိုင်ငံအတွင်းသို့ပြည်တွင်းသူပုန်တပ်ဖွဲ့ဝင်ဗိုလ်နေဝင်း ဗိုလ်မိုးညိုတို့နှင့်အတူ ၁၉၄၂ ခုနှစ်ဖေဖော်ဝါရီလတွင် ဝင်ရောက်ခဲ့သည်၊ရန်ကုန်မြို့တွင်လျှို့ဝှက်စွာလှုပ်ရှားနေကြသောဘီ၊အာရ်၊ပီ(B.R.P)ပြည်သူ့အရေးတော်ပုံပါတီဝင်များနှင့်ဆက်သွယ်တွေ့



ဆုံခဲ့သည်။မြန်မာနိုင်ငံအတွင်းရှိနယ်ချဲ့ဗြိတိသျှတို့၏ အချက်အချာဒေသ အင်အားပြုစခန်းများကိုလျှို့ဝှက်ဖောက်ခွဲနည်းစနစ်များကိုဗိုလ်လင်းယုန်နှင့်အဖွဲ့ကသင်ကြားပေးသည်၊ ဗိုလ်လင်းယုန်ကိုယ်တိုင်လည်းဗြိတိသျှနယ်ချဲ့စခန်းအချို့ကို ဖောက်ခွဲဖျက်ဆီးနိုင်ခဲ့သည်။

ယိုးဒယားနိုင်ငံ၊ဘန်ကောက်မြို့မှဗိုလ်တေဇ (ဗိုလ်ချုပ်အောင်ဆန်း)ဦးစီးသောဗမာ့လွတ်လပ်ရေးတပ်မတော်ကြီး မြန်မာပြည်သို့ချီတက်မလာမီ ဗိုလ်လင်းယုန်နှင့်အဖွဲ့သည်ရန်ကုန်၊ ပဲခူး၊ မင်းလှ နှင့် မန္တလေးမြို့များသို့လျှို့ဝှက်သွားရောက်ကာ ပြည်သူ့အရေးတော်ပုံပါတီဝင်များအားသင်တန်းများပို့ချ၍ဗုံးဖောက်ခွဲနည်း၊လက်နက်ငယ်ပစ်ခတ်နည်းအပါအဝင် ပြည်တွင်းသူပုန်တို့ တတ်အပ်သောစစ်ပညာများသင်ကြားပေးခဲ့သည်။

မြန်မာတစ်ပြည်လုံးကို ဘီအိုင်အေတပ်မတော်ကြီးက သိမ်းယူပြီးသောအခါဘီအိုင်အေတပ်မတော်ကို**ဘီဒီအေ** ခေါ် ဗမာ့ကာကွယ်ရေးတပ်မတော်အဖြစ်ပြောင်းလဲဖွဲ့စည်းခဲ့ရာ ဗိုလ်လင်းယုန်သည်ဗိုလ်ကြီးအဆင့်ဖြင့်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၅ ခုနှစ်မတ်လ(၂၇)ရက်နေ့တွင်ဗမာ့တပ်မတော်နှင့် မြန်မာပြည်သူ့ဟစ်ရပ်လုံးတို့ပူးပေါင်း၍ ဖက်ဆစ်ဂျပန်တို့အားတော်

www.burmeseclassic.com

www.burmeseclassic.com



လှန်ရေးဆင်နွှဲသောအခါရဲဘော်သုံးကျိပ်ဗိုလ်မှူးလင်းယုန်သည် ခရမ်းမြို့၊ သုံးခွမြို့များတွင် တပ်မှူးကြီးအဖြစ် တာဝန်ယူ၍ ဖက်ဆစ်တို့အားရဲဝံ့စွာ တော်လှန်တိုက်ခိုက်ခဲ့သည်။

ဗိုလ်မှူးလင်းယုန်သည် တော်လှန်ရေးအစိုးရ လက်ထက်တွင် မြန်မာနိုင်ငံသစ်လုပ်ငန်း၌ ဒုတိယအထွေထွေမန်နေဂျာအဖြစ်ထမ်းဆောင်ခဲ့သည်၊၁၉၇၂ခုနှစ်မတ်လ(၂၇)ရက်နေ့တွင် နိုင်ငံတော်ကမော်ကွန်းဝင်(ပထမဆင့်)တံဆိပ်ချီးမြှင့်ဂုဏ်ပြုခဲ့သည်။

၁၉၇၄ ခုနှစ် ဧပြီလ ၈ရက်နေ့ တွင် ရန်ကုန်မြို့၌ လေဖြတ်ရောဂါဖြင့်ကွယ်လွန်ခဲ့သည်။

@@@@@@@@



မျိုးချစ်ဗမာ့တပ်မတော်စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်း အရှေ့တောင်အာရှဒေသဆိုင်ရာ မဟာမိတ်တပ်များ၏ စစ်သေနာပတိမောင့်ဘက်တန်နှင့် ဆွေးနွေးရန် ရန်ကုန်မြို့ရှိ ဘုရင်ခံအိမ်တော်သို့ရောက်ရှိစဉ် (၁၆-၆-၁၉၄၅)

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်မှူးတောက်ထိန် (သခင်စံမြ)

## ဗိုလ်မှူးတောက်ထိန် (သခင်စံမြ)
## လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)
## (၁၉၁၁- ၁၉၉၆)

အမျိုးသားလွတ်လပ်ရေးတိုက်ပွဲတွင်ရဲဝံ့စွာပါဝင်တိုက်ခိုက်ခဲ့သောရဲဘော်သုံးကျိပ်ဝင်ဗိုလ်မှူးတောက်ထိန်ကို ၁၉၁၁ ခုနှစ် ဇန်နဝါရီလ ၁၇ရက်နေ့၌ရမည်းသင်းခရိုင်ပျဉ်းမနားမြို့၌ ဖခင်ဦးဘိုးအောင် ၊ မိခင်ဒေါ်ရွှေမြတို့မှ မွေးဖွားခဲ့သည်။ အမည်ရင်းမှာ မောင်စံမြဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်က ပျဉ်းမနားမြို့ ဓမ္မာသီဝံကျောင်းတွင် သတ္တမတန်းအထိ ပညာသင်ကြားခဲ့ပြီး အသက်၁၈နှစ်တွင် ကျောင်းမှထွက်ကာမိဘများ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ပါဝင်ကူညီလုပ်ကိုင်ခဲ့သည်။

ပျဉ်းမနားမြို့တွင် တို့ဗမာအစည်းအရုံးဖွဲ့စည်းသောအခါမောင်စံမြသည် အသက်၂၃နှစ်အရွယ်၌တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ခဲ့ပြီးသခင်စံမြဖြစ်လာခဲ့သည်။ပျဉ်းမနားစီရင်စုလုံးဆိုင်ရာတို့ဗမာအစည်းအရုံးအလုပ်အမှုဆောင်နှင့်ဗမာ့လက်ရုံးတပ် မြို့နယ်တပ်မှူးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။

ဂျပန်နိုင်ငံသို့စစ်ပညာသင်ရန်စေလွှတ်သည့် ရဲဘော်သုံးကျိပ်ဝင်တတိယအသုတ်ရဲဘော်များနှင့်အတူ၁၉၄၁ ခုနှစ် မေလတွင် ကိုဆိုင်မာရူးသင်္ဘောဖြင့် ထွက်ခွာခဲ့ရာ၁၉၄၁ခုနှစ် မေလကုန်တွင် ဂျပန်နိုင်ငံသို့ရောက်ရှိခဲ့ပြီး ဟိုင်နန်ကျွန်း နှင့် ဆိုင်ဝမ်ကျွန်းတွင် စစ်ပညာသင်ကြားခဲ့သည်။

သခင်စံမြသည်ဗိုလ်တောက်ထိန် နာမည်ခံယူကာဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)ရေကြောင်းချီတပ်ဖွဲ့ဖြင့် မြိတ်မြို့စစ်ကြောင်းမှမြန်မာနိုင်ငံတွင်းသို့ချီတက်ကာ ဗြိတိသျှတို့ကိုတိုက်ခိုက်ခဲ့သည်၊ဂျပန်စစ်ဦးစီးကောင်စီအမိန့်ဖြင့် ဗမာ့



လွတ်လပ်ရေးတပ်မတော်ကိုဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော်ကိုဖွဲ့စည်းသောအခါတပ်ခွဲ(၂)တွင်ဗိုလ်ကြီးရာထူးအဆင့်ဖြင့်တာဝန်ထမ်းဆောင်ခဲ့သည်၊ဖက်ဆစ်တော်လှန်ရေးကာလက တိုင်း၆(မိတ္ထီလာ၊ပျဉ်းမနား၊တောင်ငူနှင့်တောင်ပိုင်းရှမ်းပြည်)တွင်ဒုတိယတိုင်းမှူးအဖြစ်ဖက်ဆစ်ဂျပန်တို့ကိုတော်လှန်တိုက်ခိုက်ခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးပြီးဆုံးသောအခါ ဗိုလ်မှူးတောက်ထိန်သည် တပ်မတော်မှ နုတ်ထွက်ခဲ့သည်။မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးပျဉ်းမနားနယ်တွင်ပြည်တွင်းသောင်းကျန်းမှုပေါ်ပေါက်ခဲ့သဖြင့် ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလတွင်ရဲအဖွဲ့၊ သစ်တောလက်နက်ကိုင်တပ်ဖွဲ့၊ မီးရထားတပ်ဖွဲ့၊ ကျောင်းသားရဲဘော်တပ်ဖွဲ့၊ မီးသတ်ကာကွယ်ရေးတပ်ဖွဲ့များကို စုစည်းပြီးပြည်တွင်းသောင်းကျန်းမှုကာကွယ်ရေးကော်မတီကို ဖွဲ့စည်းကာဦးဆောင်ခဲ့သည်။

ပြည်သူ့ ငြိမ်းချမ်းရေးပြောက်ကြားတပ်ကို ဖွဲ့စည်းခဲ့သည်။ ပျဉ်းမနားမြို့ကိုသိမ်းယူထားသောဗမာပြည်ကွန်မြူနစ်ပါတီသောင်းကျန်းသူတို့အားတပ်မတော်တပ်ရင်း(၁) ဗိုလ်မှူးကြီးထွန်းစိန်တို့ ပူးပေါင်းစစ်ဆင်ကာ ၁၉၅၀ ခုနှစ် မတ်လ

www.burmeseclassic.com



၂၈ ရက်နေ့တွင်ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်၊ပျဉ်းမနားခရိုင် ဗမာပြည်ဆိုရှယ်လစ်ပါတီဥက္ကဋ္ဌ နှင့် ဖဆပလဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၅၁ ခုနှစ် ပထမအကြိမ်ပါလီမန် လွှတ်တော်ရွေးကောက်ပွဲတွင်ဖဆပလအမတ်လောင်းအဖြစ် ပျဉ်းမနားမဲဆန္ဒနယ်မှလည်းကောင်း၊၁၉၅၆ခုနှစ်ဒုတိယအကြိမ် ပါလီမန်ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် ဖဆပလအမတ်လောင်းအဖြစ် ပျဉ်းမနားမြောက်ပိုင်းမဲဆန္ဒနယ်မှလည်းကောင်းအရွေးခံရလွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။

၁၉၅၈ ခုနှစ် ဖဆပလအဖွဲ့ကြီးနှစ်ခြမ်း ကွဲပြီးနောက် ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့ ဦးဆောင်သော တည်မြဲဖဆပလအဖွဲ့ချုပ်သို့ဝင်ရောက်အားပေးကာ၁၉၆၀ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် ပျဉ်းမနားမြောက်ပိုင်းမဲဆန္ဒနယ်မှ တည်မြဲဖဆပလအမတ်လောင်းအဖြစ်ဝင်ရောက်အရွေးခံရာ အနိုင်ရရှိခဲ့သည်။

၁၉၈၈ ခုနှစ် ဩဂုတ်လ ၈ရက် အရေးအခင်းအပြီး နိုင်ငံရေးပါတီများ ပြန်လည်ဖွဲ့စည်းခွင့်ပြုသောအခါ၊ဖဆပလဖဟိုအဖွဲ့ချုပ်ကိုလည်းကောင်း၊ဒီမိုကရေစီပါတီကိုလည်းကောင်း



နာယကအဖြစ်ဦးဆောင်ခဲ့သည်၊ဗိုလ်မှူးတောက်ထိန်သည်လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) များ ချီးမြှင့်ခံရသည်။

၁၉၉၆ ခုနှစ် ဧပြီလ၁၈ရက်နေ့တွင် ဗိုလ်မှူးတောက်ထိန်သည် အသက် ၈၅နှစ်အရွယ်၌ပျဉ်းမနားမြို့တွင် ကွယ်လွန်အနိစ္စရောက်သည်။

@@@@@@@@

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်သန်းတင် (သခင်သန်းတင်)

## ဗိုလ်သန်းတင် (သခင်သန်းတင်)
## လွတ်လပ်ရေးမော်ကွန်းဝင်(တတိယဆင့်)
## (၁၉၂၀- ၁၉၄၁)

ရဲဘော်သုံးကျိပ်ဝင် မျိုးချစ်လူငယ်များသည် နိုင်ငံလွတ်လပ်ရေးအတွက်ဆောင်ရွက်ကြရာတွင်တိုက်ပွဲများ၌ ကျဆုံးရသလို ယနေ့တိုင် အသက်ရှည်သူများလည်းရှိကြ၏။ ရဲဘော်သုံးကျိပ်ဝင် သခင်သန်းတင်မှာ လွတ်လပ်ရေးအတွက် လက်နက်ကိုင်၍ တိုက်ပွဲဝင်ပြီး ကျဆုံး ကွယ်လွန်ခဲ့သည်မှာ ဝမ်းနည်းနှမြောဖွယ်ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်သုံးကျိပ်ဝင်ဗိုလ်သန်းတင်ကိုမော်လမြိုင်ခရိုင် ညောင်ပင်ဆိပ်ရွာ၌ အဖသစ်ခေါင်းဦးမောင် အမိဒေါ်စိုးတို့မှ ၁၂၈၂ခုနှစ် ဝါခေါင်လဆန်း၁၃ရက်သောကြာနေ့တွင် ဖွားမြင်ခဲ့၏။ မွေးချင်း၈ယောက်အနက် အငယ်ဆုံးဖြစ်၏။ အမည်ရင်းမှာ ကိုသန်းတင်ဖြစ်၏။ မောင်သန်းတင်ငယ်ရွယ်စဉ်ကမြဝတီကျောင်းတွင် စတုတ္ထတန်းအထိ ပညာသင်ကြားခဲ့ပြီး ၁၆နှစ်အရွယ်တွင် မိဘများကရှင်သာမဏေပြုပေးခဲ့၏။ ရှင်သာမဏေတစ်ဝါရပြီးသည် အထိ နေခဲ့၏။ ရန်ကုန်မြို့ရှိ ကမာရွတ်ရပ်ကွက်တွင် ပန်းထိမ်ပညာကို သင်ကြားခဲ့၏။ ရန်ကုန်ဗိုလ်တစ်ထောင်စက်ရုံတွင်ဝင်ရောက်ပြီးအလုပ်သမားအဖြစ်ဝင်ရောက်အမှုထမ်းခဲ့ပြန်၏။

ထိုမှတဆင့် ပန်းတနော်မြို့နယ် ဝဲဒေါင့်ရွာဆန်စက်သို့ပြောင်းရွှေ့၍ဆန်စက်စာရေးအဖြစ်အမှုထမ်းခဲ့၏၊ နောက်ကမာရွတ်သို့ပြန်လာပြီး မူလပန်းထိမ်ပညာဖြင့် အသက်မွေးပြန်၏။ အသက် ၁၉နှစ် အရွယ်ရောက်သောအခါ ၁၉၄၀ပြည့်နှစ်တွင် ကမာရွတ် တို့ဗမာအစည်းအရုံးသို့ဝင်ရောက်၍ နိုင်ငံရေးနယ်ပယ်သို့ ဝင်ရောက်ခဲ့၏။ သခင်သန်းတင်ဖြစ်လာခဲ့၏။



ကမာရွတ်ဒေသရှိ သခင်ခင်မောင်တို့ဦးစီးသောရဲဘော်သုံးကျိပ်ဝင် မျိုးချစ်လူငယ်များကို စုဆောင်းပြီးဂျပန်ပြည်သို့ပို့ပေးရန်စီစဉ်သောအခါ သခင်သန်းတင်သည်ရှေ့ဆုံးက ပါဝင်ခဲ့၏။ မိဘများကသဘောမတူ၍ကန့်ကွက်သောအခါသခင်သန်းတင်သည် အစာအငတ်ခံကာ ၃ရက်တိတိ အခန်းထဲမှမထွက်ဘဲဆန္ဒပြခဲ့မှုကြောင့် နောက်ဆုံးမိဘများက သဘောတူခဲ့၏။

ဂျပန်နိုင်ငံသို့ထွက်ခွာသည့်သင်္ဘောမမီလိုက်၍ သခင်ထွန်းအုပ်ကထိုင်းနိုင်ငံကိုအရောက်လာရန်မှာခဲ့သည့်အတွက် ၁၉၄၁ ခုနှစ်ဇူလိုင်လ၁၂ရက်နေ့တွင်စွန့်စားစွာဖြင့် ရန်ကုန်မှမော်လမြိုင်၊ ထိုမှတဆင့်မြဝတီသို့သွားရောက်ခဲ့ပြီးထိုင်းမြန်မာနယ်စပ်ရှိ တောတောင် အထပ်ထပ်ဖြတ်ကျော်၍ ထိုင်းနိုင်ငံမဲဆောက်မြို့သို့ရောက်ရှိခဲ့သည်။ မဲဆောက်မြို့ရှိ ဂျပန်သံအမတ်က ဂျပန်အဝတ်အစားများလဲလှယ်ဝတ်ဆင်ပေးပြီးလေယာဉ်ဖြင့် ဗန်ကောက်မြို့သို့ သွားရောက်ရန် စီစဉ်ပေးခဲ့သည်။

၁၉၄၁ ခုနှစ်ဩဂုတ်လ၁၅ရက်နေ့တွင် ဗိုလ်ထိန်ဝင်း (ကိုဆောင်း) နှင့် အတူ ဒေလီမာရူး အမည်ရှိသင်္ဘောဖြင့်ဗန်ကောက်မှဂျပန်ပြည်သို့ ခရီးဆက်ခဲ့၏၊ သခင်သန်းတင်နှင့်ကပ်နေသောငှက်ဖျားရောဂါမှာပင်လယ်ကူးသင်္ဘောပေါ်တွင်အပြင်း

www.burmeseclassic.com

www.burmeseclassic.com



အထန်ဖျားနာနေပြီး မကြာခဏပင်အော့အန်ခဲ့၏။

ထိုင်ဝမ်ကျွန်း(ခေါ်)ဖော်မိုဆာကျွန်းသို့ရောက်သောအခါ ဂျပန်စစ်အရာရှိများကသခင်သန်းတင်အား သူနာပြုယာဉ်ဖြင့် ဘီရွှန်းဆေးရုံကြီးသို့ ချက်ချင်းတင်ပို့ကာ ထိုမှတဆင့် တိုင်းဟိုကုဆေးရုံကြီးသို့ သခင်သန်းတင်ရောက်ရှိပြီးဂျပန်စစ်အရာရှိများက ရဲဘော်သခင်သန်းတင်၏ ဝေဒနာအခြေအနေများကိုဗိုလ်မိုးကြိုး၊ သခင်အောင်ဆန်းနှင့် သခင်ထွန်းအုပ် တို့ကို သတင်းပေးပို့ခဲ့ကြ၏။

သခင်သန်းတင်အား ဓာတ်မှန်ရိုက်စစ်ဆေးကြည့်ရာ အဖျားရောဂါမှာအူယောင်ငမ်းဖျားဖြင့်တွဲလျက် ဝေဒနာခံစားနေရခြင်းဖြစ်၏၊ဝမ်းထဲတွင်အူပေါက်သွားပြီးပြီဖြစ်သဖြင့် ခွဲစိပ်ကုသရန်စီစဉ်ခဲ့ကြ၏။ ခွဲစိပ်ရန် သွေးအား လွန်စွာနည်းပါးရကားသွေးသွင်းပေးခဲ့ရ၏။သို့သော်ရောဂါကျွမ်းနေပြီဖြစ်သော သခင်သန်းတင်မှာ ခွဲစိပ်ကုသခံရသော ညမှာပင် ကွယ်လွန်သွားရှာ၏။ရဲဘော်သုံးကျိပ်တွင် ပထမဆုံးကွယ်လွန်သူအဖြစ် မှတ်တမ်းတင်ခဲ့သည်။

သခင်သန်းတင်၏အလောင်းကိုဗိုလ်မိုးကြိုး၊သခင်အောင်ဆန်း၊သခင်ထွန်းအုပ်အပါအဝင်ရဲဘော်သုံးကျိပ်များကအထူး



ဂရုစိုက်၍ မီးသင်္ဂြိုလ်ခဲ့ကြ၏။အမိမြန်မာနိုင်ငံမှဝေးကွာသည့် ဒေသတွင် ကျဆုံးသွားသော လွတ်လပ်ရေးတိုက်ပွဲဝင် သူရဲကောင်းသခင်သန်းတင်အား ဂုဏ်ယူဖွယ်ဖြစ်အောင် မြှုစုသင်္ဂြိုလ်ပေးခဲ့ကြ၏။

မြန်မာ့လွတ်လပ်ရေးတိုက်ပွဲ လမ်းခုလပ်၌ ကျဆုံးခဲ့သော သခင်သန်းတင်အားချီးကျူးဂုဏ်ပြုသည့် အခမ်းအနားတစ်ရပ်ကို၁၃၀၅ခုနှစ်ကဆုန်လဆုတ်၇ရက်နေ့တွင်ကမာရွတ် ဇေယျာဝံသကျောင်းတိုက်တွင်ကျင်းပခဲ့၏၊ ယင်းအခမ်းအနားသို့ ဗမာ့လွတ်လပ်ရေးတိုက်ပွဲဝင်ခေါင်းဆောင်ကြီးများ တက်ရောက်ခဲ့ကြ၏။

၁၉၅၉ ခုနှစ် မတ်လ ၂၇ရက်နေ့တွင်မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုဖြင့်နိုင်ငံတော်က လွတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်)တံဆိပ်ချီးမြှင့်ခဲ့၏။

@@@@@@@@

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်မိုး (သခင်အေးမောင်)

# ဗိုလ်မိုး (သခင်အေးမောင်)
## လွတ်လပ်ရေးမော်ကွန်းဝင်(တတိယဆင့်)
## (၁၉၁၈- ၁၉၄၂)

ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မိုး၊အမည်ရင်းကိုအေးမောင်ကို ရန်ကုန်မြို့၌ ဖခင်ဖြစ်သူသာယာဝတီ ခမုန်ဆိပ်ရွာသား ဦးဘိုးမှီ မိခင် ပျဉ်းမနားမြို့မန်ကျည်းကန်ရပ်သူဒေါ်အေးတင်တို့မှ ၁၂၈၀ ပြည့်နှစ် တန်ခူးလဆန်း ၁၀ရက် (၁၉၁၈ခုနှစ် မတ်လ ၂၁ရက်) တနင်္လာနေ့ နံနက်၁၀နာရီ၄၀မိနစ်တွင်မွေးဖွားခဲ့၏။

www.burmeseclassic.com



မောင်အေးမောင်တွင်မွေးချင်းလေးဦးရှိ၏၊ငယ်စဉ်က ပျဉ်းမနားမြို့အေဘီအမ်ကျောင်းတွင်စတုတ္ထတန်းအထိ ပညာသင်ကြားခဲ့၏။ ရန်ကုန်မြို့အလုံရပ်ကူရှင်ကျောင်းတွင်၅တန်းမှ ၁၀တန်းအထိ ပညာသင်ကြားခဲ့၏။ မောင်အေးမောင်၏ ကျောင်းနာမည်မှာ မောင်ခင်ဆွေဖြစ်သည်။

မောင်အေးမောင် ၁၈နှစ်အရွယ် ကူရှင်ကျောင်း၌ နဝမတန်းတွင်ပညာသင်ကြားစဉ်ကပင်ကျောင်းသားသမဂ္ဂတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ မောင်အေးမောင်၏ ပင်ကိုယ်အရည်အသွေးနှင့် မျိုးချစ်စိတ်၊နိုင်ငံချစ်စိတ် တို့ကြောင့် ကူရှင်ကျောင်းသားသမဂ္ဂ အတွင်းရေးမှူးအဖြစ် ကျောင်းသားထု၏ ရွေးကောက်တင်မြှောက်ခြင်းကိုခံရ၏။ကျောင်းသားသမဂ္ဂနှင့် ကျောင်းမှ ထုတ်ဝေသောမဂ္ဂဇင်းများ၌ **ဒေါင်းညွန့်** ဟူသော ကလောင်နာမည်ဖြင့်မောင်အေးမောင်သည်ဆောင်းပါး၊ကဗျာ၊ ဝတ္ထုများရေးသားခဲ့၏။

၁၃၀၀ပြည့်အရေးတော်ပုံကာလအတွင်း၁၉၃၈ ခုနှစ် ဒီဇင်ဘာလ ၂၀ရက်နေ့ တွင် ရန်ကုန်တက္ကသိုလ်အပါအဝင် ရန်ကုန်မြို့ရှိကျောင်းပေါင်းစုံကျောင်းသားထုအတွင်းဝန်များရုံး (ယခုဝန်ကြီးများရုံး)ကိုဝိုင်း၍သပိတ်တားဆန္ဒပြရာတွင်မောင်



အေးမောင်သည် ကူရှင်ကျောင်းများသမဂ္ဂကို ဦးဆောင်ကာ ပါဝင်ခဲ့သည်။

၁၉၃၉ ခုနှစ် သခင်ကိုယ်တော်မှိုင်း ၊သခင်မြတို့ဗမာ အစည်းအရုံးသို့ဝင်ရောက်၍ နိုင်ငံရေးဆောင်ရွက်ခဲ့ပြီး မြေနီကုန်း တို့ဗမာအစည်းအရုံးကိုစတင်တည်ထောင်ရာတွင်ပါဝင်၍ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် စေလွှတ်သည့် ပထမအသုတ်နှင့်အတူ ၁၉၄၁ ခုနှစ် မတ်လ ၁၀ရက်နေ့တွင် ရှန်းတင်မာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာမတ်လ ၂၇ရက်နေ့တွင် ဂျပန်နိုင်ငံသို့ တိုကျိုမြို့သို့ ရောက်ရှိခဲ့သည်။ ဟိုင်နန်ကျွန်းတွင် စစ်ပညာများသင်ကြားခဲ့သည်။

ယိုးဒယားပြည် ဗန်ကောက်မြို့တွင်ဗမာ့လွတ်လပ်ရေးတပ်မတော်ကို တည်ထောင်ပြီးနောက်သခင်အေးမောင်သည် ဗိုလ်မိုးဟူသော နာမည်ကိုခံယူလျက်ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကိုကွပ်ကဲကာမြန်မာနိုင်ငံတွင်းသို့ပြန်ရောက်လာခဲ့၏။

ဗိုလ်မိုးဦးစီးသောဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးသည် စစ်တောင်းမြစ်ကို ဖြတ်ကျော်ပြီးနောက် ရန်ကုန်-ပဲခူးလေးမီးရထားလမ်းခရီးဖြင့် မြစ်ပုံရွာသို့ ၁၃၀၃ခုတပေါင်းလဆုတ်

www.burmeseclassic.com

www.burmeseclassic.com



၁ရက်နေ့တွင် ချီတက်ခဲ့၏။

၁၉၄၂ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ဖူးကြီးသို့ရောက်ရှိကာ အင်္ဂလိပ်တို့နှင့် တိုက်ပွဲဖြစ်ခဲ့ကြ၏။ တုန်းမြင့်ပေါ်မှနေ၍ ခြံမိုးပြီး ပစ်ခတ်လိုက်သော ရန်သူ၏ကျည်ဆန်တစ်တောင့်သည် ဗိုလ်မိုး၏ နားထင်သို့ တည့်တည့်လာမှန်ရာ ဗိုလ်မိုးသည် ဒဏ်ရာကို လက်ကိုင်ပုဝါနှင့် စည်းနှောင်နေရင်း လဲကျသွားခဲ့၏။ ဗိုလ်မိုးသည် ရရှိသည့်ဒဏ်ရာဖြင့်ပင် ကျဆုံးခဲ့ရ၏။ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီး၏ နိုင်ငံလွတ်မြောက်ရေး နယ်ချဲ့တော်လှန်ရေးတိုက်ပွဲတစ်ဦးတွင် ဗိုလ်မိုး ကျဆုံးသွားခြင်းအတွက် ရဲဘော်များ များစွာ ဝမ်းနည်းကြေကွဲခဲ့ကြရသည်။

နယ်ချဲ့တော်လှန်ရေး နိုင်ငံလွတ်လပ်ရေး တိုက်ပွဲတွင် ကျဆုံးသွားသော ဗိုလ်မိုးအား ဂုဏ်ပြုသောအားဖြင့် ယခုအခါ ရန်ကုန်မြို့ ဒဂုံမြို့နယ်တွင် ဗိုလ်မိုးလမ်းဟု အမည်ပေးထားခဲ့၏။

[illegible] ၁၉၄၂ ခုနှစ် [illegible] ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေး [illegible] နိုင်ငံတော်ကာကွယ်ရေးတပ်မတော် [illegible] (ဘတ်တီလီယံ) [illegible] ချီတက်ပြခဲ့၏။





[illegible]

www.burmeseclassic.com





ဗိုလ်မှူးထိန်ဝင်း (ကိုဆောင်း)

## ဗိုလ်မှူးထိန်ဝင်း (ကိုဆောင်း)
## လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)
## (၁၉၁၄- ၁၉၄၅)

နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲဝင် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ထိန်ဝင်း ဟုအမည်ကျော်ကြားခဲ့သော ကိုဆောင်းကို ဖခင်ဖြစ်သူ ရွှေကျင်မြို့ မြေပိုင်ရှင်စက်သူဌေးအမျိုးသားရေးလှုပ်ရှားမှုများတွင်ပါဝင်ဆောင်ရွက်လေ့ရှိသူ အင်္ဂလိပ်လက်ထက်ပဲခူးမြောက်ပိုင်းနယ်မှ ဥပဒေပြုအမတ် အဖြစ်နှင့် ညောင်လေးပင်မြို့ အမျိုးသားအထက်တန်းကျောင်းကိုတည်ထောင်ခဲ့သူအမျိုးသားခေါင်းဆောင်နှင့်သမာဓိမြို့ဝန် ဦးလွန်းမောင်နှင့်မိခင်ဒေါ်ပွားတို့မှ ၁၂၇၆ခုနှစ်ကဆုန်လပြည့်ကျော် ၉ရက်၊ ၁၉၁၄ခုနှစ် မေလ ၁၇ရက်နေ့ ပဲခူးခရိုင်ရွှေကျင်မြို့၌မွေးဖွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဆောင်းသည် ငယ်စဉ်က ရန်ကုန်မြို့ ဗိုင်အိုစီဇင် ယောက်ျားကလေးအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီးနောင်အခါတွင်ညောင်လေးပင် အမျိုးသားအထက်တန်းကျောင်းတွင်ပညာသင်ကြားခဲ့ပြီး အင်္ဂလိပ်-မြန်မာ ၁၀တန်းစာမေးပွဲကိုအောင်မြင်ခဲ့သည်။ ညောင်လေးပင်မြို့နယ်လူငယ်များကြီးပွားရေးအသင်းကို စတင်တည်ထောင်ခဲ့၏။

ကိုဆောင်းသည် နိုင်ငံရေးကိစ္စများကို စိတ်ဝင်စားရုံမျှသာမက၊ အနုပညာသဘင်ရေးရာများကိုလည်း ဝါသနာထုံသူဖြစ်၏။ ၁၉၃၅ ခုနှစ်တွင် ခေတ်သစ်သဘင်အဖွဲ့ကြီးကို စနစ်တကျတည်ထောင်ပြီးလျှင်ရန်ကုန်မြို့ စတော့ဂိတ်ထောင့် ဟာရီကာရစ်ရှုရုံ၌ ကပြခဲ့၏။ ထို့ပြင် မျက်လှည့်ပညာရပ်ကို အထူးဝါသနာပါသဖြင့် နိုင်ငံခြားမှ မျက်လှည့်စာအုပ်များကို ယူ၍ကိုယ်တိုင်လေ့ကျင့်ပြသလေ့ရှိ၏။

၁၉၃၈ ခုနှစ် ဒုတိယကမ္ဘာစစ်မီးကြီး စတင်ရန် လှုပ်ရှားစပြုနေချိန်တွင် ကိုဆောင်းသည် ဂျပန်တိုကျိုမြို့ ရော်ဘာလုပ်ငန်းအတတ်ပညာ သင်ကြားရန် ဒေါက်တာသိမ်းမောင် (ဂျပန်ခေတ်ဘဏ္ဍာရေးဝန်ကြီး)က ကူညီသဖြင့်သွားရောက်ခဲ့၏။ ကိုဆောင်းသည်ဂျပန်ပြည်သို့ရောက်သောအခါ ရော်ဘာလုပ်ငန်း



ကိုသာမက ပုံနှိပ်ပညာ၊ သတင်းစာပညာများကိုပါ လေ့လာဆည်းပူးခဲ့သည်။ ကိုဆောင်းသည် ဂျပန်ပြည်တွင်နေစဉ် မျက်စိဖွင့်ပြီး မိမိနိုင်ငံ၏အခြေအနေကို အမြဲစုံစမ်းခြင်း၊ နိုင်ငံလွတ်လပ်ရေးတွင် မိမိမည်သို့ပါဝင်ထမ်းဆောင်နိုင်မည်ကို စောင့်ဆိုင်းမျှော်လင့်နေခြင်းဖြင့်ဆောင်ရွက်ခဲ့၏။

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ လက်မှုပညာအတတ်သင် တက္ကသိုလ်တွင်တက်ရောက်ပညာသင်ကြားနေစဉ်ဗိုလ်မှူးကြီး ဆူဇူကီး (ခေါ်) ဗိုလ်မိုးကြိုးနှင့် ဆက်သွယ်မိခဲ့ပြီး ဂျပန်နိုင်ငံရောက်ရှိနေသည့် သခင်အောင်ဆန်း၊ သခင်လှမြိုင် တို့နှင့်တွေ့ဆုံပေးခဲ့သောကြောင့်ဂျပန်စစ်ဦးစီးဌာနချုပ်ကမြန်မာနိုင်ငံကိုစည်းရုံးသိမ်းသွင်းရန် မိနာမိအဖွဲ့ဖွဲ့စည်းသောအခါအဖွဲ့ဝင်ဖြစ်လာ၏။

မိနာမိအဖွဲ့ဝင်ဖြစ်လာပြီးနောက် ထိုင်းနိုင်ငံတွင်လျှို့ဝှက် ဘာသာပြန်ထမ်းရွက်ဆောင်ရန် အရေးတာဝန်များရှိသဖြင့် ၁၉၄၁ ခုနှစ် မတ်လ ၁ ရက်နေ့တွင်ဂျပန်နိုင်ငံမှထိုင်းနိုင်ငံသို့ ထွက်ခွာခဲ့ရာ မတ်လ ၁၂ ရက်နေ့တွင်ဗန်ကောက်မြို့သို့ရောက်ရှိခဲ့၏။ ဧပြီလ ၁၃ ရက်နေ့မှ ဇူလိုင်လ ၂၉ ရက်အထိ ၅ လ ထိုင်းနိုင်ငံ ရနောင်းမြို့တွင်မြန်မာနိုင်ငံအတွင်းသူပုန်ထရေးအတွက် ဂျပန်

www.burmeseclassic.com

www.burmeseclassic.com



ပြည်မှလက်နက်များသွင်းရန် နှင့် မြန်မာနိုင်ငံမှလျှို့ဝှက်စွာ ထွက်ခွာလာသောမျိုးချစ်လူငယ်များအားစောင့်ကြိုရန်တာဝန် များထမ်းဆောင်ခဲ့၏။ ကိုဆောင်းသည် ဖင်းမယ်မြို့တွင် အိမ် တစ်လုံးငှား၍ နေထိုင်ခဲ့ပြီး ဂျပန်ဟန်ဆောင်ကာ ယိုးဒယား စကားပြန်တစ်ဦးငှား၍ဆောင်ရွက်စရာများကိုဆောင်ရွက်ခဲ့၏။

၁၉၄၁ခုနှစ် ဩဂုတ်လ၁၅ရက်နေ့တွင်သခင်သန်းတင် ကို ဂျပန်နိုင်ငံသို့ ပို့ပေးရန်ဒေလီမာရုသင်္ဘောဖြင့် ဂျပန်နိုင်ငံ သို့ ထွက်ခွာခဲ့သည်။ ရဲဘော်သုံးကျိပ်ဝင်များ စစ်ပညာသင် တန်းများပြီးဆုံးပြီးနောက်ထိုင်းနိုင်ငံ ဗန်ကောက်သို့ ရောက်ရှိ ခဲ့ရာ ရဲဘော်သုံးကျိပ်ဝင်များနှင့် သစ္စာရေသောက်ခဲ့ပြီး မိမိ အမည်ရင်းမှဗိုလ်ထိန်ဝင်းဟု အမည်သစ်ပြောင်းခဲ့၏။

ကိုဆောင်းမှာ ဂျပန်ဘာသာစကားကိုအလွန်ကျွမ်းကျင် စွာတတ်မြောက်သူဖြစ်ပြီး ဂျပန်စစ်ဘက်ဌာနမှ ဂျပန်ဘာသာ နှင့်စကားကို ကျွမ်းကျင်၍ဝါဒဖြန့်ဖြူးရေးနှင့် စည်းရုံးရေးဌာန တွင် ဗန်ကောက်မြို့ ဝါဒဖြန့်ဖြူးဌာနမှနေ၍ မြန်မာဘာသာ ဖြင့် ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ပတ်သက်သည့် ဟော ပြောချက်၊ဝါဒဖြန့်ချက်ကိုနေ့စဉ်မပြတ်အောင်အသံလွှင့်ဌာန မှ လှို့ဆော်ထုတ်လွှင့်ဟောပြောခဲ့ရ၏၊၁၉၄၁ခုနှစ်မေလ၉ရက်



နေ့ တွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပြီး ပြန်ကြားရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးစတင်ပြီးနောက်ဂျပန်တပ်မတော် ရန်ကုန်မှဆုတ်ခွာသွားသည့်အခါ ဂျပန်တပ်မတော်နှင့် အတူ မော်လမြိုင်သို့လိုက်ပါသွားခဲ့သည်။ မော်လမြိုင်တွင်ဂျပန်တပ် မတော်နှင့်ပူးပေါင်းဆောင်ရွက်နေရသော်လည်းဖက်ဆစ်ဂျပန် တို့ကမသက်ာ၍ဖမ်းဆီးထားသည့်မြန်မာတော်လှန်ရေးသမား များလွတ်မြောက်ရေးအတွက် အကူအညီပေးခဲ့သည်။

မော်လမြိုင်တွင်ရှိစဉ် ကျန်းမာရေးမကောင်း၍ ထိုင်း နိုင်ငံသို့ ဆေးကုသရန် သွားရောက်ခဲ့ရာ ၁၉၄၅ ခုနှစ် နိုဝင် ဘာလတွင် ထိုင်းနိုင်ငံ လန်ပန်မြို့၌ အဆုတ်နာရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

၁၉၅၉ ခုနှစ် မတ်လ ၂၇ရက် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုနောက်ဆုံးကဏ္ဍ၌သက်စွန့်ကြိုးပမ်းခဲ့မှုဖြင့်လွတ်လပ် ရေးမော်ကွန်းဝင်(တတိယဆင့်)တံဆိပ် ချီးမြှင့်ဂုဏ်ပြုခဲ့၏။

@@@@@@@@

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်မှူးရန်အောင်(သခင်လှမြိုင်)

## ဗိုလ်မှူးရန်အောင်(သခင်လှမြိုင်)
## လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)
## (၁၉၁၇ - ၁၉၆၇)

နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုသမိုင်းတွင် မော်ကွန်းတင်ရမည့်ရဲဘော်သုံးကျိပ်ဝင် တစ်ဦးဖြစ်သည့်ဗိုလ်မှူးရန်အောင်အမည်ခံသခင်လှမြိုင်သည် "သခင်အောင်ဆန်း(ဗိုလ်ချုပ်အောင်ဆန်း) နှင့်အတူမြန်မာနိုင်ငံမှ နိုင်ငံခြားသို့ထွက်ခွာသည့် ပထမဆုံး နှစ်ဦးအနက် တစ်ဦး အပါအဝင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးရန်အောင်(သခင်လှမြိုင်)ကို၁၉၁၇ခုနှစ် မတ်လ(၂)ရက်နေ့ တွင် လှည်းကူးမြို့နယ် ဒါးပိန်ရွာ ဈေးပိုင်းရပ်၌ အဖ ဦးဘအောင် နှင့် အမိဒေါ်သိန်းမြ တို့မှ မွေးဖွားခဲ့၏။ အမည်ရင်းမှာကိုလှမြိုင်ဖြစ်သောကြောင့်တို့ဗမာအစည်းအရုံးကို ဝင်ရောက်သောအခါ သခင်လှမြိုင်ဖြစ်လာသည်။

၁၉၃၅ ခုနှစ်တွင် ဒသမတန်း အောင်မြင်ခဲ့သည်။ ၁၃၀၀ပြည့်အရေးတော်ပုံကာလ ၁၉၃၈ခုနှစ် ဇွန်လ ၂၇ရက်နေ့တွင်သန်လျင်ဘီအိုစီ ရေနံချက်စက်ရုံသပိတ်မှောက်ရာတွင် အလုပ်သမားခေါင်းဆောင်တစ်ဦးအဖြစ် ဦးဆောင်ခဲ့သည်။ သခင်အောင်ဆန်း နှင့် သခင်ကျော်စိန်ကိုတရုတ်နိုင်ငံသို့ စေလွှတ်ရန် စီစဉ်ထားသော်လည်းသခင်ကျော်စိန် မလိုက်ပါနိုင်သည့်အတွက် ဗြိတိသျှအစိုးရက ဖမ်းဝရမ်းထုတ်ထားသော သံလျင်ဘီအိုစီအလုပ်သမားသမဂ္ဂအတွင်းရေးမှူးသခင်လှမြိုင်ကို အစားထိုးရွေးချယ်ခဲ့သည်။

၁၉၄၀ပြည့်နှစ်ဩဂုတ်လ၈ရက်နေ့တွင်သခင်အောင်ဆန်းနှင့်အတူ ဟိုင်လီသင်္ဘောဖြင့်အမွိုင်သို့သွားရောက်ခဲ့သည်။ အမွိုင်တွင် တရုတ်ကွန်မြူနစ်ပါတီ နှင့် အဆက်အသွယ် မရဘဲသောင်တင်နေရာမှဂျပန်ဗိုလ်မှူးကြီး ဆူဇူကီး၏အစီအစဉ်



ဖြင့် ဂျပန်နိုင်ငံသို့ ၁၉၄၀ပြည့်နှစ်နိုဝင်ဘာလ၁၂ရက်နေ့တွင် ရောက်ရှိခဲ့သည်။ ၁၉၄၁ ခုနှစ် ဧပြီလတွင်စစ်ပညာသင်ကြားခဲ့သည်။

ယိုးဒယားနိုင်ငံ၌ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကို ဖွဲ့စည်းသောအခါ သခင်လှမြိုင်သည် ဗိုလ်ရန်အောင်အမည်သို့ ပြောင်းလဲခဲ့သည်။ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)စစ်ဌာနချုပ် နှင့် မော်လမြိုင်စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်းချီတက်ကာ ဗြိတိသျှတို့ကိုတိုက်ခိုက်ခဲ့သည်၊ ဂျပန်တပ်မတော်နှင့် ဘီအိုင်အေတပ်မ(၁)နှင့်(၂)တို့သည်အထက်မြန်မာနိုင်ငံကို ချီတက်တိုက်ခိုက်ခဲ့ရာ ၁၉၄၂ခုနှစ်ဧပြီလ၁၂ရက်နေ့တွင်တပ်မ(၁)လက်အောက်ခံတပ်မတော်(၁)အားဦးစီး၍ ရနိုင်သို့ချီတက်ခဲ့သည် တပ်မတော်(၁)သည် တောင်ကုတ်၊ ရမ်းဗြဲ၊ မင်းပြား၊ ပုဏ္ဏားကျွန်း၊ စစ်တွေ၊ ဘူးသီးတောင်၊ မြို့ဟောင်းတို့ကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

၁၉၄၄ခုနှစ် ဩဂုတ်လ ၂၀ရက်နေ့တွင်ဗိုလ်ချုပ်အောင်ဆန်းနေအိမ်၌ ကျင်းပခဲ့သောဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ဖွဲ့စည်းရေးအစည်းအဝေးသို့တက်ရောက်ခဲ့သည်။၁၉၄၅ ခုနှစ်မတ်လ၀ရက်နေ့မှ၉ရက် [illegible]ထိ ကျင်းပ

www.burmeseclassic.com



ခဲ့သော ဖဆပလအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ထို အစည်းအဝေးမှဖက်ဆစ်ဂျပန်တို့အားတော်လှန်တိုက်ခိုက်ရန် အစီအစဉ်များ ချမှတ်ခဲ့သည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေး ကာလက ရှေ့တန်းစစ်ဌာနချုပ်တွင်ဒုတိယစစ်ဦးစီးမှူးအဖြစ် တာဝန်ယူကာဖက်ဆစ်ဂျပန်တို့ကိုတော်လှန်တိုက်ခိုက်ခဲ့သည်။ အထက်ဗမာပြည်တိုင်းတွင် တိုင်းမှူးအဖြစ် တာဝန်ယူဆောင် ရွက်ခဲ့သည်။

၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၂၈ရက်နေ့ မှ မတ်လ ၆ရက်နေ့အထိ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့၌ကျင်းပသော အရှေ့တောင်အာရှ ဒီမိုကရက်တစ်ညီလာခံသို့ တက်ရောက် ခဲ့သည်။ ဗိုလ်မှူးရန်အောင်သည် ၁၉၃၉ ခုနှစ်တွင် စတင်ဖွဲ့ စည်းသောဗမာပြည်ကွန်မြူနစ်ပါတီတွင်ပါတီဝင်တစ်ဦးအဖြစ် တက်ကြွစွာ ပါဝင်ခဲ့သူဖြစ်သည်။ ၁၉၄၈ ခုနှစ် မတ်လတွင် ဖဆပလအစိုးရလက်ထက်တွင်အဖမ်းခံရပြီးသာယာဝတီထောင် ကျခဲ့၏။ ၁၉၄၈ ခုနှစ် ဇူလိုင်လ ၈ရက်နေ့တွင် အကျဉ်းမှ လွတ်မြောက်ခဲ့ပြီး လက်ဝဲညီညွတ်ရေးကောင်စီတွင် အဖွဲ့ဝင် အဖြစ် ပါဝင်ခဲ့သည်။ ၁၉၄၈ ခုနှစ် ဩဂုတ်လတွင် လက်ဝဲ ညီညွတ်ရေးလမ်းစဉ်ကို တင်ပြရန် ဗကပ ဌာနချုပ်သို့ စေ



လွှတ်ခဲ့သည်။ ထိုသို့စေလွှတ်ခဲ့ရာမှ ပြန်မလာတော့ဘဲ တော ခိုကာ ဗကပ၏တော်လှန်ရေးလမ်းစဉ်နောက်ပါသွားခဲ့သည်။

၁၉၄၉ ခုနှစ်တွင် ဗကပ ခြေလျင်တပ်မ(၄)တပ်မမှူး အဖြစ်လည်းကောင်း၊ဗကပတပ်များ၏ ဒုတိယစစ်သေနာပတိ အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၅၀ ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုကော်မတီ မှ ဗိုလ်မှူးရန်အောင် အား ထုတ်ပယ်ပစ်ခဲ့သည် သို့သော်ဗိုလ်မှူးရန်အောင်သည် တောတွင်းဗမာပြည်ကွန်မြူနစ်ပါတီမှ ပေးအပ်သော တာဝန် များကို ဆက်လက်ဆောင်ရွက်နေခဲ့သည်။

၁၉၆၇ ခုနှစ် ဒီဇင်ဘာလ ၁၅ရက်နေ့ မှ ပီကင်း ကွန်မြူနစ်လမ်းစဉ်ကိုမထောက်ခံ၍ ဗမာပြည်ကွန်မြူနစ်ပါတီ မှ ထုတ်ပယ်ခြင်းခံရသည်။ ဗကပ၏ ဖြုတ် ထုတ် သတ် လမ်း စဉ်အရ ၁၉၆၇ခုနှစ် ဒီဇင်ဘာလ ၂၆ရက်နေ့တွင် ပဲခူးရိုးမရှိ ဗကပ ဌာနချုပ် ဗဟိုစခန်း၌ လူငယ်များ၊ အမျိုးသမီးများနှင့် ကင်းအဖွဲ့ဝင်များ၏သတ်ဖြတ်ခြင်းခံရသည်။

@@@@@@@@

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်မှူးစောနောင်(သခင်သစ်)

## ဗိုလ်မှူးစောနောင်(သခင်သစ်)
## လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)
## (၁၉၂၀- ၁၉၇၆)

နယ်ချဲ့ဆန့်ကျင်ရေးနှင့် မြန်မာနိုင်ငံအမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများတွင်ရှေ့တန်းမှပါဝင်တိုက်ခိုက်ခဲ့သောရဲဘော်သုံးကျိပ်ဝင်ဗိုလ်မှူးစောနောင်ကိုရန်ကုန်မြို့ကမာရွတ်မြို့နယ် ရှမ်းစုရပ်နေကျောက်ကုန်သည်ကြီးဖခင်ဦးဘိုးညွန့်မိခင်ဒေါ်ရွှေမှုတ်တို့မှ ၁၉၂၀ပြည့်နှစ် စက်တင်ဘာလ ၂ရက်နေ့တွင်မွေးဖွားခဲ့၏။ မိဘများကမောင်သစ်ဟုအမည်ပေးခဲ့ကြ၏၊ မောင်နှမခြောက်ယောက်တွင် ပဥ္စမမြောက်သားဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်သစ်သည် ငယ်စဉ်က တမာရွှတ်ရပ်ကွက်ရှိ ဦးစံရွှေ အလွတ်ပညာသင်ကျောင်း တွင် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာ သတ္တမတန်းစာမေးပွဲကို အောင်မြင်ပြီးနောက် မိဘများ၏ကျောက်လုပ်ငန်းတွင်ပါဝင်ကူညီလုပ်ဆောင်ခဲ့၏။ အသက် ၁၄နှစ်၁၅နှစ် အရွယ်တွင်တို့ဗမာအစည်းအရုံး၏ အမျိုးသားလှုပ်ရှားမှုတွင်မောင်သစ်ဝင်ရောက်ပါဝင်ခဲ့ပြီး သခင်သစ်ဖြစ်လာခဲ့သည်။

သခင်ထွန်းအုပ်၊ သခင်ဗစိန် တို့ဗမာအစည်းအရုံး၏ တာဝန်ပေးချက်အရ ၁၉၄၁ခုနှစ်မေလတွင် သခင်ကျော်စိန် (ဗိုလ်မိုးညို)နှင့်အတူ ထိုင်းနိုင်ငံမှတဆင့် ဂျပန်နိုင်ငံသို့သွားရောက်ရန် ကြိုးပမ်းစဉ် မဲဆောက်တွင် အဖမ်းခံရသည်။ မဲဆောက်အချုပ်ခန်းတွင်နှစ်ရက်ကြာအချုပ်ခံရပြီး ပြည်နှင်ဒဏ်ပေးခံရ၍ မြန်မာနိုင်ငံသို့ပြန်လာခဲ့ရသည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် စေလွှတ်သည့် စတုတ္ထအသုတ်နှင့် ၁၉၄၁ခုနှစ်ဇူလိုင်လ၈ရက်နေ့တွင် ကိုရီယမ္မာရူးသင်္ဘောဖြင့် ရန်ကုန်မြို့ မှ ထွက်ခွာခဲ့ရာ ၁၉၄၁ခုနှစ် [illegible]ရက်နေ့တွင်ရှန်ဟိုင်းသို့ရောက်ရှိခဲ့သည်။ ၁၉၄၁ခုနှစ် ဩဂုတ်လ ၁၁ရက်နေ့တွင် ရောက်ရှိပြီး စစ်ပညာများ



သင်ကြားပေးခဲ့သည်။

ထိုင်းနိုင်ငံဗန်ကောက်တွင်ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ) ဖွဲ့စည်းပြီးနောက် စစ်သားစုဆောင်းရေး တာဝန်များကို ဆောင်ရွက်ခဲ့ရာ တပ်သားသစ် ၁၀၀၀ကျော် စုဆောင်းနိုင်ခဲ့သည့်အတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဂျပန်စစ်အရာရှိကြီးများ၏ ချီးကျူးခြင်းကိုခံရသည်။

ယိုးဒယားနိုင်ငံတွင်ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကို ဖွဲ့စည်းပြီးသည်နှင့်ရဲဘော်သုံးကျိပ်ဝင်များသည်လည်းလက်မောင်းသွေးဖောက်၍ သစ္စာဆိုခဲ့ကြသည်၊သခင်သစ်မှာဗိုလ်စောနောင် အမည်သို့ ပြောင်းလဲခံယူခဲ့၏။

ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ် နှင့်မော်လမြိုင်စစ်ကြောင်းဖြင့်မြန်မာနိုင်ငံတွင်းချီတက်ကာ ဗြိတိသျှတပ်များကို တိုက်ခိုက်ခဲ့သည်။ဘီအိုင်အေတွင် ဗိုလ်မှူးအဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။၁၉၄၂ခုနှစ် ဇူလိုင်လ ၂၇ရက်နေ့တွင် ဘီအိုင်အေဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)ဖွဲ့စည်းသောအခါဘီဒီအေ တပ်ရင်း(၄)၊ တပ်ခွဲ(၁) တွင် ဗိုလ်ကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးပြီးစီးသောအခါတွင် ဗိုလ်မှူး

www.burmeseclassic.com

www.burmeseclassic.com



စောနောင်သည်တပ်မတော်မှထွက်လိုက်သည်၊ တော်လှန်ရေးအစိုးရအဖွဲ့တက်ချိန်တွင် ဗိုလ်မှူးစောနောင်သည်ကုန်သွယ်ရေးဌာနသို့ဆက်သွယ်၍ နိုင်ငံတာဝန်ကိုထမ်းဆောင်ခဲ့၏၊ကုန်သွယ်ရေးဌာနလုပ်ငန်းစစ်ဆေးရေးဌာနတွင် အထူးအရာရှိ အဖြစ်ထမ်းဆောင်ခဲ့၏။

၁၉၅၉ခုနှစ်မတ်လ(၂၇)ရက်နေ့မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုအတွက် နိုင်ငံတော်ကလွတ်လပ်ရေး မော်ကွန်းဝင်(ပထမဆင့်) တံဆိပ်ချီးမြှင့်ခဲ့၏။ ၁၉၇၆ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ကွယ်လွန်ခဲ့၏။

@@@@@@@@



www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်မှူးမြင့်ဆွေ(သခင်ထွန်းခင်)

# ဗိုလ်မှူးမြင့်ဆွေ(သခင်ထွန်းခင်)
# လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)
# (၁၉၁၁- ၁၉၇၃)

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင်ထင်ရှားခဲ့သော ရဲဘော်သုံးကျိပ်ဝင်စာရင်းထဲတွင်ဗိုလ်မှူးမြင့်ဆွေလည်းပါဝင်ခဲ့သည်၊ဗိုလ်မှူးမြင့်ဆွေကိုပြည်ခရိုင်ဆင်မြီးဆွဲနှင့်နှစ်မိုင်ခန့်ဝေးသော သရက်တစ်ပင်ရွာ၌မွေးဖွားခဲ့သည်။ မိဘများမှာ လယ်ယာလုပ်ကိုင်ပြီးဘုရားဒါယကာနှင့်ဒါယိကာမကြီးများ အဖြစ်ထင်ရှားသောဦးဘိုးမောင်၊ဒေါ်ငွေဝင်းတို့ဖြစ်သည်၊အမောင်နှစ်မခြောက်ယောက်အနက် ပဥ္စမမြောက်သားဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ထွန်းခင် အသက် ၆နှစ် အရွယ် ရန်ကုန်မြို့ရှိ ကြည့်မြင်တိုင်ညောင်ပင်တန်းရှိဆရာကြီးဦးအုန်းညွန့်၏ကျောင်းတွင် ကျောင်းအိပ်ကျောင်းစားပညာသင်ကြားခဲ့၏။ ထို့နောက် ရွှေတောင်မြို့ အမျိုးသားအထက်တန်းကျောင်းသို့ပြောင်းရွှေ့ပညာသင်ကြားခဲ့ရာ စတုတ္ထတန်းအောင်မြင်ခဲ့၏ ရွှေတောင်မြို့မှ မင်းဘူးမြို့ အထက်တန်းကျောင်းသို့ပြောင်းရွှေ့ပညာသင်ကြားခဲ့ပြီး ထိုကျောင်းမှ သတ္တမတန်းအောင်မြင်ခဲ့သည်။

၁၉၇၂ ခုနှစ် မောင်ထွန်းခင်၏အစ်ကိုဖြစ်သူဘုန်းတော်ကြီး ဦးမေဓာဝီရ သည်သီဟိုဠ်နိုင်ငံသို့ ဗုဒ္ဓဘာသာစာပေလေ့လာရန် ကြွရောက်သောအခါ အတူလိုက်ပါပြီး သီဟိုဠ်နိုင်ငံ ကိုလံဘိုမြို့တွင် ခြောက်လခန့်နေထိုင်ပြီးဂျပ်ဖနသိပ္ပံကျောင်းတွင်အင်္ဂလိပ်စာပေကို လေးနှစ်ပညာသင်ကြားခဲ့ပြီး ကျူနီယာကင်းဘရစ်ချ်စာမေးပွဲကိုအထက်တန်းအဆင့်မှအောင်မြင်ခဲ့သည်။

၁၉၃၁ ခုနှစ် စီနီယာကင်းဘရစ်ချ်အတန်းပညာသင်ကြားနေစဉ်ကျောင်းပိတ်ရက်အားသဖြင့် မြန်မာနိုင်ငံရှိမိဘများထံခေတ္တပြန်လာခဲ့ရာနိုင်ငံချစ်စိတ်နှိုးဆွပေးစေသောအဖြစ်ပေါ်ပေါက်ခဲ့၏။ ၁၉၃၁ ခုနှစ် ဆင်မြီးဆွဲ မြို့ကလေးတွင် သခင်လေးမောင်နှင့်သခင်ဗစိန်တို့ဟောပြောသောတရားပွဲကိုကြား



နာမိရာမှ နိုင်ငံရေး နိုးကြားခဲ့ပြီး ပြည်ခရိုင်သခင်ညီ၊ သခင်ဝတင်စသည့်နိုင်ငံရေးတို့ဗမာအစည်းအရုံးဝင်သခင်များနှင့်အတူ မောင်ထွန်းခင်ပါဝင်ဆောင်ရွက်ခဲ့ရာမှသခင်ထွန်းခင်ဆိုသောအမည်မှာ လူသိထင်ရှားလာခဲ့၏။

၁၉၃၅ ခုနှစ် ရေနံချောင်းမြို့၌ ကျင်းပသည့် တို့ဗမာအစည်းအရုံး၏ ပထမဆုံးအကြိမ်ညီလာခံသို့ ပြည်ခရိုင်ကိုယ်စားလှယ်အဖြစ်တက်ရောက်ခဲ့ပြီးထိုညီလာခံမှ တို့ဗမာအစည်းအရုံးဌာနချုပ်အလုပ်အမှုဆောင်အဖြစ်ရွေးချယ်တင်မြှောက်ခဲ့သည်။ ၁၉၃၆ခုနှစ်မြင်းခြံတွင်ကျင်းပသော တို့ဗမာအစည်းအရုံး၏ ဒုတိယအကြိမ် ညီလာခံတွင် ဌာနချုပ် ဘဏ္ဍာရေးမှူးအဖြစ်ရွေးချယ်ခံရ၏၊ ၁၉၃၈ခုနှစ်တို့ဗမာအစည်းအရုံးနှစ်ခြမ်းကွဲသောအခါသခင်ထွန်းအုပ်၊ သခင်ဗစိန်တို့ဗမာအစည်းအရုံးတွင်ပါဝင်ခဲ့သည်။

ဂျပန်နိုင်ငံသို့ စစ်ပညာ သင်ကြားရန် စေလွှတ်သည့် စတုတ္ထအသုတ်နှင့်အတူ ၁၉၄၁ ခုနှစ်ဇူလိုင်လ ၈ ရက်နေ့တွင် ကိုရီယုမာရူးသင်္ဘောဖြင့်ရန်ကုန်မြို့မှထွက်ခွာခဲ့ပြီးဇူလိုင် ၂၂ ရက်နေ့တွင် ရှန်ဟိုင်းသို့ ရောက်ရှိပြီး ၁၉၄၁ ခုနှစ်ဩဂုတ်လ ၈ရက်နေ့တွင် ဟိုင်နန်ကျွန်းသို့ ရောက်ရှိကာ စစ်ပညာများ

www.burmeseclassic.com

www.burmeseclassic.com



သင်ကြားခဲ့၏။

ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)မြန်မာနိုင်ငံတွင်း မချီတက်မီပြည်တွင်းသူပုန်အဖွဲ့ဝင်အဖြစ်မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်ရာ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ၁၁ရက်နေ့တွင်ရန်ကုန်မြို့သို့ရောက်ရှိခဲ့၏၊အရေးတော်ပုံပါတိဝင်များနှင့်တွေ့ဆုံပြီး ဂျပန်တပ်များအကြောင်း နှင့် မှာကြားလိုက်သောကိစ္စများကို သတင်းပို့ခဲ့ပြီး ရန်ကုန်၊ဖျာပုံ၊ဘိုကလေး၊ကျိုက်လတ်မြို့တို့တွင် စစ်ပညာသင်တန်းပေးခြင်း ၊စစ်လက်နက်ငယ်သင်တန်းပေးခြင်းများကိုဆောင်ရွက်ခဲ့၏။

ဘီအိုင်အေတွင် ဗိုလ်မှူးရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်၊၁၉၄၂ခုနှစ်ဇူလိုင်လ၂၇ရက်နေ့တွင်ဘီအိုင်အေဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)ဖွဲ့စည်းသောအခါ ဗိုလ်ကြီးရာထူးဖြင့် ရန်ကုန်စစ်ရုံးတွင်တာဝန်ထမ်းဆောင်ခဲ့သည်၊ပျဉ်းမနားစစ်ရုံးချုပ်တပ်ရင်း(၄) ပဲခူးစံပြတပ်ရင်း၊စစ်ဝန်ကြီးရုံးနှင့် လေ့ကျင့်ရေးဌာနချုပ်တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။

ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလတွင်တိုင်းအမှတ်(၄)၊(ပဲခူး၊ရွှေကျင်၊သထုံ)တွင်ဒုတိယစစ်ခေါင်းဆောင်အဖြစ်ဖက်ဆစ်



ဂျပန်များကိုတော်လှန်တိုက်ခိုက်ခဲ့သည်။ ဂျပန်တော်လှန်ရေးအပြီးတွင် ဗမာ့တပ်မတော်မှနုတ်ထွက်ခဲ့သည်။ ၁၉၅၈ ခုနှစ်ဖဆပလ နှစ်ခြမ်းကွဲသောအခါ သန့်ရှင်းအဖွဲ့တွင် ပါဝင်ခဲ့ပြီး ၁၉၆၀ ပြည့်နှစ်မှ၁၉၆၂ ခုနှစ် မတ်လအထိ ပါလီမန်အတွင်းဝန်အဖြစ်ဆောင်ရွက်ခဲ့သည်။၁၉၅၉ ခုနှစ် မတ်လ (၂၇)ရက်နေ့တွင် နိုင်ငံတော်ကလွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)တံဆိပ် ချီးမြှင့်ဂုဏ်ပြုခဲ့သည်။

၁၉၇၃ခုနှစ်ဇန်နဝါရီလ(၂၃)ရက်နေ့တွင်ရန်ကုန်မြို့၌ နှလုံးသွေးကြောပိတ်ရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

@@@@@@@@

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်မှူးရန်နိုင်(သခင်ထွန်းရှိန်)

## ဗိုလ်မှူးရန်နိုင်(သခင်ထွန်းရှိန်)
## လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)
## (၁၉၁၈- ၁၉၈၉)

လွတ်လပ်ရေးတိုက်ပွဲကြီးပမ်းမှုတွင်ရဲဘော်သုံးကျိပ်ဝင် အဖြစ် ပါဝင်တိုက်ခိုက်ခဲ့သောရဲဘော်များအနက်ဗိုလ်မှူးရန်နိုင် ကို အောင်လံမြို့နယ် ကမ္ဘလေးကျေးရွာ၌ ၁၉၁၈ ခုနှစ်နိုဝင်ဘာလ(၂)ရက်နေ့တွင် ဖခင်ဦးခန့်၊မိခင်ဒေါ် သန့်တို့မှ မွေးဖွားခဲ့၏။ ငယ်နာမည်မှာ မောင်ထွန်းရှိန်ဖြစ်၏။

ကမ္ဘလေးကျေးရွာဆရာကြီးဦးချမ်းသာ၏တိုင်းရင်းမြန်မာ စာသင်ကျောင်းတွင်မူလတန်းအဆင့်အထိ ပညာသင်ကြားခဲ့ပြီး ပြည်မြို့အစိုးရအထက်တန်းကျောင်းတွင်ပညာဆက်လက် သင်

www.burmeseclassic.com

www.burmeseclassic.com



ကြားခဲ့၏။ ၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်ခေါင်းဆောင်အဖြစ်ဆောင်ရွက်ခဲ့သည့်အတွက်အဖမ်းခံခဲ့ရသည်။ ၁၉၃၇ ခုနှစ်တွင် ဒသမတန်းအောင်မြင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားခဲ့သည်။

၁၉၃၈-၃၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂအမှုဆောင်အဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၃၈ ခုနှစ်ရန်ကုန်တက္ကသိုလ်တတိယကျောင်းသားသပိတ် ဖြစ်သွားသောအခါကျောင်းသားခေါင်းဆောင်တစ်ဦးအဖြစ်ပါဝင်ခဲ့သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသံမဏိတပ်ကိုတည်ထောင်ပြီးပထမဆုံးတပ်မှူးအဖြစ်ဆောင်ရွက်ခဲ့ရာသံမဏိထွန်းရှိန်ဟုသမဂ္ဂနှင့်ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂတွင် အထွေထွေအတွင်းရေးမှူးအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၄၀ ပြည့်နှစ် မတ်လ(၂၉)ရက်နေ့တွင် အိန္ဒိယနိုင်ငံရမ်းဂါးမြို့တွင်ကျင်းပသောအိန္ဒိယအမျိုးသားကွန်ဂရက်သို့မြန်မာ့ကျောင်းသားများကိုယ်စားအဖြစ်တက်ရောက်ခဲ့သည်။

မောင်ထွန်းရှိန်၏ပညာရေးမှာဂျပန်နိုင်ငံသို့စစ်ပညာသင်ရန် သွားရောက်ခဲ့စဉ် ရပ်နားခဲ့သော်လည်းဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၉၄၆ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ပြန်လည်



တက်ရောက် ပညာသင်ယူခဲ့ပြီး ၁၉၄၇ ခုနှစ်တွင် ဘီအေဘွဲ့ရရှိခဲ့သည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ရန်မောင်ထွန်းရှိန်သည် ၁၉၄၁ ခုနှစ် မတ်လ ၁၀ ရက်နေ့တွင်ရဲဘော်သုံးကျိပ် ပထမအသုတ်တွင် ပါဝင်ကာ ရွှန်တင်မာရူးသင်္ဘောဖြင့်ပါသွားခဲ၏။ ၁၉၄၁ခုနှစ်ဧပြီလတွင်ဟိုင်နန်ကျွန်းထိုင်ဝမ်ကျွန်းတို့၌စစ်ပညာများသင်ကြားခဲ့သည်။

နယ်ချဲ့တော်လှန်ရေးစစ်ပွဲကြီးတွင်ဗမာ့လွတ်လပ်ရေးတပ်မတော်တပ်မှူးအဖြစ်မောင်ထွန်းရှိန်သည် ပါဝင်ချီတက်ခဲ့ရာဗိုလ်ရန်နိုင်နာမည်ခံယူခဲ့သည်၊ ဗိုလ်ရန်နိုင်သည်ဘီအိုင်အေဗမာ့တပ်မတော်ရေကြောင်းချီတပ်ဖွဲ့ကြီးကို ဦးစီး၍ မြိတ်မြို့စစ်ကြောင်းမှ မြန်မာ့ပြည်တွင်းသို့ ဝင်ရောက် တိုက်ခိုက်ခဲ့၏။ ဂျပန်တပ်၏ အစီအစဉ်ဖြင့် ဗမာ့လွတ်လပ်ရေးကို ဗမာ့ကာကွယ်ရေးတပ်မတော်အဖြစ် ပြောင်းလဲ ဖွဲ့စည်းသောအခါ ဗိုလ်မှူးရန်နိုင်သည် တပ်ရင်း(၂) တပ်မှူးကြီး၊ ၁၉၄၃ ခုနှစ်နိုင်ငံတော် အဓိပတိဒေါက်တာဘမော်၏ စစ်ရေးအတွင်းဝန်၊ ဂျပန်ခေတ်မင်္ဂလာဒုံစစ်တက္ကသိုလ်ကျောင်းအုပ်ကြီးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၇ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်း နှင့် အာဇာနည် ခေါင်းဆောင်ကြီးများကို ဂဠုန်ဦးစောကလုပ်ကြံသတ်ဖြတ်ခဲ့ပြီး နောက် ပြည်တွင်းနိုင်ငံရေး အရှုပ်အထွေးများ ဖြစ်ပေါ်ခဲ့စဉ် နိုင်ငံတော်အမိပတိဟောင်း ဒေါက်တာဘမော်၏သမီးတင်ဇာ မော်၏ခင်ပွန်းဗိုလ်မှူးရန်နိုင်သည်ဒေါက်တာဘမော်နှင့် အတူ နိုင်ငံရေးပုဒ်မ(၅)ဖြင့်ဖမ်းဆီးခြင်းခံရသည်၊ ၁၉၅၁ခုနှစ်ထောင် မှလွတ်မြောက်ခဲ့ပြီးလျှင် ဒေါက်တာဘမော် ဦးဆောင်သော မဟာဗမာပါတီတွင် ဦးဆောင်ပါဝင်ခဲ့သည်။

၁၉၅၁ ခုနှစ် ပထမအကြိမ်ပြည်သူ့လွှတ်တော်ရွေး ကောက်ပွဲတွင်မဟာဗမာပါတီကိုယ်စားပြု သိမ်ဖြူမြောက်ပိုင်း မဲဆန္ဒနယ်မှလည်းကောင်း၊၁၉၅၆ ခုနှစ်ဒုတိယအကြိမ်ပါလီမန် ရွေးကောက်ပွဲတွင် အမျိုးသားအုပ်စု အမတ်လောင်းအဖြစ် ရမည်းသင်းမြောက်မဲဆန္ဒနယ်မှလည်းကောင်း၊ ၁၉၆၀ ခုနှစ် တတိယအကြိမ် ပါလီမန်ရွေးကောက်ပွဲတွင် အမျိုးသားမဟာ မိတ်အဖွဲ့ အမတ်လောင်း အဖြစ် သရက်အရှေ့ပိုင်း မဲဆန္ဒ နယ်မှ လည်းကောင်းဝင်ရောက်အရွေးခံခဲ့ရာ ရှုံးနိမ့်ခဲ့သည်။

၁၉၆၅ ခုနှစ်မတ်လ၁၂ရက်ဗိုလ်မှူးချုပ်ဟောင်းစော ကြာဒိုး၊ဇာလီမော်၊မစ္စတာဖက်တို့ပါဝင်သည့် အဖွဲ့နှင့်အတူထိုင်း



နိုင်ငံသို့လျှို့ဝှက်စွာထွက်ခွာခဲ့သည်။ ၁၉၆၆ခုနှစ် မတ်လတွင် ထိုင်း-မြန်မာနယ်စပ်တွင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ဖွဲ့စည်းခဲ့သလို၁၉၆၆ ခုနှစ်အောက်တိုဘာလတွင် အမျိုးသား လွတ်မြောက်ရေးကောင်စီကိုဖွဲ့စည်းခဲ့သည်။

၁၉၆၉ ခုနှစ်ဦးနုခေါင်းဆောင်သောပါလီမန်ဒီမိုကရေစီ ဖွဲ့စည်းရာတွင် အလုပ်အမှုဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့၏။ ပါလီမန်ဒီမိုကရေစီပါတီမှ ဦးနုနုတ်ထွက်သွားပြီး ဗိုလ်လကျာ် ဥက္ကဋ္ဌအဖြစ်ဦးဆောင်သည့်ပြည်သူ့ပြည်ချစ်ပါတီတွင်အလုပ် အမှုဆောင်တစ်ဦးအဖြစ်ပါဝင်ခဲ့သည်။ ၁၉၅၉ ခုနှစ်ဇူလိုင်လ ၁၈ ရက်နေ့တွင် ပြည်သူ့ပြည်ချစ်ပါတီမှ ထုတ်ပယ်ခြင်းခံ ခဲ့ရသည်။

၁၉၈၀ ပြည့်နှစ်တွင်လွှတ်ငြိမ်းချမ်းသာခွင့်ဥပဒေ ၂/၈၀ ဖြင့် ဗိုလ်မှူးရန်နိုင်သည် ဥပဒေဘောင်တွင်းသို့ ပြန်လာခဲ့ပြီး မြန်မာနိုင်ငံသို့ပြန်လာခဲ့၏၊ထိုနှစ်တွင်နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမ ဆင့် ချီးမြှင့်ခဲ့၏။

ဗိုလ်မှူးရန်နိုင်သည်အသက်(၇၁)နှစ်အရွယ်၁၉၈၉ခုနှစ် ဇန်နဝါရီလ ၂၈ရက်နေ့၊ ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

@@@@@@@@

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်မှူးမြင့်အောင်(သခင်စိုး)

## ဗိုလ်မှူးမြင့်အောင်(သခင်စိုး)
## လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)
## (၁၉၁၇- ၁၉၄၅)

လွတ်လပ်ရေးတိုက်ပွဲကြီးပမ်းမှုတွင် ရဲဘော်သုံးကျိပ်ဝင်အဖြစ် ပါဝင်တိုက်ခိုက်ခဲ့သော ရဲဘော်များအနက် ဗိုလ်မှူးမြင့်အောင်ကို ပြည်ခရိုင်ပန်းတောင်းမြို့နယ် သူရဲတန်းကျေးရွာ၌ မိဘများဖြစ်ကြသော ဦးပုန်း၊ ဒေါ်သက်ရှည် တို့မှ၁၉၁၇ခုနှစ် နိုဝင်ဘာလ၁၄ရက်နေ့တွင်မွေးဖွားခဲ့၏။ အမည်ရင်းမှာမောင်ဖိုးစိုးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သခင်ကိုယ်တော်မှိုင်းခေါင်းဆောင်သော တို့ဗမာအစည်းအရုံးတွင် ပါဝင်၍နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းများလုပ်ဆောင်ခဲ့သည်၊သခင်စိုးဖြစ်လာခဲ့၏၊အထက်တန်းအဆင့်အထိပညာသင်ကြားခဲ့၏၊ဂျပန်နိုင်ငံသို့မြန်မာလူငယ်(၃၀)တို့သည်စစ်ပညာသင်ကြားရန် သွားရောက်သောအခါ သခင်စိုးသည်ဒုတိယအသုတ်တွင် ပါဝင်ခဲ့၏။

၁၉၄၁ခုနှစ် ဧပြီလ၁၃ရက်နေ့တွင်တိုင်ရှိမာရူးသင်္ဘောဖြင့်ရန်ကုန်မြို့မှထွက်ခွာခဲ့ရာ ၂၈ရက်နေ့ဧပြီလတွင်ဂျပန်နိုင်ငံ အိုဆာကာမြို့သို့ ရောက်ရှိခဲ့သည်။၁၉၄၁ခုနှစ် မေလ ၉ ရက်နေ့တွင်လေယာဉ်ပျံဖြင့် တိုကျိုမှဟိုင်နန်ကျွန်းသို့ သွားရောက်ရာ ၁ မှ ၁၀ရက်နေ့တွင်ရောက်ရှိခဲ့ပြီးစစ်ပညာများသင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် ထားဝယ်စစ်ကြောင်းဖြင့်မြန်မာနိုင်ငံတွင်းချီတက်၍ဗြိတိသျှတို့ကိုတိုက်ခိုက်ခဲ့သည်။ ၁၉၄၂ ခုနှစ် ၂၇ ဇူလိုင်လတွင် ဘီအိုင်အေဖျက်သိမ်းပြီး ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)ဖွဲ့စည်းသောအခါဗိုလ်ကြီးအဆင့်ဖြင့် စက်အမြောက်တပ်ရင်းတွင်တာဝန်ထမ်းဆောင်ခဲ့သည်။ စက်အမြောက်တပ်ရင်းသည် ဖက်ဆစ်ဂျပန်များကို



သုတ်သင်ရာတွင်များစွာအောင်မြင်ခဲ့သည်ဗမာ့လွတ်လပ်ရေးတပ်မတော်ယိုးဒယားနိုင်ငံ၌ ဖွဲ့စည်းစဉ်ကသခင်စိုးသည်ဗိုလ်မှူးမြင့်အောင်နာမည်ဖြင့် စက်အမြောက်တပ်ရင်းကို စနစ်တကျဖွဲ့စည်းတည်ထောင်ခဲ့သည်။ ဖက်ဆစ်ဂျပန် တော်လှန်ရေးကာလတွင် တိုင်း၇ (သရက်၊အောင်လံ၊မကွေး၊မင်းဘူး) တွင်တာဝန်ကျပြီး စက်အမြောက်တပ်ရင်းကို ခေါင်းဆောင်၍ဖက်ဆစ်ဂျပန် တို့ကို တော်လှန်တိုက်ခိုက်ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးအပြီးတွင်နတ္တလင်းမြို့သို့ ဗိုလ်ချုပ်အောင်ဆန်းရောက်ရှိလာရာ ရဲဘော်သုံးကျိပ်ဝင်ဗိုလ်မြင့်အောင်၊ ဗိုလ်ဗလတို့နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။ ၁၉၄၅ခုနှစ်ဇွန်လ ၂၄ရက်နေ့နတ္တလင်းမြို့၌ ကိုယ့်ကိုယ်ကို သတ်သေခဲ့သည်။

၁၉၅၉ခုနှစ်မတ်လ(၂၇)ရက်နေ့တွင်မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုအတွက်ဗိုလ်မှူးမြင့်အောင်(သခင်စိုး)အားနိုင်ငံတော်ကလွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)ချီးမြှင့်ခဲ့သည်။

@@@@@@@@

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်မှူးမိုးညို(သခင်ကျော်စိန်)

## ဗိုလ်မှူးမိုးညို(သခင်ကျော်စိန်)
## လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)
## (၁၉၁၇- ၁၉၆၀)

လွတ်လပ်ရေးတိုက်ပွဲကြီးပမ်းမှုတွင်ရဲဘော်သုံးကျိပ်ဝင်များအဖြစ်ပါဝင်တိုက်ခိုက်ခဲ့သော ရဲဘော်များအနက် ဗိုလ်မှူးမိုးညိုလည်းတစ်ဦးအပါအဝင်ဖြစ်ခဲ့၏။ဗိုလ်မှူးမိုးညိုကို ၁၉၁၇ ခုနှစ် အောက်တိုဘာလ၆ရက်နေ့တွင် မိဘများဖြစ်ကြသော ဦးတရှင်၊ ဒေါ်ငွေသင်တို့မှ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရှမ်းစုရွာတွင်မွေးဖွားခဲ့၏၊အမည်ရင်းမှာမောင်ကျော်စိန်ဖြစ်၏

www.burmeseclassic.com

www.burmeseclassic.com



မောင်ကျော်စိန် ငယ်စဉ်ဘဝက ရန်ကုန်မြို့ ခရစ်ယန်သာသနာပြု စိန်ဂွန်းအထက်တန်းကျောင်း၊ ယခုလသာအထက(၂)တွင် ပညာသင်ကြားခဲ့သည်။ ဒသမတန်းအထိ ပညာသင်ကြားခဲ့သည်။ မောင်ကျော်စိန်သည် ၁၉၃၅ ခုနှစ်အသက် (၁၇) နှစ်အရွယ်တွင် တို့ဗမာအစည်းအရုံးသို့ဝင်၍ အမျိုးသားလွတ်လပ်ရေးတိုက်ပွဲ၏ ပထမခြေလှမ်းကို လှမ်းခဲ့စဉ် သခင်ကျော်စိန်ဖြစ်လာခဲ့၏။

ရန်ကုန်-အင်းစိန်ခရီးသည်တင် မော်တော်ယာဉ်လုပ်ငန်းဆောင်ရွက်ခဲ့သည်။ ၁၉၃၈ ခုနှစ် တို့ဗမာအစည်းအရုံးနှစ်ခြမ်းကွဲသောအခါ သခင်ထွန်းအုပ်၊ သခင်ဗစိန် တို့ဗမာအစည်းအရုံး၏ တာဝန်ပေးချက်အရ ၁၉၄၁ခုနှစ် မေလတွင် သခင်သစ်(ဗိုလ်စောနောင်)နှင့်အတူ ထိုင်းနိုင်ငံ မှ တစ်ဆင့် ဂျပန်နိုင်ငံသို့ သွားရောက်ရန် ကြိုးပမ်းစဉ် မဲဆောက်တွင် အဖမ်းခံရသည်၊ မဲဆောက်အချုပ်ခန်းတွင် နှစ်ရက်ကြာအချုပ်ခံရပြီးပြည်နှင်ဒဏ်ပေးခံရသည်။

ဂျပန်နိုင်ငံသို့စစ်ပညာသင်ကြားရန် ရွေးချယ်စေလွှတ်သည့် စတုတ္ထအသုတ်နှင့်အတူ ၁၉၄၁ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့တွင် ကိုရီယူမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့ မှထွက်ခွာ



ခဲ့ရာ ၁၉၄၁ ခုနှစ် ဇူလိုင်လ ၂၂ရက်နေ့တွင် ရှန်ဟိုင်းသို့ရောက်ရှိခဲ့သည်။ ဇူလိုင်လ (၂၄)ရက်နေ့တွင် ရှန်ဟိုင်း မှ လေယာဉ်ပျံဖြင့် ဂျပန်နိုင်ငံ ကျူးရှူးကျွန်း နာဂါဆာကီမြို့အနီးရှိ ရေတပ်စခန်းသို့ရောက်ရှိခဲ့သည်။ ၁၉၄၁ ခုနှစ် ဩဂုတ်လ ၈ရက်နေ့မှ ထွက်ခွာရာ ဟိုင်နန်ကျွန်းသို့ဩဂုတ်လ ၁၁ရက်နေ့ရောက်ရှိကာ စစ်ပညာများသင်ကြားခဲ့သည်။

သခင်ကျော်စိန်သည် ယိုးဒယားနိုင်ငံတွင် ဖွဲ့စည်းခဲ့သော ဗမာ့လွတ်လပ်ရေးတပ်မတော် နှင့် မြန်မာပြည်တွင်းသို့ချီတက်ရန်ပြင်ဆင်သောအခါဗိုလ်မိုးညို နာမည်ခံယူခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) မြန်မာနိုင်ငံတွင်း မချီတက်မီ ဗိုလ်မှူးကြီးနေဝင်းခေါင်းဆောင်သော ပြည်တွင်းသူပုန်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်တာဝန်ပေးအပ်ခြင်းခံရသောကြောင့် မြန်မာနိုင်ငံတွင်း ဝင်ရောက်ခဲ့ရာ ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ ၂ရက်နေ့တွင် ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်လင်းယုန်တို့နှင့်အတူရန်ကုန်မြို့သို့ရောက်ရှိခဲ့သည်။ ထိုအချိန်တွင် မြန်မာပြည်တွင်း၌ဖွဲ့စည်းထားသောလျှို့ဝှက်အဖွဲ့ အသည်း ဖြစ်သည့် ပြည်သူ့အရေးတော်ပုံပါတီမှ ဦးကျော်ငြိမ်းတို့နှင့် ဆက်သွယ်၍ ရန်ကုန်မြို့၊ ပဲခူးမြို့၊ မင်းလှမြို့၊ မြွေလေးမြို့၊ ရွှေ

www.burmeseclassic.com

www.burmeseclassic.com



မြို့များတွင် လျှို့ဝှက်၍ စစ်ပညာသင်တန်းများသင်ကြားပေးခြင်း၊စစ်လက်နက်ငယ်ပစ္စည်းများကိုင်တွယ်နည်းနှင့်ဖောက်ခွဲရေးပစ္စည်းများအသုံးပြုနည်းတို့ကိုမြန်မာမျိုးချစ်လူငယ်တို့အားသင်တန်းပေးခဲ့ရသည်။

မြန်မာတစ်နိုင်ငံလုံးကိုဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကတိုက်ခိုက်သိမ်းယူခဲ့ပြီးနောက်ဗိုလ်မိုးညိုသည်ဘီဒီအေခေါ် ဗမာ့ကာကွယ်ရေးတပ်မတော်၌တာဝန်ယူခဲ့ရ၏။ဂျပန်ဖက်ဆစ်တို့အားဗမာ့တပ်မတော်နှင့်ပြည်သူတစ်ရပ်လုံးကတွန်းလှန်တိုက်ပွဲဝင်သောအခါ ဗိုလ်မိုးညိုသည်တော်လှန်ရေးတိုင်းအမှတ် ၇ (သရက်မြို့၊အောင်လံမြို့၊မကွေးမြို့၊မင်းဘူးမြို့၊) တို့တွင် တာဝန်ယူခဲ့ပြီး ဗမာ့တပ်မတော် စက်မှုလက်မှုတပ်ရင်း(၂)ကို ဦးဆောင်ခဲ့သည်။

မြန်မာ့လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)ဆုတံဆိပ်ချီးမြှင့် ခံခဲ့ရပြီး အင်းစိန် ရန်ကုန်မော်တော်ယာဉ်သယ်ယူပို့ဆောင်ရေးအဖွဲ့နှင့်မသန်မစွမ်း ရဲဘော်ဟောင်းရိပ်သာသမိုင်းအုပ်ချုပ်ရေးမှူးတာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၆၀ ပြည့်နှစ် ဧပြီလ ၉ရက်အသက်၄၃နှစ်အရွယ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။



www.burmeseclassic.com





ဗိုလ်မှူးဉာဏ(သခင်မောင်မောင်)



## ဗိုလ်မှူးဉာဏ(သခင်မောင်မောင်)
## လွတ်လပ်ရေးမော်ကွန်းဝင်(တတိယဆင့်)
## (၁၉၁၄- ၁၉၄၂)

မြန်မာ့လွတ်လပ်ရေးတိုက်ပွဲဝင်ရဲဘော်သုံးကျိပ်များအနက် ဗိုလ်မှူးဉာဏကိုတောင်ငူခရိုင် ဖြူးမြို့နယ်ကျောက်တောင်ကျေးရွာ၌ခရစ်နှစ် ၁၉၁၄ခုနှစ်တွင်မိဘများဖြစ်ကြသောလယ်သမားကြီးဦးဘပု၊ဒေါ်မြစ်တို့မှ မွေးဖွားခဲ့သည်ငယ်နာမည်မှာ မောင်မောင်ဖြစ်သည်။

ကညွတ်ကွင်းမြို့တွင် သတ္တမတန်းအထိပညာသင်ကြားခဲ့၏၊ ဖြူးမြို့တို့ဗမာအစည်းအရုံးနှင့် ဆက်သွယ်၍မူလနာမည်ရင်း မောင်မောင် မှ သခင်မောင်မောင်ဖြစ်လာခဲ့သည်၊သခင်မောင်မောင်၏ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တို့ တက်ကြွလာခဲ့ပြီးနိုင်ငံရေးကိုတက်ကြွစွာဆောင်ရွက်ခဲ့၏၊သခင်မောင်မောင်သည် ဖြူးမြို့နယ် တို့ဗမာအစည်းအရုံးခေါင်းဆောင် သခင်စံလှိုင်၏အစီအမံဖြင့်ရန်ကုန်သို့ခေါ်သွားကာ သခင်ကိုယ်တော်မှိုင်းနှင့်သခင်မြ တို့ဗမာအစည်းအရုံးမှ ဗိုလ်ဉာဏအား ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန်ရွေးချယ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



စစ်တုတ္တအသုတ်နှင့်အတူ၁၉၄၁ခုနှစ်ဇူလိုင်လ ၈ရက်နေ့တွင် တိုရိုယူမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ဇူလိုင် ၂၂ရက်နေ့တွင်ရှန်ဟိုင်းသို့ရောက်ရှိခဲ့သည်၊ ၁၉၄၁ခုနှစ် ဩဂုတ်လ ၈ရက်နေ့တွင် တိုကျိုမှဟိုင်နန်ကျွန်းသို့ လေယာဉ်ပျံဖြင့် သွားရောက်ရာ ဩဂုတ်လ ၁၁ရက်နေ့ တွင် ရောက်ရှိခဲ့ပြီး စစ်ပညာသင်ကြားခဲ့သည်။

ယိုးဒယားနိုင်ငံတွင်ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကို ဖွဲ့စည်း တည်ထောင်သောအခါ သခင်မောင်မောင်သည် ဗိုလ်ဉာဏနာမည်ကို ခံယူခဲ့သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးသည် မြန်မာနိုင်ငံအတွင်းသို့ ချီတက်ဝင်ရောက်၍ ဗြိတိသျှနယ်ချဲ့စစ်တပ်ကြီးကို တိုက်ခိုက်မောင်းနှင်ထုတ်သော စစ်ပွဲ၌ ဗိုလ်ဉာဏသည် ထားဝယ်စစ်ကြောင်းမှနေ၍ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကိုဦးစီးချီတက်ခဲ့သည်။ ဗိုလ်ဉာဏ ဦးဆောင်ပါဝင်သော ထားဝယ်စစ်ကြောင်း မှချီတက်လာသည့် ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးသည် ၁၉၄၂ ခုနှစ် မတ်လ၈ရက်နေ့တွင်ရန်ကုန်မြို့တွင်းသို့ချီတက်သိမ်းပိုက်ခဲ့သည်။

ထိုအချိန်အကြိုပက်စက်လှသောဗြိတိသျှနယ်ချဲ့အစိုးရသည်မြန်မာနိုင်ငံဖာပွန်မြို့ဝန်းကျင်၌ကရင်အမျိုးသား လက်



နက်ကိုင်တပ်ဖွဲ့ကို လက်နက်အပြည့်အစုံဖြင့်ခိုအောင်းနေစေခဲ့ကာ အချင်းချင်းပြန်တိုက်လိုသောစိတ်ဖြင့် မြှောက်ပေးခဲ့၏။ ကရင်လက်နက်ကိုင်တပ်သားတို့သည် မြန်မာကျေးရွာမြို့နယ်များကို ဝင်ရောက်သိမ်းယူဖျက်ဆီး၍ ဗြိတိသျှနယ်ချဲ့အစိုးရအလိုကျ ဆောင်ရွက်ခဲ့ကြသည်။ ရန်ကုန်မြို့ရှိ ဘီအိုင်အေ ဗမာ့လွတ်လပ်ရေးတပ်မတော်သည်တပ်မှူးဗိုလ်ဉာဏဦးဆောင်ကြီးမှူးသော ဘီအိုင်အေ တပ်သားကို ဖာပွန်မြို့သို့ စေလွှတ်ခဲ့သည်။ဗိုလ်မှူးဉာဏဦးဆောင်သော ဘီအိုင်အေတပ်မတော်နှင့် ဗြိတိသျှစစ်ကျွန်ကရင်လက်နက်ကိုင်တပ်ဖွဲ့တို့ ရင်ဆိုင်တိုက်ပွဲဖြစ်ခဲ့ရာရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးဉာဏကျည်ဆံထိမှန်၍ ကျဆုံးခဲ့၏။

ထိုအချိန်မှာ ၁၉၄၂ ခုနှစ်ဧပြီလ၄ရက်နေ့ဖြစ်ပြီးဗိုလ်မှူးဉာဏမှာထိုအချိန်ကအသက်(၂၈)နှစ်အရွယ်သာရှိသေး၏

၁၉၅၉ခုနှစ်မတ်လ(၂၇)ရက်နေ့တွင်မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုဖြင့် နိုင်ငံတော်က လွတ်လပ်ရေးမော်ကွန်းဝင်(တတိယဆင့်)တံဆိပ် ချီးမြှင့်ဂုဏ်ပြုခဲ့၏။

@@@@@@@@

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်မှူးစောအောင်(သခင်ငွေ)

## ဗိုလ်မှူးစောအောင်(သခင်ငွေ)
## လွတ်လပ်ရေးမော်ကွန်းဝင်(တတိယဆင့်)
## (၁၉၁၄- ၁၉၄၂)

လွတ်လပ်ရေး တိုက်ပွဲတွင် ကြိုးပမ်း အားထုတ်ခဲ့ကြသောရဲဘော်သုံးကျိပ်များအနက်ဗိုလ်မှူးစောအောင်ကို၁၉၁၄ ခုနှစ် ဧပြီလ ၂၈ရက် ၁၂၇၆ ခုနှစ် ကဆုန်လဆန်း ၅ ရက် တနင်္လာနေ့တွင် ရန်ကုန်မြို့ကမာရွတ်ရှမ်းစုရပ်ကွက်တွင်နေထိုင်သူဖခင်ကျောက်ကုန်သည်ကြီးဦးဘိုးညွန့်၊မိခင်ဒေါ်ရွှေမှုတ်တို့မှမွေးဖွားခဲ့၏၊အမည်ရင်းမှာမောင်ငွေဟုအမည်ပေးခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



မောင်ငွေသည်နယ်ချဲ့ဆန့်ကျင်ရေးနှင့်အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများကိုဝင်ရောက်ဆောင်ရွက်သည့်အခါ သခင်ငွေဟုအမည်တွင်ခဲ့သည်၊ သခင်ငွေတွင်ညီအစ်ကိုသုံးယောက်ရှိခဲ့ရာအကိုဖြစ်သူသခင်အောင်တင်၊ညီဖြစ်သူသခင်သစ်သည် နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုစာရင်းတွင် ရှေ့တန်းမှပါဝင်ခဲ့သော သခင်ခေါင်းဆောင်များ ဖြစ်ကြသည်။

သခင်ငွေသည် အင်္ဂလိပ်-မြန်မာ သတ္တမတန်းအထိ ပညာသင်ကြားခဲ့သည်။ တို့ဗမာအစည်းအရုံးမှ ဦးဆောင်ဖွင့်လှစ်ခဲ့သော ကမာရွတ် တို့ဗမာစာဖတ်အသင်း တည်ထောင်သောအခါသခင်ငွေသည် အားကြိုးမာန်တက်ပါဝင်ဆောင်ရွက်ခဲ့သည်၊တို့ဗမာအစည်းအရုံးကြီး နှစ်ခြမ်းကွဲခဲ့စဉ်ကမူသခင်ငွေအပါအဝင် သခင်ညီနောင်သုံးဖော်တို့သည်သခင်ဗစိန်နှင့်သခင်ထွန်းအုပ်တို့ပါဝင်သည့်အဖွဲ့တွင် ပါဝင်ဆောင်ရွက်လာခဲ့၏။

ရပ်ကွက်တွင်း သာရေးနာရေးကိစ္စများ ကြုံလာလျှင် သခင်ငွေသည် ရှေ့ဆုံးက ပါဝင်ခဲ့၏။ ၁၉၃၈ ခုနှစ် တို့ဗမာအစည်းအရုံး နှစ်ခြမ်းကွဲပြားသောအခါ ၁၉၄၁ခုနှစ်ဇူလိုင်လ ၈ရက်နေ့တွင် မြန်မာမျိုးချစ်လူငယ် စတုတ္ထအသုတ်နှင့်အတူ ကိုရီယူမာရူးသင်္ဘောဖြင့်ရန်ကုန်မြို့မှထွက်ခွာခဲ့ရာ၁၉၄၁ ခုနှစ်



ဇူလိုင်လ ၂၂ရက်နေ့တွင် ရှန်ဟိုင်းသို့ရောက်သည်၊ ရှန်ဟိုင်းမှ လေယာဉ်ပျံဖြင့် ဂျပန်နိုင်ငံ ကျူးရှူးကျွန်း နာဂါစကီမြို့အနီးရှိ ရေတပ်စခန်းသို့ ရောက်ရှိခဲ့သည်။ ၁၉၄၁ ခုနှစ် ဩဂုတ်လ ၈ရက်နေ့တွင်တိုကျိုမှ ဟိုင်နန်ကျွန်းသို့ လေယာဉ်ဖြင့်သွားရောက်ရာ ၁၉၄၁ ခုနှစ် ဩဂုတ်လ၁၁ရက်နေ့တွင် ရောက်ရှိခဲ့၏၊ ဟိုင်နန်ကျွန်းနှင့်ထိုင်ဝမ်ကျွန်းတို့တွင် စစ်ပညာသင်ကြားခဲ့၏။

ယိုးဒယားနိုင်ငံတွင်ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကို ဖွဲ့စည်းသောအခါသခင်ငွေသည် ဗိုလ်စောအောင်ဟုမှည့်ခေါ်ခဲ့၏။ ၁၉၄၁ ခုနှစ်ဇန်နဝါရီလ(၁)ရက်နေ့တွင်ဗမာ့လွတ်လပ်ရေးတပ်မတော်မြန်မာနိုင်ငံအတွင်းသို့စစ်ကြောင်းကြီးများ ဖြန့်၍ ချီတက်ခဲ့စဉ် ကော့သောင်းစစ်ကြောင်း ထားဝယ်စစ်ကြောင်း၊ မြဝတီစစ်ကြောင်း ၊ဖာပွန်စစ်ကြောင်းတို့ကို ခွဲလိုက်သောအခါဗိုလ်မိုး၊ဗိုလ်ဇင်ယော်တို့နှင့်အတူ ဖာပွန်စစ်ကြောင်းမှ ပါဝင်တိုက်ခိုက်ခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်၏စစ်ဦးစီးခေါင်းဆောင်များဖြစ်ကြသော ဗိုလ်မိုးကြိုး၊ဗိုလ်တေဇ သခင်ထွန်းအုပ်တို့ ပါဝင်သောတပ်ခွဲများနှင့်အတူဗိုလ်စောအောင်လိုက်ပါခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၃၀၃ ခုနှစ်တပေါင်းလဆန်း၁၃ရက်နေ့တွင် ဗိုလ်စောအောင်တို့တပ်များသည်တောင်ငူခရိုင်၊ရွှေကျင်မြို့ကို ဝင်ရောက်သိမ်းပိုက်ခဲ့ရာ အင်္ဂလိပ်တပ်များနှင့် အပြင်းအထန်တိုက်ပွဲဖြစ်ခဲ့ပြီး ဗိုလ်စောအောင်သည် ရန်သူ့ကျည်ဆန်သင့်၍ ကျဆုံးခဲ့၏။ ကျဆုံးခဲ့သောအချိန်အခါမှာ ၁၉၄၂ ခုနှစ်ဖေဖော်ဝါရီလ ၂၆ ရက်နေ့လယ်၁၁နာရီ ဖြစ်၏။

နယ်ချဲ့ဆန့်ကျင်ရေးအမျိုးသားလွတ်မြောက်ရေးတိုက်ပွဲတွင်ရန်သူကိုချေမှုန်းရင်းတပ်ဦးမှ ကျဆုံးခဲ့ရသော ရဲဘော်သုံးကျိပ်ဝင်ဗိုလ်စောအောင်အား ဂုဏ်ပြုသောအားဖြင့်ရွှေကျင်မြို့ပျဉ်းမပင်ရပ်ကွက်အားဗိုလ်စောအောင်ရပ်ကွက်ဟုလည်းကောင်း၊ ညဈေးလမ်းအားဗိုလ်စောအောင်လမ်းဟုလည်းကောင်း၊ဂျပန်ခေတ်ကပင် အမည်ပေးခဲ့ပြီးရွှေကျင်မြို့ရှိဗိုလ်စောအောင် အထိမ်းအမှတ်ကျောက်တိုင်ကိုလည်းထိုအချိန်ကပင်အမှတ်တရစိုက်ထူပေးခဲ့ကြ၏၊၁၉၅၉ခုနှစ်မတ်လ(၂၇)ရက်နေ့တွင်မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုဖြင့်လွတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်)ချီးမြှင့်ဂုဏ်ပြုခဲ့၏။

@@@@@@@@@

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်ကျော်ဇော(ကိုရွှေ)

## ဗိုလ်ကျော်ဇော(ကိုရွှေ)
## လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)
## (၁၉၁၈- ၂၀၁၂)

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် ရဲဘော်သုံးကျိပ်ဝင်အဖြစ် ပါဝင်တိုက်ခိုက်ခဲ့သော ဗိုလ်ကျော်ဇောကို၁၉၁၈ခုနှစ် နိုဝင်ဘာလ၃၀ရက်နေ့တွင်သာယာဝတီခရိုင် သုံးဆယ်မြို့နယ် ဆိုင်းစုကျေးရွာ၌ မိဘဖြစ်သောဦးပန်း၊ ဒေါ်တင့်တို့မှ မွေးဖွားခဲ့၏။ နာမည်ရင်းမှာ ကိုရွှေဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သုံးဆယ်မြို့ အစိုးရအထက်တန်းကျောင်းတွင်အထက်တန်း အဆင့်ထိပညာသင်ကြားခဲ့သည်။ သာယာဝတီမြို့ တိုင်းရင်းမြန်မာကျောင်းတွင် ကျောင်းဆရာအဖြစ် အမှုထမ်းခဲ့သည်၊ ဂျပန်နိုင်ငံစစ်ပညာသင်ရန် စေလွှတ်သည့်ဒုတိယအသုတ်နှင့် အတူ ၁၉၄၁ ခုနှစ် ဧပြီလ ၁၃ရက်နေ့တွင် ကိုရှီမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှထွက်ခွာခဲ့ရာဧပြီလ ၂၈ရက်နေ့တွင်ဂျပန်နိုင်ငံ အိုဆာကာမြို့သို့ ရောက်ရှိခဲ့၏။ မေလ ၉ ရက်နေ့တွင် တိုကျိုမှ လေယာဉ်ပျံနှင့်ထွက်ခွာလာရာ မေလ၁၀ရက်နေ့တွင် ဟိုင်နန်ကျွန်းသို့ရောက်ရှိပြီး စစ်ပညာသင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ) စစ်ဌာနချုပ်နှင့်မော်လမြိုင်စစ်ကြောင်းဖြင့်မြန်မာနိုင်ငံတွင်း ချီတက်၍ ဗြိတိသျှတို့ကိုတိုက်ခိုက်ခဲ့သည်၊ ၁၉၄၂ ခုနှစ်တွင်ဘီအိုင်အေကို ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)ဖွဲ့စည်း သောအခါ ဗိုလ်ကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၄ခုနှစ်ဇူလိုင်လ(၂၇)ရက်နေ့တွင်ဗိုလ်ချုပ်အောင် ဆန်းနေအိမ်၌ ကျင်းပသောဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ဖွဲ့စည်း ရေးအစည်းအဝေးသို့တက်ရောက်ခဲ့သည်၊ ၁၉၄၅ခုနှစ်မတ်လ (၁)ရက်မှ(၃)ရက်နေ့အထိဗိုလ်ချုပ်အောင်ဆန်းနေအိမ်၌ ကျင်း



ပသော ဖတပလ အစည်းအဝေးသို့တက်ရောက်ခဲ့ပြီး အစည်း အဝေးတွင်ဖက်ဆစ်ဂျပန်တို့အားတော်လှန်တိုက်ခိုက်ရန် အစီ အစဉ်များ ချမှတ်ခဲ့သည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေး ကာ လကတိုင်းမှူးအဖြစ်တာဝန်ယူကာဖက်ဆစ်ဂျပန်များကိုတော် လှန်တိုက်ခိုက်ခဲ့သည်။

၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၂ရက်နေ့တွင် ဗမာ့တပ်မ တော်ခေါင်းဆောင်အရာရှိကြီးများ အစည်းအဝေးသို့ တက် ရောက်ခဲ့သည်။ ၁၉၄၅ ခုနှစ် စက်တင်ဘာလတွင် ဗိုလ်ချုပ် အောင်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ သီဟိုဠ်နိုင်ငံ ကန္ဒီမြို့သို့ သွားရောက်ရာတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ၁၉၄၅ ခုနှစ် ဒီဇင်ဘာလ ၁၅ရက်နေ့တွင် ဗမာ့တပ်မတော်၌ဒုတိယဗိုလ်အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၈ခုနှစ်တွင်မြောက်ပိုင်းတိုင်းတိုင်းမှူးအဖြစ်လည်းကောင်း၊ ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၄ရက်နေ့တွင် တောင်ပိုင်းတိုင်း တိုင်းမှူးအဖြစ်လည်းကောင်းဆောင်ရွက်ခဲ့သည်။

၁၉၅၂ ခုနှစ်တွင်မြန်မာစစ်မစ်ရှင် ဒုတိယအဖွဲ့ခေါင်း ဆောင်အဖြစ် အင်္ဂလန်၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ ဘယ်ဂျီယမ်၊ နော်ဝေ၊ ဆွီဒင်နှင့်ယူဂိုဆလားဗီးယားနိုင်ငံများသို့ သွားရောက်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ၁၉၅၃ခုနှစ်တွင်မြောက်ပိုင်းတိုင်းတိုင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဗမာ့တပ်မတော်တွင် ဗိုလ်မှူးချုပ်အဆင့်အထိတာဝန်ထမ်းဆောင်ခဲ့သည်၁၉၅၄ခုနှစ်တရုတ်ဖြူကူမင်တန် (kuomintan) တပ်များကို ဘုရင့်နောင်စစ်ဆင်ရေးဖြင့်လည်းကောင်း၊၁၉၅၅ခုနှစ်တွင် ရန်ကြီးအောင်စစ်ဆင်ရေးဖြင့်လည်းကောင်း၊ တိုက်ခိုက်ချေမှုန်းခဲ့သည်။ ၁၉၅၅ ခုနှစ်စက်တင်ဘာလတွင် စစ်ဘက်ချစ်ကြည်ရေးမိတ်ဆက်အဖွဲ့အဖွဲ့ဝင်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည်။

ဗမာ့တပ်မတော်မှ ၁၉၅၆ အောင်မာယထိုးစစ်ဆင်နွှဲစဉ်ဗကပဌာနချုပ်သို့ ရဲဘော်ကြီးမြင့်နှင့်ဗိုလ်ကျော်ဇောတို့ပေးပို့သောစစ်ရေးထိပ်တန်းလျှို့ဝှက်သတင်းများပါရှိသည့် စာရွက်စာတန်းများကို သိမ်းဆည်းမိခဲ့သည်။ ထိုကိစ္စကြောင့် ၁၉၅၇ခုနှစ် မတ်လ(၆)ရက်နေ့တွင် ဒုတိယဗိုလ်မှူးကြီးအဆင့်ဖြင့်ဗမာ့တပ်မတော်မှအငြိမ်းစားပေးခြင်းခံရသည်။

၁၉၆၀ပြည့်နှစ်တတိယအကြိမ်ပါလီမန် ရွေးကောက်ပွဲတွင်တသီးပုဂ္ဂလအမတ်လောင်းအဖြစ်ကြည့်မြင်တိုင်တောင်ပိုင်းမဲဆန္ဒနယ်မှဝင်ရောက်အရွေးခံရာရှုံးနိမ့်ခဲ့သည်။ ၁၉၆၁ခု



နှစ်ဖေဖော်ဝါရီလ ၂၇ရက်နေ့တွင်တရုပ်ပြည်ကျူးကျော်မှု ဆန့်ကျင်ရေးကော်မတီ အမျိုးသားကော်မတီဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်၊ ၁၉၆၃ခုနှစ်တော်လှန်ရေးကောင်စီနှင့်တောတွင်းလက်နက်ကိုင်အဖွဲ့များဆွေးနွေးပွဲကျင်းပစဉ်ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ချုပ်ဒုဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။

၁၉၇၆ ခုနှစ် ဇူလိုင်လ၁၈ရက်နေ့တွင် ရန်ကုန်မြို့မှတရုတ်နိုင်ငံသို့လျှို့ဝှက်ထွက်ခွာသွားပြီး ၁၉၇၆ခုနှစ်ဩဂုတ်လ၁၀ရက်နေ့တွင် ဗကပဗဟိုဌာနချုပ်၌ စစ်အကြံပေးနှင့် စစ်ကော်မရှင်အဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့သည် ဗကပဗဟိုစစ်ဦးစီးဌာန၊ ဗဟိုစစ်ကော်မရှင်တွင်ပထမ၊ဒုတိယဥက္ကဋ္ဌတာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၅၅ ခုနှစ်ဇန်နဝါရီ ၁၀ရက်နေ့ ယူဂိုစလားဗီးယားသမ္မတ တီတိုး၏စစ်သည်တော်ကောင်း(ပထမဆင့်)နှင့်၁၉၅၉ခုနှစ်မတ်လ(၂၇)ရက်နေ့မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)ချီးမြှင့်ခဲ့၏။

ရဲဘော်သုံးကျိပ်ဝင်ဗိုလ်မှူးချုပ်ကျော်ဇောသည် ၂၀၁၂ အောက်တိုဘာလ၁၀ရက်နေ့အပေး၊မြေတစ်နေရာတွင် ကွယ်လွန်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့နှင့် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးချုပ်ကျော်ဇော သည် ၂၀၁၂ ခုနှစ် အောက်တိုဘာလ၁၀ရက်နေ့၌အဝေးမြေ တစ်နေရာတွင် ကွယ်လွန်ခဲ့လေသည်။

@@@@@@@@

BURMESE CLASSIC

www.burmeseclassic.com